


Scanned with ACE Scanner




Scanned with ACE Scanner

တက္ကသိုလ် ဝင်းကြွယ်

# ပန်းစကြာစာရေးသမား

စာစဉ်(၆)

Scanned with ACE Scanner

# အခန်း(၁)

ခြေပျံနတ်ဆိုး ကုခွမ်းချင်၏ အပြင်းထန်ဆုံး ကြောက်စရာ အကောင်းဆုံး လက်နက်မှာ သူ၏ခြေထောက်တစ်စုံသာလျှင် ဖြစ်၏။

ထန်မုံ၊ ထန်ဖိန်နှင့် ထန်ဖန်းတို့သည် စတင်တိုက်ခိုက်သည် နှင့် သူ့ခြေထောက်အစုံကို အဓိကထားရင်ဆိုင်သည်။ လက်နက် ပုန်းဖြင့် ပစ်ပေါက်သည်။

ကုခွမ်းချင် ကြိုးစားရှောင်ရှားသော်လည်း အကွက်သုံးကွက် အတွင်းမှာပင် သူ့ပေါင်နှစ်ဖက်တွင် အပ်သုံးချောင်း၊ မြားသုံးစင်း၊ သံလုံးငါးလုံး ထိမှန်ပြီးဖြစ်နေသည်။

ပို၍ဆိုးရွားသည်မှာ ထန်မုံက သူ့ဘယ်ဘက်ဒူးခေါင်းကို ကျောက်ထမ်းပိုးဖြင့် ရိုက်ချိုးချေမွလိုက်ခြင်းဖြစ်၏။

ကုခွမ်းချင်မှာ သေလုမတတ်နာကျင်ကာ အော်ဟစ် ညည်းညူ ရန် ကြိုးစားသည်။

သို့သော် သူ့အတွက် ညည်းညူချိန်၊ စကားပြောချိန်၊ မော ဟိုက်ချိန် မရလိုက်။

ရောက်ဃိလင်က လျှပ်ပြက်သလို ရောက်ရှိလာပြီး သူ့ဝိညာဉ် ကို ဓားချက်တစ်ချက်တည်းဖြင့် ခန္ဓာကိုယ်မှာ လွင့်စဉ်ဖယ်ခွာသွား ခွင့် ပေးလိုက်တော့သည်။

Scanned with ACE Scanner

ကုန္တမ်းချင်း ဆွေးဆွေးမြည့်မြည့် အော်ဟစ်လျက် ကျောက်ဆောင်ထက်မှ အောက်သို့ ပြုတ်ကျသွားတော့သည်။

ဆူညံအော်ဟစ်တိုက်ခိုက်သံတို့ လုံးဝ တိတ်ဆိတ်သွားပြီ။ ကျောက်တောထဲတွင် ဩဇာအာဏာဂိုဏ်းသားတို့ တစ်ယောက်မျှ အသက်ရှင်လျက်မရှိကြ။

ပန်းချောင်းဓားဂိုဏ်းသားများထဲတွင် အလစ်လုပ်ကြံ သတ်ဖြတ်သည်ကို လည်စင်းပေးခဲ့ကြသော လူဆယ့်နှစ်ယောက်မှတစ်ပါး တစ်ယောက်မျှ အကျအဆုံးမရှိကြ။

ပန်းချောင်းဓားဂိုဏ်း သူရဲကောင်းများက သူတို့၏ ညီတော်နောင်တော်တို့အတွက် ငွမ်းငွမ်းတမံ ကလဲ့စားချေပေးခဲ့ကြသည်။

ပြီးနောက် ပူဇော်ကန်တော့ကြသည်။

စွန်းလင်တူသည် ထိုအဖြစ်အပျက်ကိုတွေ့ရလျှင် နာကျင်စွာ ညည်းညူရင်း မျှော်လင့်ချက်မရှိတော့ကြောင်း နားလည်လာသည်။

အလစ်အငိုက်တွင် ကျိုချူချောက်လန်ကို တအားကုန်ရုန်းသည်။ ခြေကန်ချက်တစ်ချက်က ထက်ဝင်းရွှဲ့ကို ကန်ကျောက် ဖယ်ရှားသည်။

ဓားနှစ်လက်ဖေ့ယမ်းကာ ကျိုချူချောက်လန်နှင့် ချူးနန်းကုတို့ကို ဆုတ်ခွာစေသည်။

ထို့နောက် သူဖောက်ထွက်ရန် ကြိုးစားသည်။ ခြေလှမ်းအနည်းငယ်သာ ထိုးဖောက်လိုက်ရသေးသည်။

မာကျင်ကျူးနှင့် အိုယန်စန်းယီတို့က သူ့ကို တားဆီးထားသည်ကို တွေ့ကြုံရပြန်သည်။

စွန်းလင်တူ သက်ပြင်းရှည်တစ်ချက် ချလိုက်သည်။

Scanned with ACE Scanner

ထို့နောက် သူ့ဓားနှစ်စင်းဖြင့် သူ့ရင်ဘတ် ဝမ်းဗိုက် အတွင်းသို့ ထိုးသွင်းကာ ကိုယ့်တရား ကိုယ်စီရင်သွားတော့သည်။

ရောက်ယိလင်သည် ကျန်ရှိနေသေးသည့် သူ့ဂိုဏ်းသားများကို ရေတွက်စစ်ဆေးသည်။

လူပေါင်းတစ်ရာ တစ်ဆယ့်ရှစ်ယောက် ကျန်ရှိနေသေးသဖြင့် သူအလွန်ပင် ကျေနပ်သဘောကျသွားသည်။

ဤတိုက်ပွဲတွင် သူ့အနေနှင့် လေးညှို့ကြိုးကို အစွမ်းကုန်တင်သည်။ လေးကြိုးတင်ပြီးမှ ပစ်မှတ်ကို အသေအချာ ချိန်ရွယ်ကာ အားအင်အပြည့်ဖြင့် ပစ်ခတ်သည်။

ညှို့ကြိုးမှလွှတ်သည်နှင့် ပစ်မှတ်ကို တိတိကျကျ နက်နက်ရှိုင်းရှိုင်း စိုက်ဝင်သည်ဟု သူထင်မှတ်ကာ ပီတိဖြစ်နေမိသည်။

ထန်ဖန်းမှာ ရောက်ယိလင်၏ နည်းဗျူဟာသဘောကို နားလည်သော်လည်း ဘဝင်မကျ။

ရောက်ချူးရွှေသာဆိုလျှင် မိမိဘက်သား တစ်ယောက်၏ အသက်ကို အသားလွတ်စတေးခြင်းပြုမည် မဟုတ်။

ရန်သူကို တိုက်ပြီးခိုက်ပြီးမှ အသေခံသွားစေမည် ဖြစ်သည်ဟု နားလည်သဘောပေါက်သည်။

ရောက်ယိလင်သည် တိုက်ပွဲအောင်မြင်မှုအတွက် သူ့ကိုယ်သူ ကြိတ်၍ ကျေနပ်ပီတိဖြစ်ကာ ကျောက်တောထဲမှ ဆက်လက်ထွက်ခွာလာခဲ့တော့သည်။ နောက်နှစ်ရက်ခန့်ကြာလျှင် သူတို့သည် ထန်းရေအိုင်နယ်သို့ ရောက်လာကြသည်။

ထန်းရေအိုင်နယ်သည် စတုရန်းမိုင်သုံးရာခန့် ကျယ်ဝန်းပြီး ပန်းပင်များ ပေါများဖူးပွင့်ရာဒေသ ဖြစ်သည်။

Scanned with ACE Scanner

သဘာဝရှုခင်းက အလွန်လှပကာ ထန်းရေကန်ကြီး တည်ရှိနေခြင်းက ထိုနယ်ကို ထင်ရှားလူသိများစေသည်။

ထိုနယ်တွင် ပိကျိုတောင်၊ ကျင်းမာတောင် နှစ်တောင်က နာမည် ထင်ရှားသည်။

ပန်းပေါင်းစုံဖူးပွင့်ကာ လက်ဖက်စိုက်ပျိုးရန် အကောင်းဆုံးသောဒေသလည်း ဖြစ်သည်။

ထိုတောင်နှစ်တောင်နှင့် အပြိုင် အရှိန်အဟုန်ကြီးသော တောင်တစ်တောင်လည်း ရှိသေးသည်။ ထန်ချမ်းတောင်ဟူ၏။

ထန်ချမ်းတောင်သည် တာလီပြည်နယ် အနောက်ပိုင်းတွင် တည်ရှိ၍ စုစုပေါင်း တောင်ကုန်း ဆယ့်ကိုးလုံးရှိသည်။

စတုရန်းမိုင်ပေါင်း သုံးရာခန့် ကျယ်ဝန်းရှည်လျားသည်။

ထန်ချမ်းတောင်၏ တောင်ဘက်တံခါးတွင် ထန်မင်းဆက်က တည်ဆောက်ထားသော စေတီဟောင်းလေးတစ်ဆူရှိသည်။

လေးထောင့်စပ်စပ် ပေနှစ်ရာကျော်ခန့် မြင့်မားသည်။

ထန်ချမ်းတောင်သည် တာလီကျောက်အမျိုးအစား ထွက်ပေါ်ခြင်းကြောင့် ထင်ရှားသည်။

ထို့ပြင် သိုင်းလောကတွင် ရှောင်လင်း ဝူတန်ဂိုဏ်းတို့မှလွဲ၍ ကျန်ဂိုဏ်းကြီးဆယ့်လေးဂိုဏ်းတွင် ထန်ချမ်းဂိုဏ်းသည်လည်း အပါအဝင် ဖြစ်၏။

ထန်ချမ်းဂိုဏ်းချုပ် လင်ရွှမ်းဖူးသည် လူ့ခန္ဓာကိုယ်၏ သေကွင်း သေကွက် သွေးကြောသုံးဆယ့်ခြောက်ကွက်၊ အဓိကသွေးကြောကွက်၊ ခနစ်ဆယ့်နှစ်ကွက်၊ သွေးကွက်ငယ် တစ်ရာ့ရှစ်ကွက်တို့ကို ရိုက်သော သံကလောင်တံ တိုက်ကွက်တွင် ထူးချွန်ထက်မြက်သည်။

သူ့တွင် တပည့်တပန်းများလှသော်လည်း ရှိသမျှ တပည့်များမှာ မာကျောသော အရည်အချင်း ပြည့်ဝသူများချည်းသာဖြစ်၏။

ဂိုဏ်းသားတစ်ရာကျော်ခန့်ရှိပြီး တရုတ်ပြည်လယ်ပိုင်း ဒေသနှင့် ယွမ်နန်တို့တွင် ပျံ့နှံ့နေသည်။

ဗဟိုဌာနချုပ်စခန်းတွင်မူ လူအယောက်သုံးဆယ်ကျော်သာ နေထိုင်သည်။

ထိုသိုင်းဂိုဏ်းကြီး ဆယ့်ခြောက်ဂိုဏ်းတွင်ပါဝင်သော ထန်ချမ်းဂိုဏ်း၏ ဂိုဏ်းသားနှင့် ဂိုဏ်းချုပ်များ ထိုနေ့ ထိုရက်တွင် ထန်ချမ်းဂိုဏ်း၏ အချက်အခြာ နေရာဖြစ်သော တောင်ဘက်တံခါး ရှေးဟောင်း စေတီကလေးအနီး၌ အတုံးအရုံးပင် လုပ်ကြံသတ်ဖြတ်ခြင်း ခံခဲ့ကြရ၏။

ဂိုဏ်းချုပ် လင်ချွမ်ဖူး၏ ဦးခေါင်းက သူ့သံလောင်တံဖြင့် အရိုက်ခံရပြီး ကွဲကြေသေဆုံးနေ၏။

သူ့ဂိုဏ်းသားများမှာ နဖူးတည့်တည့်တွင် အနီစက်ကလေးတစ်စက် ထင်ကျန်လျက် သေဆုံးကြရ၏။

ယွင်နန်နယ် ပန်းချောင်းဓားဂိုဏ်းစခန်းငယ်လေးမှ လူများ သေပုံသေနည်းအတိုင်းပင် ဖြစ်တော့၏။

※ ※ ※

ရှောက်ယိလင်သည် ထန်းရေအိုင်ကြီးနှင့် မျက်နှာချင်းဆိုင်တွင် တည်ရှိသော တာ့ကွမ်း ပျော်ပွဲစားရုံပေါ်သို့ တက်လာခဲ့သည်။

သူ့နောက်တွင် သူ့ဂိုဏ်းသား တစ်ရာ့ဆယ့်ရှစ်ယောက်နှင့် ကျန်လူများလည်း လိုက်ပါလာကြသည်။

တာ့ကွမ်း ပျော်ပွဲစားရုံအပေါ်ထပ်မှ စီး၍ ကြည့်လိုက်လျှင် ထန်းရေအိုင်နယ်တစ်ခုလုံး၏ သာယာတင့်မောဖွယ်ရာ ရှုခင်းများကို တပြန့်တပြော မြင်တွေ့နိုင်ပေသည်။

ရောက်ယိလင် ဤပျော်ပွဲစားရုံအပေါ်သို့ တက်လာခြင်းမှာ ရှုခင်းဆန်းများကို ကြည့်ရှုလို၍မဟုတ်။

မိမိတို့နောက်သို့ လိုက်လံနေသူများကို လေ့လာအကဲခတ်နိုင်ရန် ဖြစ်သည်။

ရောက်ယိလင်သည် လွန်ခဲ့သည့် ရက်များကပင် သူတို့နောက်သို့ တစ်စုံတစ်ယောက်၊ တစ်ဖွဲ့တစ်စု လိုက်လံလာခဲ့သည်ဟု စိတ်ထဲတွင် ထင်မှတ်နေ၏။

သူ့ကိုယ်သူ အထူးသတိထား ဂရုစိုက်သည့်တိုင် နောက်မှ လိုက်လာသူမှာ မည်သူမည်ဝါဖြစ်သည်ကို သူမသိနိုင်သေး။

လိုက်လံလာသူ ဘယ်နှစ်ယောက်ရှိသည်ကိုလည်း မသိသေး။

ထန်းရေအိုင်နယ်ကို မလွဲမသွေ ဖြတ်ကျော်ရမည်မို့ တာ့ကွမ်း ပျော်ပွဲစားရုံပေါ်သို့ တက်ကာ အခြေအနေကို လေ့လာအကဲခတ် ကြည့်ရှုခြင်း ဖြစ်ပေသည်။

သဘာဝပတ်ဝန်းကျင်က လှပလွန်းနေသည်၊

လေပြည်က ပန်းရနံ့ကို သယ်ဆောင်ကာ လတ်ဆတ်မွှေးမြနေသည်။

သို့သော် ရောက်ယိလင်၏ မျက်လုံးထဲတွင် ပတ်ဝန်းကျင်တစ်ခုလုံး အန္တရာယ်တို့ဖြင့် ဖုံးလွှမ်းနေ၏။

လေပြည်ထဲတွင် အန္တရာယ် အငွေ့အသက်များက ရှုးရှူးဝါးဝါး ထောင်းထောင်းထနေ၏။

Scanned with ACE Scanner

ထန်းရေအိုင်နယ် တစ်ခုလုံးတွင် သူ့ရန်သူတွေချည်းပါပဲ။ ခရီးသည်အဖြစ်လည်းကောင်း၊ ဈေးသည်အဖြစ်လည်းကောင်း၊ တံငါသည်အဖြစ်လည်းကောင်း ဌာနေအိမ်ရှင်များအဖြစ် လည်းကောင်း၊ အမျိုးမျိုးသော အသွင်သဏ္ဌာန်များနှင့် စောင့်ဆိုင်းနေကြ၏။

သူတို့၏ ရုပ်ပြောင်းရုပ်လွှဲ အတတ်ပညာ မည်မျှပင် ကောင်းမွန် ထက်မြက်ပါစေ၊ သူတို့၏ အမူအရာ ဟန်ဆောင်မှုက မည်မျှပင် ပီပြင်နေပါစေ၊ ရှောက်ယီလင်၏ မျက်စိအကြည့်တစ်ကြည့်အောက်တွင် မျက်နှာဖုံးအားလုံး ဟန်ဆောင်မှုအကုန်အစင် ကွာကျသွားတော့သည်။

ရှောက်ယီလင် သက်ပြင်းတစ်ချက်ချလိုက်သည်။

ထန်ဖန်းက သူ့အနီးသို့ တိုးကပ်လာပြီး ရှေ့သို့ လက်ညှိုးညွှန်ပြကာ...

"ဟို...ဟိုမှာ...ဟိုမှာ ကြည့်စမ်းပါဦး"

သူမ၏ မြင်ကွင်းကို ရှောက်ယီလင်ကလည်း မြင်တွေ့ပြီးဖြစ်သည်။

လူလေးယောက်။

တစ်ယောက်က မီးကွင်းတစ်ကွင်းအလား။

ကျန်သုံးယောက်က လက်ထဲတွင် တုတ်ရှည်ကိုယ်စီ ကိုင်ဆောင်ထားကြသည်။

မီးကွင်းတစ်ကွင်းလိုလူ၏ မုတ်ဆိတ်များက လေတွင် တလူလူ လွင့်ဝဲနေပြီး ဆံပင်တစ်မျှင်မျှမရှိသော ဦးခေါင်းကြီးက မီးလုံးကြီးတစ်လုံးပမာ မျက်နှာထားက လောင်ကျွမ်းနေသော မီးညွန့် မီးလျှံများအတိုင်း။

ရှောက်ယီလင် မျက်ခုံးနှစ်ဖက် ကျုံ့လိုက်မိသည်။

Scanned with ACE Scanner

ထိုသူကို သူမသိ။

သို့သော် တစ်ချက်ကြည့်ရုံနှင့်ပင် ချိုဟန်စင်းထက်ပို၍ တိုက်နိုက်ရ မလွယ်ကူကြောင်း ခန့်မှန်းမိသည်။

နောက်မှ လူသုံးယောက်ကိုမူ မြင်လိုက်သည်နှင့် သူကောင်းစွာ မှတ်မိသိရှိသည်။

ယန်စီကျန်မြစ် တုတ်လေးချောင်းအနက်မှ တုတ်သုံးချောင်းပင်တည်း။

ထိုလူလေးယောက်သည် တာကွမ်းပျော်ပွဲစားရုံပေါ်သို့ တက်လာခဲ့ကြသည်။ ရှေ့ဆုံးမှ မုတ်ဆိတ်နှင့် မီးကွင်းတစ်ကွင်းနှယ်ဟူသောသူ တက်လာသည်နှင့် ထက်ဝင်းရွှဲ့မှာ မီးညွှန့်မီးစွယ်တစ်ခုထိုးတက်လာသလို ခံစားလိုက်ရ၏။

အရာရာကို အလေးမထား ကြောက်စိတ်မရှိသော ထက်ဝင်းရွှဲ့စိတ်ထဲ အနည်းငယ် ကြောက်စရာကောင်းသလို ထင်မှတ်မိသည်။

ကမန်းကတန်းပင် ရှေ့သို့လှမ်းတက်သွားကာ...

"ခင်ဗျား ဘယ်သူလဲ"

မုတ်ဆိတ်နှင့်လူက သူ့ကိုပြန်၍ မျက်လုံးပြူးကြည့်သည်။

မျက်လုံးနှစ်လုံးက မီးကျီခဲနှစ်ခုနှယ်။

"ခင်းကကော ဘယ်သူလဲ"

ထက်ဝင်းရွှဲ့ မျက်နှာနှင့် လည်ပင်းတွင် ထိုသူ၏ ထိုသူ၏ စကားလေဟပ်မှုကြောင့် ပူစပ်နာကျင်စွာ ခံစားလိုက်ရသည်။

သူစကားပြောရန်ပြင်စဉ် ချူးနန်ကုက ရှေ့တက်လာကာ...

"သူ့နာမည် ထက်ဝင်းရွှဲ့လို့ခေါ်တယ်၊ ကြေးစုတ်သံစုတ်ရဲ့ ထက်ဝင်းရွှဲ့၊ အီးဘုရင် ထက်ဝင်းရွှဲ့"

Scanned with ACE Scanner

"သွားစမ်း၊ ဘေးဖယ်ကြစမ်း"

မုတ်ဆိတ်နှင့်လူက မျက်လုံးတစ်ချက်ပြူးကြည့်ကာ အော်ငေါက်ထုတ်လိုက်သည်။

မီးတန်းရှည်နှစ်ခု ထက်ဝင်းရွှဲ့နှင့် ချူးနန်ကုတို့ထံသို့ ရုတ်တရက် ပန်းဝင်လာသည်။ ထက်ဝင်းရွှဲ့တို့နှစ်ယောက် ရှောင်တိမ်းပေးလိုက်လျှင် ထိုသူက ကျောက်လှေကားထစ်ပေါ်သို့ လှမ်းတက်လာ၏။

ထက်ဝင်းရွှဲ့နှင့် ချူးနန်ကုတို့အချင်းချင်း တစ်ယောက်ကိုတစ်ယောက်ကြည့်ကာ လှုပ်ရှားကြရန်ဟန်ပြင်စဉ် ရှောက်ယိလင်က ထိုသူ၏ ရှေ့သို့ လှစ်ခနဲရောက်ရှိလာခဲ့သည်။

"နောင်နှာ နောက်သား ကျွန်တော် ရှောက်ယိလင်က လူကြီးမင်းကို အရိုအသေ ပေးပါတယ်"

ရှောက်ယိလင် ခါးညွတ်ကာ တရိုတသေပင် ပြောသည်။

ထိုသူက တွန့်ခနဲ နှစ်ခေါင်းရှုံ့လိုက်ပြီး...

"မင်းက ရှောက်ယိလင်လား"

"ဟုတ်ပါတယ်၊ ကျွန်တော် ရှောက်ယိလင်ပါ"

"မင်းအခု အဝိုင်းခံနေရပြီ"

"ဟုတ်ကဲ့ ကျွန်တော်သိပါတယ်"

ထိုသူ၏ မျက်လုံး ဝိုင်းစက်သွား၏။ စကားသံကလည်း သစ်ဆွေးမီးလောင်သလို ပြောင်းလဲသွား၏။

"မင်း သိတယ်ဟုတ်လား"

"ဝိုင်းရံထားတဲ့ လူကြီးမင်းရဲ့ လက်အောက်တွေထဲမှာ ရုပ်ဖျက်ထားတဲ့လူက တစ်ရာသုံးဆယ်ခုနစ်ယောက်ရှိတယ်၊ ရုပ်မဖျက်ဘဲနေတာက ခုနစ်ဆယ့်သုံးယောက် ရှိတယ်"

Scanned with ACE Scanner

ရှောက်ယိလင်က လူအရေအတွက်ကိုပင် တည်ငြိမ်စွာ အတိအကျ ပြောဆိုလိုက်သည်။

ထိုသူ ကိုယ်တစ်ချက်တွန့်သွားသည်။ အသက်ရှူသံက မီးရှယ်သလို တဟဲဟဲ။ ရှောက်ယိလင်ကို စူးစိုက်ကြည့်ပြန်သည်။

"အင်း...ရှောက်ယိလင်...ရှောက်ယိလင်...တကယ်ပဲ မင်းရဲ့ဘွဲ့နာမည်နဲ့ ထိုက်တန် ကိုက်ညီပါတယ်"

ရှောက်ယိလင် ခေါင်းငိုက်စိုက်ချလိုက်သည်။

"လူကြီးမင်း မြှောက်ပင့်လွန်းပြီ ထင်ပါတယ်"

ထိုလူက အေးတိအေးစက် အမူအရာဖြင့်ပင် ရှိနေသေးသည်။

"ငါ့နောက်က ပါလာတာ ဘယ်သူတွေလဲဆိုတာ မင်းသိသလား"

"ယန်စိကျန်မြစ် တုတ်လေးချောင်းက သုံးယောက်ပေါ့"

ယန်စိကျန်မြစ် တုတ်လေးချောင်းကကော ဘယ်သူလဲ"

"မိုးဘုရင်ကြီး ကျူး အားကိုးအားထားပြုရတဲ့ ထူးချွန် သုံးယောက်၊ တုတ်လေးချောင်း၊ ဓားငါးလက်၊ လက်ဝါးခြောက်ခု နတ်နှစ်ပါးထဲက တုတ်လေးချောင်းပါ"

ထိုလူပါးစပ်မှ လေငွေ့ကို မှုတ်ထုတ်လိုက်၏။ လေငွေ့နှင့်မတူ၊ မီးငွေ့ကဲ့သို့။

"ငါ ဘာကြောင့် လာတယ်ဆိုတာကော မင်းသိလား"

"ဟင့်အင်း...မသိဘူး"

"ငါသူတို့အတွက် လာခဲ့တာပဲ"

"ကျွန်တော် နားမရှင်းပါဘူး၊ ပွင့်ပွင့်လင်းလင်း ပြောနိုင်ပါတယ်"

Scanned with ACE Scanner

ထိုသူက ခက်ထန်သောလေသံဖြင့်...

"ရောက်ချူးရွှေ ဘယ်မှာလဲ"

ရောက်ယိလင် ဆတ်ခနဲ တုန်လှုပ်သွားသည်။ ရောက်ချူးရွှေ ဆိုသော အမည်နာမက သူ့အသည်းနှလုံးကို ဆုပ်နယ်လိုက်သကဲ့သို့။

"ကျွန်တော့်ညီလေး ဒီမှာ မရှိပါဘူး"

"ဒါဆို ဘယ်မှာရှိသလဲ"

ရောက်ယိလင် သက်ပြင်းတစ်ချက်ချလိုက်မိသည်။ အဟောင်းများက အသစ်ပြန်ဖြစ်ကာ ရင်ထဲတွင် တနုံ့နုံ့ ခံစားနေရ၏။ စကားသံ တုန်ယင်သွားမည်စိုးသဖြင့် အတော်ပင် ထိန်းချုပ်ထားရသည်။

"ကူယန်ကွမ်းခံတပ်၊ လီကျန်းမြစ် ချောက်ကမ်းပါးမှာ ချိဟာန်စန်း သတ်ဖြတ်တာကို ခံခဲ့ရပါတယ်"

ထိုသူ တဒင်္ဂမျှ ငေးကြောင်သွားမိသည်။ ပြီးမှ အံ့သြဒေါသထွက်သည့် လေသံဖြင့်...

"မင်း ညီလေးနဲ့ အပေါင်းအသင်းတစ်စုဟာ မိုးဘုရင်ကြီးကျူးရဲ့ ထူးချွန်သုံးယောက်ကို သတ်ဖြတ်ခဲ့တယ်၊ နောက်တစ်ခါ ကောင်းရောက်မြို့မှာ ရောက်ချူးရွှေဟာ ချိဟာန်စန်းနဲ့ပေါင်းပြီး ယန်စီကျန်မြစ် တုတ်လေးချောင်းကို သတ်ခိုင်းပြန်တယ်၊ ချိဟာန်စန်းနဲ့ သူနဲ့က တစ်ဖွဲ့တည်းပဲ၊ ဘယ်လိုလုပ်ပြီး ချိဟာန်စန်းက သူ့ကို သတ်ရမှာလဲ"

"မဖြစ်နိုင်ပါဘူးခင်ဗျာ၊ ချိဟာန်စန်းဟာ သြဇာအာဏာဂိုဏ်းထဲက ဘုရင်ဖြစ်နေပါတယ်"

ထိုသူ ဆတ်ခနဲ တုန်သွားသည်။ အတန်ကြာအောင်ပင် ဆိမန်းမန်းသလို တစ်ယောက်တည်း ရေရွတ်နေ၏။ လေကားထစ် ပန်းစိုက်

အိုးထဲမှ ပန်းပွင့်များအားလုံးမှာ သူ၏စကားလေကြောင့် ညှိုးရော်နွမ်းလျကုန်သည်။

"အင်း...ဟုတ်မယ်၊ ရောက်ချူးရှေ့ဟာ ဩဇာအာဏာဂိုဏ်းရဲ့ နတ်ဆိုးဆယ့်ကိုးပါးထဲက သံမဏိလက်ကောက်နတ်ဆိုး ပို့ထင်းယိကို တိုက်ခိုက်သတ်ဖြတ်တာ ငါကြားဖူးတယ်"

"ဟုတ်ကဲ့...ကျွန်တော် ဒီတစ်ခေါက် ထန်းရေအိုင်နယ်ကို ရောက်လာတာဟာ တမင်တကာ စုံချွမ်းကို ကွေ့ဝိုက်ပြီး ဩဇာအာဏာ ဂိုဏ်းနဲ့ သူသေကိုယ်သေ တိုက်ခိုက်ချင်လို့ပါပဲ"

ထိုသူ ထပ်စကားမပြော။ ဖွဲမီးတစ်ပုံလို ငြိမ်သက်စွာ တွေးတောနေသည်။

မီးတောင်တစ်ခုပမာ တည်ငြိမ်စွာ ရပ်တည်နေသည်။ ပေါက်ကွဲလာလျှင်ကား ချော်ရည်ချော်ခဲများက အချိန်မရွေး ပန်းထွက်လာနိုင်ပေသည်။

"ငါ ဘယ်သူလဲဆိုတာ မင်းသိသလား"

ရောက်ယိလင် ခေါင်းကို ခါယမ်းပြလိုက်၏။

"ကျွန်တော် မခန့်မှန်းရဲပါဘူးခင်ဗျာ၊ လူကြီးမင်းရဲ့ ဟန်ပန်အမူအရာ၊ သိုင်းပညာစွမ်းနဲ့ဆို သိုင်းလောကမှ ဘွဲ့နာမည် ကျော်ကြားတဲ့ မိုးဘုရင်ကြီးကျူး လက်အောက်စစ်သည်ကြီးနှစ်ပါးထဲက ပထမတစ်ပါး၊ မီးပြင်းနတ်ကိုယ်တော်ကြီး ချိုက်ချိစင်းလို့တော့ ထင်မှတ်ပါတယ်"

ထိုသူမျက်နှာအမူအရာက အတော်ကလေး ပျော့ပျောင်းလာသည်။ မြှောက်ပင့်ပြောဆိုခြင်းကိုမူ လူတိုင်းနှစ်ခြိုက်တတ်ကြသည် မဟုတ်ပါလား။

Scanned with ACE Scanner

"မင်းတို့ ဩစာအာဏာဂိုဏ်းကို သွားတိုက်ကြမလို့လား"

"ဟုတ်ကဲ့"

ရှောက်ယီလင် တည်ငြိမ်စွာပင်ပြောသည်။ ဩစာအာဏာဂိုဏ်းကို တိုက်ခိုက်ခြင်းသည် နဂိုကပင် မဖြစ်နိုင်သော ကိစ္စတစ်ခု ဖြစ်၏။ သို့သော် ရှောက်ယီလင်က ပြတ်သားစွာ ပြောသောအခါ မီးပြင်းနတ်ဆိုးကိုယ်တော် ခေါင်းညိတ်ပစ်လိုက်သည်။

"မင်းတို့ သတ္တိကောင်းသားပဲ၊ ဒါပေမယ့် မအောင်မြင်နိုင်ဘူး"

"ဟုတ်ပါတယ်၊ လောလောဆယ်တော့ မအောင်မြင်ဘူးပေါ့၊ ဒါပေမယ့် ကျွန်တော်တို့က ပထမဆုံး လူကို ကယ်တင်မယ်၊ နောက်သိုင်းလောကသားတွေ စုစည်းပြီးမှ ဩစာအာဏာဂိုဏ်းကို ဖြိုခွဲမယ်"

မီးပြင်းနတ်ကိုယ်တော် မျက်လုံးကို မှေးလိုက်သည်။

"တစ်နေ့ကျရင် မင်းတို့ အဖြူရောင်ဂိုဏ်းသားတွေဟာ ငါတို့ကို ဒီလိုပဲ တိုက်ခိုက်ကြလိမ့်မယ်နဲ့ထင်တယ်"

ရှောက်ယီလင် ပြုံးရုံသာ ပြုံးနေ၏။ ပြန်မဖြေ။ မီးပြင်းနတ်ကိုယ်တော်ကြီးက ခေါင်းကို ခါယမ်းမြဲ ခါယမ်းနေသည်။

"မင်းတို့လောက်နဲ့ မအောင်မြင်ပါဘူး"

"ဘာကြောင့်လဲ"

"မင်းတို့လူသွားကယ်တယ်ထားဦး၊ မင်းတို့လောက်နဲ့ သရဲဘုရင်ကို မနိုင်နိုင်ဘူး"

ရှောက်ယီလင်မျက်နှာအနည်းငယ်လှုပ်လှုပ်ရှားရှားဖြစ်သွား၏။

သရဲဘုရင်က စဲချွမ်းနယ်မှာ ရောက်နေလို့လား"

" စဲချွမ်းနယ် ဆိုတာထက် ချန်တူးမြို့မှာ ရှိနေတယ်"

ရှောက်ယီလင် လက်ဖဝါး၌ ချွေးစေးများ ထွက်လာသည်။

ချန်တူးမြို့ ပန်းချောင်းဓားဂိုဏ်းဌာနချုပ်ကို သူအလွန်အမင်း စိုးရိမ်လာသည်။

မီးပြင်းနတ်ကိုယ်တော်က ကျေကျေနပ်နပ်ပင် ပြုံးလိုက်ကာ...

"ရှောက်ချူးရွှေ ဓားဘုရင်ကသတ်လိုက်ပြီဆိုတော့ ငါ မင်းတို့ကို ပြဿနာမရှာတော့ပါဘူး၊ ဒါပေမယ့် မင်းတို့ အခု ပန်းချောင်းဓားဂိုဏ်း ဌာနချုပ်ကိုသွားတာ ဘာမှ မျှော်လင့်ချက်ရှိနိုင်မှာ မဟုတ်ဘူး၊ လှည့်ပြန်သွားရင် အကောင်းဆုံးပဲ"

ရှောက်ယိလင် နှုတ်ဆိတ်နေသည်။

မီးပြင်းနတ်ကိုယ်တော်က ထပ်ပြောသည်။

"သရဲဘုရင်ရဲ့ သိုင်းပညာဟာ ငါ့အောက်မှာ လုံးဝမရှိဘူး၊ မင်းတို့ သူ့ကို ဘယ်နည်းနဲ့မှ ယှဉ်နိုင်မှာ မဟုတ်ဘူး"

ရှောက်ယိလင် ခေါင်းမော့လိုက်သည်။ သူ့မျက်နှာတွင် ယုံကြည် ချက်များ အထင်အရှား ပေါ်လွင်နေ၏။

"ကျွန်တော် အခုလို တားဆီးတာ လူကြီးမင်းရဲ့ စေတနာကောင်းနဲ့ တားဆီးတယ်လို့ ကျွန်တော် နားလည်ပါတယ်၊ ဒါပေမယ့် ကျွန်တော် လာလမ်းကို လှည့်ပြန်မှာ မဟုတ်ပါဘူး"

မီးပြင်းနတ်ကိုယ်တော် မျက်ခုံးတစ်ချက် ပင့်လိုက်သည်။ အံ့အားသင့်ဟန်လည်း ပေါ်လွင်နေ၏။ ရှောက်ယိလင်က တစ်ခွန်းချင်းပင်...

"ကျွန်တော်တို့ ထွက်လာကြတာ အသက်ချင်းလဲလှယ်ဖို့ပဲ ဖြစ်ပါတယ်၊ ရန်ဖြစ်ဖို့လာကြတာ မဟုတ်ပါဘူး"

ညနေရည်ရွှေခြည်က ထန်းရေအိုင်ကို ရွှေရည်လောင်းနေ၏။

❋ ❋ ❋

ထန်ချမ်းတောင်၏ စေတီဟောင်းကလေး အရိပ်က အရှေ့ဘက်သို့ တိမ်းစောင်းသွားသည်။

တောပန်း တောင်ပန်းတို့ဖြင့် လှပနေသော ထန်ချမ်းတောင်မှာ လူသေအလောင်းတို့ဖြင့် အနိဋ္ဌာရုံ ဖြစ်ခဲ့ပြီးပြီ။

ထန်ချမ်းဂိုဏ်းသားများနှင့် ဂိုဏ်းချုပ်တို့ကို သတ်ဖြတ်ခဲ့သူမှာ မြွေဘုရင်ဖြစ်ပေသည်။

စေတီဟောင်းကလေး၏ ဇရပ်ပေါ်တွင် မြွေဘုရင်နှစ်ယောက်ရှိနေသည်။

တစ်ယောက်က အသက်ခြောက်ဆယ်ခန့်ရှိ အဘိုးကြီး။

တစ်ယောက်မှာ နှစ်ဆယ်ခန့်ရှိသော မိန်းမပျိုကလေး တစ်ယောက်။

အဘိုးကြီးသည် နေကျသွားသဖြင့် အလင်းရောင်ဖျော့မှိန်သွားသော ထန်ချမ်းတောင်ကိုကြည့်လျက် လက်နှစ်ဖက်နောက်သို့ ပစ်ကာ ဇရပ်ပေါ်တွင် ခေါက်တုံ့ခေါက်ပြန် လျှောက်နေသည်။

မိန်းမပျိုကလေးမှာမူ တစ်နေရာတည်းတွင် တည်ငြိမ်စွာ ရပ်နေသည်။ အဘိုးအိုက သက်ပြင်းတစ်ချက်ချလျက်...

"ဂိုဏ်းချုပ်လီ အခု ဘယ်မှာ ရှိနေတယ်ဆိုတာမင်းသိသလား"

မိန်းမပျိုကလေးက ခေါင်းကိုခါယမ်းပြသည်။

"ဟင့်အင်း...မသိဘူး"

အဘိုးကြီးသည် ထန်ချမ်းတောင်ကိုသာ မှေးရီစွာ ငေးကြည့်နေ၏။ စကားမပြန်။ မိန်းမပျိုကလေးက စိတ်မရှည်ဟန်ဖြင့်...

"ကဲ...ပြောစမ်းပါဦး၊ ဂိုဏ်းချုပ်လီ အခု ဘယ်မှာရှိနေလို့လဲ"

အဘိုးကြီးကလည်း ခေါင်းခါယမ်းသည်။

Scanned with ACE Scanner

"အင်း...ငါလဲ အတိအကျတော့ မပြောနိုင်ဘူး၊ ဒါပေမယ့် ပြောသံကြားရတာကတော့ ယန်ခွမ့်ဟူ မသေသေးဘူး၊ ဂိုဏ်းချုပ်က သူ့ကို သွားရှာတယ်လို့ ပြောတာပဲ"

"ဟင်...ယန်ခွမ့်ဟူဟာ အရင်တုန်းက ဂိုဏ်းချုပ်လီရဲ့ ပညာ သင်ဆရာပဲ၊ နောက်ပိုင်း ယန်ခွမ့်ဟူက သူ့ကို အရိုးစွဲအောင် မုန်းတီးခဲ့ တယ်၊ ဂိုဏ်းချုပ်လီက သူ့ကို သွားရှာတယ်ဆိုရင်"

မိန်းမပျိုကလေး၏ လေသံက စိုးရိမ်ဟန်ပါနေသည်။

အဘိုးကြီးကမူ အားပါးတရ ရယ်နေ၏။

"ဂိုဏ်းချုပ်လီအဖို့ ကြောက်ရတဲ့လူဆိုတာ သိုင်းလောကမှာ ရှိသေးလို့လား၊ ဘယ်အချိန်ကများ မင်းကြားဖူးခဲ့သလဲ"

မိန်းမပျိုလေးက ပြုံးလိုက်သည်။

"ဟုတ်ပါတယ်လေ၊ ကျွန်မအနေနဲ့ ပြောရရင်တော့ ယန်ခွမ့် ဟူကို ဂိုဏ်းချုပ်လီ သွားရှာတာ မဟုတ်ဘူးလို့ ထင်တယ်"

"ဩော်..."

အဘိုးကြီး အာမေဋိတ်သံ ပြုလိုက်သည်။

မိန်းမပျိုလေးက ဆက်လက်၍...

"ဂိုဏ်းချုပ်လီဟာ ပန်းချောင်းစားဂုဏ်းကို ဖြိုခွဲမယ်ဆိုတဲ့ အစီအစဉ်နဲ့ သိုင်းလောကသားတွေ ချန်တူးမြို့တိုက်ပွဲကို အာရုံစိုက် လာအောင် ထောင်ချောက်ဆင် ဆွဲဆောင်တယ်၊ သူ့ရည်ရွယ်ချက်က ပန်းချောင်းစားဂုဏ်း တစ်ဂိုဏ်းတည်းကို ဖြိုခွဲချင်လို့ လုံးဝ မဟုတ် နိုင်ဘူး"

"အင်း...ပြောပါဦး"

"ယန်ခွမ့်ဟူနဲ့လဲ မသက်ဆိုင်ဘူး"

"ဒါဆို ဘာရည်ရွယ်ချက်လဲ"

"ရှင် ဘယ်လိုထင်သလဲ"

အဘိုးကြီးက တစ်ခဏမျှ စဉ်းစားဟန်ပြုလိုက်ပြီး...

"ရှောင်လင်၊ ဝူတန်၊ ငိုမေ၊ ဝါစန်းဂိုဏ်းကြီးလေးဂိုဏ်းနဲ့ လမ်းတေလေဂိုဏ်းကို ဖြိုခွဲလိုက်နိုင်ရင် သိုင်းလောကတစ်ခုလုံးဟာ ညဏအာဏာဂိုဏ်းက လွှမ်းမိုးနိုင်မှာပဲ၊ ဒါကြောင့် သူတို့အားလုံး လက်ထွက်လာအောင် စစ်မျှားလိုက်တာပဲ၊ ဒါဟာ ဟိုအရင်တုန်းက ဟွမ်ဆန်းဂိုဏ်းကို ဖြိုခွင်းခဲ့တဲ့ ဂိုဏ်းချုပ်လီရဲ့ လမ်းစဉ်ဟောင်း တစ်ခုပဲ"

မိန်းမပျိုလေးက ခေါင်းကို ခါယမ်းလိုက်ပြန်သည်။

"ဒါတွေထက် ကျွန်မခန့်မှန်းရသလောက်ကတော့ ဂိုဏ်းချုပ်လီဟာ မိုးဘုရင်ကြီး ကျူးကို သွားတိုက်ခိုက်တယ်လို့ ထင်တယ်"

"မိုးဘုရင်ကြီးကျူး...ဟုတ်လား"

"ဟုတ်တယ်၊ ဂိုဏ်းချုပ်လီနဲ့ မိုးဘုရင်ကြီးကျူးဟာ မယှဉ်ပြိုင်လို့ မရတဲ့ လူတွေပဲ၊ သိုင်းလောထဲမှာ ဒီတိုက်ပွဲဟာ မလွဲမသွေ တွေ့ကြုံရမှာပဲ"

အဘိုးကြီးက တဒင်္ဂမျှ ငိုတွေသွား၏။

နောက်မှ ပေါ့ပေါ့ပါးပါးပင် ရယ်လိုက်ကာ...

"ဂိုဏ်းချုပ်ရဲ့ ရည်ရွယ်ချက်က ဘယ်လိုဖြစ်ဖြစ် တို့ကတော့ ရှောက်ဂေဟာက လူတွေကို တိုက်ခိုက်ရမှာပဲ"

"ဟုတ်တယ်၊ ကျွန်မတို့ ရှောက်ယီလင်ကို စောင့်နေရမယ်"

အမှောင်ဝင်တော့မည်။

အိပ်တန်းပြန်ငှက်တို့ပင် သိုက်မြုံသို့ဝင်ကြပြီ။ ပျံလွှားတစ်အုပ်

သာလျှင် ကောင်းကင်ယံတွင် အိပ်တန်းပြန် နောက်ဆုံးအသုတ်အဖြစ် ရှိနေသည်။

အဘိုးကြီးက သက်ပြင်းဖွဖွ ချလိုက်သည်။

"သူတို့ ဒီကိုလာတတ်ဆိုတာ အသက်ချင်းလဲဖို့ လာခဲ့ကြတာပဲ"

"အသက်ချင်းလဲတော့လဲ ဘာဖြစ်သလဲ၊ သူတို့ အသက်ပေးခဲ့ရမှာပဲ မဟုတ်လား"

"မဟုတ်ဘူး၊ အသက်ချမ်းသာလာတဲ့လူဟာ စိတ်ဓာတ်ရေးရာအရ သူ့ကိုယ်သူ သေသူသတ်မှတ်ပြီးသား၊ သူ့မှာ အသက်မရှိတော့ဘူး၊ ရန်သူ့အသက်ကိုပဲ သူကယူတော့မှာ"

မိန်းမပျိုလေးက အနည်းငယ်စဉ်းစားဟန်ပြုပြီး . . .

"ရှောက်ချုူးရွှေ မရှိတော့ဘူးဆိုတော့ သူ့ညီအစ်ကိုတွေက ရှောက်ဂေဟာအတွက် အသက်ချင်း လဲလှယ်ပေးကြပါ့မလား"

"ရှောက်ချုူးရွှေ မရှိတာဟာ သူတို့အတွက် အင်အားတစ်ခု လျော့နေတာတော့ အမှန်ပဲ၊ ဒါပေမယ့် သူတို့မှာ ဆယ့်နှစ်ဖွဲ့ရှိတယ်"

မိန်းမပျိုကလေးမှာ အထူးအဆန်းစကား တစ်ခုကို ကြားလိုက်ရသည့်ပမာ မျက်လုံးကလေး ဝိုင်းစက်သွား၏။

"ဆယ့်နှစ်ဖွဲ့ ဟုတ်လား"

"ဟုတ်တယ်၊ ဆယ့်နှစ်ဖွဲ့ပဲ၊ ဘာတွေ ဖြစ်နေဖြစ်နေလေ၊ တို့ကတော့ တာဝန်အရ သူတို့လာတာကို စောင့်ရမှာပဲ"

အဘိုးအိုက ထန်းချန်းတောင်ကိုသာ ငေးမောကြည့်နေတော့သည်။

※ ※ ※

ထန်းရေအိုင်တွင်းသို့ နေလိမ္မော်သီးကြီး ပြုတ်ကျသွားသည်။

တာ့ကွမ်း ပျော်ပွဲစားရုံအပေါ်ထပ်တွင် မှောင်လာ၏။

မီးပြင်းနတ် ကိုယ်တော်ကြီးမှာ မီးစုန်းခဲကြီးတစ်ခဲအလား ရှိနေသည်။

“အသက်ချင်း လဲလှယ်တယ်ဆိုတာက ဘယ်လိုလဲ”

မီးပြင်းနတ် ကိုယ်တော်က အေးတိအေးစက်လေသံဖြင့် မေးသည်။

သူ့အသွင်သဏ္ဍာန်က အရာရာကို ဂရုမစိုက်သည့် အသွင်အပြင်။

လူအားလုံးကို မီးဖြင့်ရှို့သတ်နိုင်သည်ဆိုသည့် ဟိတ်ဟန်ဖြင့် ရှိနေသည်။

ရှောက်ယိလင်က တည်ငြိမ်စွာပင် စကားသံတစ်သံ ထွက်လာသည်။

“ဆယ်နှစ်အဖွဲ့”

ရှောက်ယိလင်၏ ထိုစကားသံတစ်သံအဆုံးတွင် မီးပြင်းနတ်ကိုယ်တော်၏ စိတ်ထဲတွင် ရုတ်တရက် အကျဉ်းအကျပ် ကျသလို ခံစားရ၏။

လူဆယ်ယောက်က အသံဗလံကင်းမဲ့စွာ သူ့ကို ဝိုင်းရံထားသည်ဟုလည်း ခံစားလိုက်ရသည်။

ထိုလူ ဆယ်ယောက်သည် တစ်ရာ့ဆယ့်ရှစ်ယောက်သော ယောက်ျားကြီးများထဲမှ ထွက်လာခြင်းဖြစ်သည်။ ထွက်လာပြီးသည်နှင့် သူ့ကို ဝန်းရံထားပြီးဖြစ်သလို သတ်ဖြတ်ငွေ့များလည်း ပြင်းထန်စွာ ထွက်ပေါ်လာသည်။

မီးပြင်းနတ်ကိုယ်တော်မှာ လူသတ်ခြင်းမှလွဲ၍ ထိုးဖောက်ထွက်မသွားနိုင်တော့။

သူ့မျက်လုံးနှစ်လုံးက မီးကျီခဲနှစ်ခဲလို ပြူးထွက်လာသည်။

"မင်းက ငါ့ကို လူသတ်စေချင်တာလား"

ရှောက်ယိလင်က တည်ငြိမ်စွာပင်။

"မဟုတ်ပါဘူး"

"ဒါဆိုရင် သူတို့ကိုခေါ်ထုတ်ပြီး စမ်းကြည့်ချင်တာလား"

"ဒါလဲ မဟုတ်ဘူး"

ရှောက်ယိလင်သည် ခေါင်းကို ခါယမ်းကာ ပြောလိုက်ပြီးလျှင် လူဆယ်ယောက်၏ အမည်နာမများကို ရေရွတ်ခေါ်ဆိုလိုက်သည်။

"သစ်တော၊ လေပြင်း၊ ပင်လယ်နတ်၊ နှလုံးဖောက်၊ တိမ်ဖြူ၊ ဝမ်းနည်း၊ ဒေါသ၊ ရောင်စုံအကျီ၊ မိုးတွင်းလ၊ နဟိုပြန်ရောက်၊ စင်ရော်ကိုယ်တော်"

သူရေရွတ်ခေါ်ဆိုသည်က အလွန်ပင် နှေးကွေးလှ၏။

သို့သော် သူအမည်ခေါ်လိုက်သည့်သူများ၏ လှုပ်ရှားမှုကမူ အလွန်ပင် မြန်ဆန်သွက်လက်လှသည်။ ထိုဆယ်ယောက် လှုပ်ရှားချိန်မှာပင် မီးပြင်းနတ်ကိုယ်တော်သည် မီးကွင်းတစ်ကွင်းအဖြစ်သို့ ပြောင်းလဲသွား၏။ သူ့အကျီပင် မီးလောင်ကျွမ်းလာသည်။

လူဆယ်ယောက်၏ လှုပ်ရှားမှုက တဖြည်းဖြည်း မြန်ဆန်လာလေလေ မီးပြင်းနတ်ကိုယ်တော် ကိုယ်ပေါ်မှ မီးတောက်ကလည်း ပို၍ ပြင်းထန်လာသည်။

တစ်ခဏမျှကြာလျှင် ရှောက်ယိလင် ရုတ်တရက် လက်တစ်ဖက် မြှောက်လိုက်သည်။

Scanned with ACE Scanner

ယိမ်းခါလှုပ်ရှားနေသူ ဆယ်ယောက်တို့ ရုတ်ခြည်းရပ်တန့်သွား၏။ အလယ်ဗဟိုမှ မီးတောက်က မိုးပေါ်သို့ ထောင်တက်သွားပြီး အပြင်ဘက်သို့ လွင့်ထွက်သွားသည်။ အလယ်တွင် မီးပြင်းနတ်ကိုယ်တော်သာလျှင် ထီးထီးကြီးကျန်ရစ်၏။

သူ့နဖူးပေါ်တွင် ချွေးသီးချွေးပေါက်များ စို့နေသည်။

ရှောက်ယီလင်က တည်ငြိမ်စွာပင်...

"ကျွန်တော် သူ့ကို လက်ထွက်မခိုင်းသေးဘူး၊ ဒါ သူ့ကို မတိုက်ခိုက်ဘဲ လှုပ်ရှားရုံသာ လှုပ်ရှားနေကြတာ"

မီးပြင်းနတ်ကိုယ်တော် ချွေးသုတ်ပစ်လိုက်သည်။

"အေး...ငါလဲ လက်ထွက်မတိုက်ခိုက်သေးဘူး၊ တကယ်လို့ ငါသာ တအားကုန် လက်ထွက်တိုက်ခိုက်ရင် သူတို့ ဆယ်ယောက်လောက် တစ်ယောက်မှ အသက်မရှင်နိုင်ဘူး"

"ဟုတ်ပါတယ်"

"ဒါပေမယ့် ဒါက ဒီလူဆယ်ယောက်ကို တအားကုန် လက်ထွက်ပြီး သတ်နိုင်တယ်ဆိုဦးတော့ ကျန်တဲ့ တခြားလူ တစ်ရာ့ရှစ်ယောက်ကို မယှဉ်နိုင်ဘူး"

ရှောက်ယီလင် ပြန်မဖြေ။

မီးပြင်းနတ် ကိုယ်တော်ကိုသာ တစ်ချက် ရယ်မောလိုက်ကာ ထပ်ပြောသည်။

"ဒီလောက် အရည်အချင်းနဲ့ အင်အားရှိတယ်ဆိုရင် ဩဇာအာဏာဂိုဏ်းကို တိုက်ခိုက်ဖို့ လုံလောက်တယ်၊ သူ့ရဲ့ဘုရင်ကို စိမ်ခေါ်ဖို့ အရည်အချင်းရှိတယ်"

ရှောက်ယီလင်က အေးဆေးတည်ငြိမ်စွာပင် မီးပြင်းနတ်ကို

ကြည့်နေသည်။ မီးပြင်းနတ် ကိုယ်တော်က ကျန်ရှိနေသေးသော ချွေးစက်ကို သုတ်၍ ...

"မိုးဘုရင်ကြီး ကျူးက ငါ့ကို ပြောပြခဲ့မှု တယ်၊ သိုင်းလောက မှာ မဖွဲ့နွဲ့နိုင်တဲ့ အင်အား အနည်းငယ်သာရှိပေမယ့် သိပ်ပြီး စိုးရိမ် စရာကောင်းတဲ့ အဖွဲ့အစည်းတွေ ရှိတယ်၊ လမ်းတေလေဂိုဏ်း၊ ထန်မိသားစုရဲတိုက်၊ မုယုံ မျိုးနွယ်နဲ့ ပန်းချောင်းဓားဂိုဏ်းတို့ပဲတဲ့၊ အခုတော့ ငါကိုယ်တိုင် ပန်းချောင်းမိဓားဂိုဏ်းရဲ့ အစွမ်းသတ္တိကို တွေ့ရပြီ၊ လက်စသတ်တော့ ပန်းချောင်းဓားဂိုဏ်းရဲ အင်အားက ချန်တူးမြို့ ဌာနချုပ်မှာ မရှိဘဲ ကွေးလင်မြို့ ဌာနခွဲမှာ ရှိနေတာ ကိုး"

စကားဆုံးသည်နှင့် နောက်သို့ပင် လှည့်မကြည့်ဘဲ မီးပြင်း နတ်ကိုယ်တော် ထွက်သွားတော့သည်။

လှေကားထစ်အနီးသို့ ရောက်မှ နောက်သို့ ပြန်လှည့်ကြည့် လိုက်ကာ ...

"ငါ မင်းတို့ကို မသတ်ချင်ဘူး၊ ငါ တစ်ယောက်တည်းနဲ့ မင်းတို့ရဲ့ အင်အား တစ်ဝက်ကို သတ်နိုင်သေးတယ်၊ ပြီးတော့ ဟောဒီ ပတ်ပတ်လည်မှာ ဝန်းရံစောင့်ကြပ်နေတဲ့ လူတွေဟာ ငါ့ လူတွေချည်းပဲ၊ ဒါ့အပြင် ယန်စီကျန်မြစ် တုတ်လေးချောင်းလဲ ရှိ သေးတယ်၊ မင်းတို့ကို မသတ်ချင်လို့ ငါ ထွက်သွားရတာပဲ"

မီးပြင်း နတ်ကိုယ်တော် ထွက်ခွာသွားသည်။

သူနှင့်အတူ ပုန်းအောင်းနေကြသော သူများလည်း ပျောက် ကွယ်သွားတော့သည်။ သူတို့ ထွက်ခွာသွားမှ ရှောက်ယိလင်က အေးတိအေးစက် ရယ်လိုက်သည်။

Scanned with ACE Scanner

"သူတို့ကို မသတ်ချင်လို့ မဟုတ်ဘူး၊ သတ်လိုက်တာနဲ့ သူ ပြန်ပေးဆပ်ရမယ့် တန်ဖိုးက သိပ်ကြီးလွန်းနေတယ်၊ မိုးဘုရင်ကြီး ကျူးရဲ့ လူတွေဟာ အရင်းကြီးပြီး အမြတ်နည်းတဲ့ အလုပ်မျိုးကို ဘယ်တော့မှ မလုပ်ဘူး"

ထန်ဖန်း ပြုံးလိုက်သည်။

"ဒါဆို သူက ဘာလာလုပ်တာလဲ"

"တို့ရဲ့ အင်အားကို လာစမ်းသပ်တာ၊ ဩဇာအာဏာဂိုဏ်းက တို့ကို ဘယ်လို နှိမ်နင်းတယ်ဆိုတာကြည့်ပြီး အမြတ်ထုတ်မလို့"

ထန်ဖန်း ဘာမျှ မပြောတော့။ ထက်ဝင်းရွှဲ့ကသာ ဆယ်ယောက်သော လူတို့ဆီကို ဦးတည်၍...

"သူတို့က အစ်ကိုကြီး(ရှောက်ချူးရွှေ) လေ့ကျင့်ပေးထားတဲ့ ဆယ်နှစ်အဖွဲ့လား"

ရှောက်ယီလင် ခေါင်းညိတ်ပြသည်။

ဆယ်နှစ်အဖွဲ့၏ ဘွဲ့အမည်မှာ ရှောက်ချူးရွှေ သတ်မှတ်ပေးထားခဲ့ပြီး ထို လူဆယ်ယောက်သည်လည်း ရှောက်ချူးရွှေ၏ ညီအစ်ကိုဟောင်းများ၊ သူငယ်ချင်းဟောင်းများ ဖြစ်ကြသည်။

ထိုလူများကို ရှောက်ချူးရွှေက အထူး ဖွဲ့စည်း လေ့ကျင့်ပေးပြီးမှ ရှောက်ယီလင်လက်သို့ အပ်နှံလိုက်သည်။

ရှောက်ချူးရွှေ၊ ရှောက်ခိုက်ယန်၊ ရှောက်ယီလင်တို့ ညီအစ်ကို သုံးယောက်က လက်ပူးလက်ကြပ် သင်ကြား ပို့ချထားသဖြင့် အထူးကျစ်လစ် ခိုင်မာကာ ပေါင်းစည်းမှုအင်အား ကောင်းလှသည်။

ထို ဆယ်ယောက်ထဲမှ လေပြင်းသည် ရှောက်ချူးရွှေနှင့် ဓားရင်း နီးခင်က တိုက်ခိုက်ခဲ့ဖူးသည်။ သုံးကြိမ် သုံးခါ တိုက်ခိုက်ခဲ့

ပြီးမှ ရှောက်ချိုးရွှေကို အညှံ့ခံကာ ဆယ်နှစ်အဖွဲ့အစည်းထဲသို့ ဝင်ရောက်လာခဲ့သည်။

သစ်တောသည် နီးကြားတက်ကြွကာ သည်းခံမှု အားကောင်းသည်။ ဉာဏ်နီ ဉာဏ်နက် ပေါများသည်။

နဂိုပြန်ရောက်မှာ အတွင်းအားပြည့်ဝသည်။ ထို သုံးယောက်သည် ဆယ်နှစ်အဖွဲ့အစည်းတွင် သိုင်းလောကထဲသို့ အစောဆုံးဝင်ရောက်ခဲ့ပြီး ရှောက်ချိုးရွှေ အဓိကအားထားရာ ပုဂ္ဂိုလ်များလည်းဖြစ်ကြသည်။

ထက်ဝင်းရွှဲ့သည် ထိုသုံးယောက်ကို ကြည့်ကာ ...

"အစ်ကိုကြီးက ခင်ဗျားတို့အကြောင်း သိပ်ပြောတတ်တယ်၊ ခင်ဗျားတို့ကို အမြဲတမ်း သတိရနေတတ်တယ်၊ အခု အစ်ကိုကြီးဘယ်လို ဖြစ်နေတယ်ဆိုတာ ခင်ဗျားတို့ သိကြသလား"

ထိုသုံးယောက်က ဘာမျှ ပြန်မပြော။

တည်ငြိမ်သော အမူအရာဖြင့် ရှိနေကြသည်။ မာကျင်ကျူးမှာ ထိုသုံးယောက်၏ တည်ငြိမ်နေပုံကို ကြည့်ပြီး စိတ်ထဲမှာ မရိုးမရွ ဖြစ်လာသည်။

"ခုနက ပြောခဲ့တဲ့ စကားတွေကို မင်းတို့ ကြားမိကြတယ်မဟုတ်လား၊ ကိုယ်တော်လေး ရှောက်ကို ဩဇာအာဏာဂိုဏ်းရဲ့ဓားဘုရင် ချီဟန်စန်းက သတ်ပစ်လိုက်ပြီလေ"

ထိုသုံးယောက် မျက်လုံးအိမ်တွင် မျက်ရည်များ ဝဲလာသော်လည်း စကား ပြန်မပြောကြ။ မလှုပ်မရှား ငြိမ်သက်စွာပင် ရှိနေသည်။

ရှောက်ယီလင်က ကြားဝင်ကာ ...

"ညီလေး ချိုးရွှေဟာ သူတို့ကို ဖွဲ့စည်းပြီးတဲ့နောက် ငါ့လက်

ထဲကို အပ်လိုက်တယ်၊ သူ အပ်လိုက်တယ် ဆိုတာတည်းက သူတို့ဟာ ငါ့ရဲ့ သင်ကြားပို့ချချက်ကို အပြည့်အဝ လိုက်နာကြရပြီ၊ ငါက သူတို့ကို မေတ္တာတရားတွေ၊ သံယောဇဉ်တွေနဲ့ ပတ်သက်ပြီး လွယ်လွယ်နဲ့ စိတ်မလှုပ်ရှားတတ်အောင် လေ့ကျင့်ပေးထားတယ်၊ ကြံ့ကြံ့ခိုင်တဲ့ သံမဏိစိတ်ဓာတ် ဖြစ်အောင် သွတ်သွင်းပေးထားတယ်၊ ဒီတော့ မင်းတို့ ပြောတဲ့စကားတွေကို သူတို့နားထဲ ဝင်ပေမယ့် စိတ်လှုပ်ရှားကြမှာ မဟုတ်ဘူး၊ ပြီးတော့ ဒီလောက် လှိုင်းကြီးလေထန်နေတဲ့ သိုင်းလောကထဲမှာ စိတ်လှုပ်ရှားလွယ်ရင် မေတ္တာတရားတွေ၊ ကရုဏာတရားတွေ ကြီးမားနေရင် တတိယညီလေးလိုပဲ ကြားရှည်လေးမြင့်စွာ အသက်ရှင်နိုင်ကြမှာ မဟုတ်ဘူး”

ထန်ဖန်းသည် ရှောက်ယိလင်ကို ဖျတ်ခနဲ လှမ်းကြည့်ပြီး မျက်နှာ လွှဲပစ်လိုက်သည်။

ထိုအကြည့် ထိုမျက်ဝန်းထဲတွင် မကျေမနပ်မှုများ၊ စက်ဆုပ်ရွံ့ရှာမှုများ ပါဝင်နေသည်။

သူမ ရင်ထဲ နှလုံးသားထဲတွင် ရှောက်ချူးရွှေ အမြဲတမ်းရှိနေသလို ရှောက်ချူးရွှေ၏ စိတ်ဓာတ်ကလည်း အမြဲတမ်း ကိန်းအောင်းနေသည်။

ရန်သူနှင့်တွေ့လျှင် ဓားလိုကျားလို ကျင့်ပြီး၊ မေတ္တာတရား ဂရုဏာတရားနှင့် ပတ်သက်လျှင် ဖယောင်းလို၊ မိခင်လိုကျင့်တတ်သော ရှောက်ချူးရွှေ၏ နှလုံးသားကို သူ လေးစားကိုးကွယ်ထားပြီး မဟုတ်ပါလား။

※ ※ ※

# အခန်း (၂)

ရှကွမ်းမြို့သည် ထန်းရေအိုင် နယ်စပ်၏ အဓိကကျသော မြို့ကလေး တစ်မြို့ ဖြစ်သည်။

ရောင်းဝယ် ဖောက်ကား စည်ကားလှသည်။

မြို့ကွက်မှု ကျဉ်းမြောင်းလှပြီး လူနေအိမ်ခြေ သိပ်ထူထပ်လှသည်တော့ မဟုတ်။

ကုန်သည်ပွဲစားများ ကုန်ချင်းလာရောက် ဖလှယ်ကြသဖြင့်သာ စည်ကားနေခြင်း ဖြစ်၏။

အတည်တကျ နေထိုင်သူဟူ၍ သိပ်ရှိလှသည်တော့ မဟုတ်။

အော်ဟိုင်း ပင်လယ်နှင့် နီးကပ်သလို ချန်စန်းတောင်ကလည်း ရှကွမ်းအရောက်တွင် နဂါးကြီး အမြီးကဲ့သို့ နောက်ပြန်ကွေ့သွားသဖြင့် လေတိုက်ခတ်မှုက ထူးခြားပြင်းထန်သည်။

ဆောင်းအကုန် နွေအကူးတွင် တိုက်ခတ်လာသောလေက အလွန်ပင် ကြမ်းတမ်း ပြင်းထန်ကာ မုန်တိုင်းလေပွေပမာ ရှိတတ်သည်။

တရုတ် ပြက္ခဒိန် ခြောက်လပိုင်း ခြောက်ရက်နေ့။

ထိုနေ့သည် ရှောက်ယီလင်၏ မွေးနေ့ဖြစ်သည်။

သူတို့သည် ရှကွမ်းမြို့ကလေး အတွင်းသို့ ရောက်ရှိလာခဲ့ကြသည်။

Scanned with ACE Scanner

ရှကွမ်းမြို့ကို ဖြတ်၍ လုကျန်းမြစ်ကို ကူးမည်။

လုစန်းတောင်ကို ကျော်ကာ ချွင်းဝေးသို့ ရောက်လျှင် စုံချွင်းက မလှမ်းတော့။

ထို့နောက် ချန်တူးမြို့သို့ ရောက်နိုင်ပေပြီ။

ရှကွမ်းမြို့ကလေး၏ အဓိက မင်းလမ်းမကြီးပေါ်တွင် လူသွားလူလာတို့ဖြင့် စည်ကားနေ၏။

လေများကလည်း အပြင်းအထန်ပင် တိုက်ခတ်နေသည်။

ရောဂါသည်များဆိုလျှင် လေပြင်းထဲတွင် လွင့်ပါသွားနိုင်လောက်၏။

ရှောက်ယိလင်တို့ လူသိုက်မှာမူ ထို ပြင်းထန်သော လေကို ဂရုမစိုက်။ ရှေ့သို့သာ ဂရုတစိုက် လျှောက်လာသည်။

သူတို့၏ ဝဲယာ တစ်ဖက်တစ်ချက်၌ အထည်ရောင်းသူ၊ အစားအသောက်ရောင်းသူဟူ၍ အထမ်းကလေးများ၊ ဆိုင်ကလေးများ၊ လက်တွန်းလှည်းကလေးများဖြင့် အစီအရီ ရှိနေကြသည်။

ထိုလူများထဲတွင် လမ်းတေလေတစ်ယောက် အလျှုလိုက်ခံနေသည်ကို ရှောက်ယိလင် သတိထားမိသည်။

လေက အပြင်းအထန် တိုက်နေဆဲ။

မျက်လုံးထဲ လေတိုးဝင်ကာ ကျိန်းစပ်သဖြင့် အချို့ဆိုလျှင် မျက်စိပင် မဖွင့်နိုင်ကြ။

လမ်းက ကျောက်ပြားများ ခင်းထားသည့်လမ်း။

လေပြင်းဒဏ်ကြောင့် ရှေ့သို့ လှမ်းတက်လာနိုင်ရန် ခရီးသည်များမှာ နံဘေးတွင် သွယ်တန်းထားသော သံကြိုးတန်းများကို ထိန်းကိုင်ကာ လျှောက်နေရသည်။

ရှောက်ယိလင်တို့ မျက်နှာချင်းဆိုင်ဘက်မှ မြင်းလှည်းတန်း တစ်တန်း မောင်းနှင်လာသည်။

အမိုးအကာများ အုပ်ဆိုင်းထားသဖြင့် ကုန်တင်လှည်းတန်း တစ်ခုဖြစ်ဟန် တူသည်။

ရှေ့မှ လှည်းပေါ်တွင် ကျောက်ဖရုံသီးများ တင်ဆောင်လာ သဖြင့် နောက်လှည်းတွင် အသီးအနှံများပင် ပါရှိမည်ဟု ထင်မှတ် ရပေသည်။

ထိုလှည်းတန်းသည် လေပြင်း၏ဒဏ်ကို အတော်ပင် ခံနေရ ရှာသည်။

ရှောက်ယိလင်တို့နှင့် ဆယ်ပေခန့်အကွာသို့ ရောက်လျှင် လမ်း ဘေးမှ ကုန်စုံဆိုင်များအား ဇက်ကြိုးမထိန်းနိုင်တော့ဘဲ ဝင်ရောက် တိုက်မိလေတော့သည်။

ရုတ်ခြည်းပင် ရှကွမ်မြို့၏ မင်းလမ်းတစ်ခုလုံး ရှုပ်ထွေးသွား တော့သည်။

ကုန်စုံဆိုင်မှ ပစ္စည်းများ ပြန့်ကျဲကုန်သည်။

အော်ဟစ်ဆဲဆိုသံများ ဆူညံလာသည်။

ရိုက်မောင်းပုတ်မောင်း လုပ်မည် တကဲကဲ ဖြစ်လာကြသည်။

ရှောက်ယိလင်နှင့် သူ၏ ဂိုဏ်းသား တစ်ရာ့ဆယ့်ရှစ်ယောက် တို့ကမူ စိုးစဉ်းမျှ စိတ်ဝင်စားခြင်းမရှိ။

ရှုပ်ရှုပ်ထွေးထွေး အခြေအနေများကို အာရုံစိုက်ခြင်း မရှိ။

သူတို့လမ်းကိုသာ သူတို့ လျှောက်နေကြသည်။

သို့သော် တစ်နေရာအရောက်တွင် ကျောက်ပြားလမ်းက အပေါက်တစ်ခု ဖြစ်သွား၏။

Scanned with ACE Scanner

ထိုအပေါက်မှာ ဓားရိပ် လူရိပ်များ ခုန်ပျံထွက်လာသည်။

ထို့အတူ ကုန်တင်လှည်း အမိုးရေအောက်မှ လှည့်တစ်စီးလျှင် လူရှစ်ယောက်ကျ ထွက်လာခဲ့သည်။

သူတို့၏ လက်ထဲ၌ လက်နက်များ ကိုယ်စီဖြင့်။

ချွေးသည်များကလည်း သူတို့၏ မူလရုပ်သွင်များကို ချက်ချင်း လှစ်ဟပြလာကြတော့သည်။

လက်နက်ကိုယ်စီ ဆွဲကိုင်ကာ ရှောက်ယီလင်၏ ဂိုဏ်းသား တစ်ရာတစ်ဆယ့်ရှစ်ယောက်ကို ခုန်အုပ်လာသည်။

သူရဲကောင်း တစ်ရာတစ်ဆယ့်ရှစ်ယောက်တို့မှာ ပတ်ဝန်း ကျင်ကို ဂရုမစိုက်သော်လည်း သတိလစ်ဟင်း ပေါ့ဆကြသူများ မဟုတ်ကြ။

ရှောက်ယီလင် အမိန့် မပေးလိုက်ရ။

အသီးသီး လက်နက်ဆွဲထုတ်ကာ ခုခံတိုက်ခိုက်ပြီး ဖြစ်နေ၏။

အဖြစ်အပျက်က အလွန်ပင် လျှင်မြန်သည်။

အမှတ်မထင် အလစ်အငိုက်ဖမ်းသော တိုက်ပွဲ။

သို့သော် ရှောက်ယီလင်၏ သူရဲကောင်း တစ်ရာတစ်ဆယ့် ရှစ်ယောက်တို့က တိုက်ပွဲ ကို အေးဆေးတည်ငြိမ်စွာပင် ထိန်းချုပ် လိုက်နိုင်သည်။

လူသွားလူလာ အစိကလမ်းမကြီးပေါ်တွင် ဖြစ်ပွားသည့် တိုက် ပွဲမို့ လူတွေက ဝရုန်းသုန်းကား ဖြစ်ကုန်သည်။

တကယ့် ခရီးသည် အစစ်အမှန်များ၊ ချွေးသည်အစစ်များ၊ အပြစ်မဲ့ ပြည်သူများလည်း ထိခိုက် ဒဏ်ရာရသူရ၊ ထွက်ပြေးသူ ပြေး၊ အော်ဟစ်ဆဲသူဆဲဖြင့် အရှုပ်ရှုပ် အထွေးထွေး ဖြစ်ကုန်၏။

Scanned with ACE Scanner

"ပြည်မကြီး လခြမ်းကျွေး ဓားသမား စိရွှေချင်းက မင်းနဲ့ ဘာတော်သလဲ"

ရှောက်ယိလင်က အော်ဟစ်မေးလိုက်သည်။

ထိုမိန်းမက ပြန်မဖြေ။

မျက်နှာထား ခက်ထန် မာကျောလာကာ ရုတ်တရက် မြင်းလှည်းတန်းကို ကျော်ဖြတ်လိုက်သည်။

ထက်ဝင်းရွှဲနှင့် ချူးနန်ကုတို့ နှစ်ယောက်က သူ့အရင်ရှောက်နှင့်ကာ ပိတ်ဆို့ ဆီးတားလိုက်၏။

သို့သော် သူတို့နှစ်ယောက်၏ မျက်စိရှေ့မှာပင် ထိုမိန်းမ ပျောက်ကွယ်...မြေလျှိုးသွားခဲ့သည်။

ထက်ဝင်းရွှဲနှင့် ချူးနန်ကုတို့ အံ့အားသင့်ကုန်ကြ၏။

"ဒီမိန်းမက စိရွှေချင်းရဲ့ ညီမ ချိုချန်ချိုပဲ"

ထန်ဖန်းက ထိုမိန်းမ၏ အမည်နာမကို ရှောက်ယိလင်အား လှမ်းအော်ပြောသည်။

ရှောက်ယိလင် ခေါင်းညိတ်လိုက်၏။

"ကဲ ... မြင်းတွေကို လှည်းက ဖြုတ်လိုက်ကြစမ်း၊ တို့တတွေ အဲဒီမြင်းတွေနဲ့ လုစန်းတောင်ပေါ်ကို တက်ကြရလိမ့်မယ်"

ပန်းချောင်း ဂိုဏ်းသားများလည်း မြင်းများကို လှည်းမှဖြုတ်လိုက်ကြသည်။

စုစုပေါင်း မြင်းဆယ့်ငါးကောင် ရရှိသည်။

ရှောက်ယိလင်က မြင်းတစ်ကောင်ပေါ်သို့ ခုန်လွှားတက်စီးရန် ပြင်သည်။

"မစီးနဲ့ ..."

Scanned with ACE Scanner

အော်ဟစ်ဟန့်တားသံ ရုတ်တရက် ထွက်ပေါ်လာသည်။

အော်ဟစ်သံနှင့်အတူ လူတစ်ယောက်ကလည်း ခုန်လွှား ရောက်ရှိလာသည်။

ရောက်ရောက်ချင်းပင် ကိုယ်ဟန်ပြင်နေသော ရှောက်ယိလင်၏ ပခုံးကို သူ့လက်ဝါးဖြင့် ဖိချသည်။

ရှောက်ယိလင်က ပခုံးကို နှိမ့်ချကာ ထိုလူ၏ ညာလက်ကို လက်ပြန် ဖမ်းချုပ်လိုက်သည်။

ထိုသူက ရှောက်ယိလင်ကို ပြုံးပြုံးကြီး ကြည့်နေ၏။

လမ်းတေလေတစ်ယောက်။ စောစောက ခရီးသွားများ၊ ဈေးဆိုင်များတွင် လိုက်လံအလှူခံနေသည့် လမ်းတေလေ တစ်ယောက်ဖြစ်၏။

သူ့ခါးကြားတွင် အိတ်ခုနစ်လုံး ချည်နှောင်ထားသည်။ ထိုအိတ်ခုနစ်လုံးက သူ့ အဆင့်အတန်းကို ဖော်ပြနေပေသည်။

လမ်းတေလေဂိုဏ်းသည် သိုင်းလောက၌ အင်အားအတောင့်တင်းဆုံး အပျံ့နှံ့ဆုံးသော သိုင်းဂိုဏ်းကြီး ဖြစ်သည်။

ခါးတွင် အိတ်တစ်လုံး ချည်နှောင်ထားသူမှာ လမ်းတေလေဂိုဏ်း၏ အမာခံ အင်အားစုဝင် တစ်ယောက် ဖြစ်၏။

မျက်မှောက် ဂိုဏ်းချုပ်ကြီးသည် အိတ်ဆယ်လုံးသာ ချည်နှောင်ခွင့်ရှိပြီး ဂိုဏ်းဆရာ နှစ်ဦးတွင် အိတ်ကိုးလုံး ရှိ၏။ ယခု အိတ်ခုနစ်လုံး ချည်နှောင်ထားသူ လမ်းတေလေမှာ အဆင့်အတန်း အတော်ပင် မြင့်မားသူတစ်ယောက် ဖြစ်ရပေမည်။

ရှောက်ယိလင် ဖမ်းချုပ်ထားသော လက်ကိုလွှတ်ကာ ကမန်းကတန်းပင် တလေးတစား ဂါရဝ ပြုလိုက်သည်။

Scanned with ACE Scanner

နေမွန်းတည့်ပြီ။

အပူရှိန်က သိပ်မပြင်းထန်။

လေပြင်းကသာ တသုန်သုန် တိုက်ခတ်နေဆဲ။

ထန်မုံသည် ရွှေပါးစပ်နတ်ဆိုး ယန်ရှောက်ဆူ၏ စကားဆုံးလျှင် အကြီးအကျယ် ဒေါသထွက်သွားသည်။

အော်ငေါက်လျက် လက်နက်ပုန်းဖြင့် ပစ်ခတ်ရန် ဟန်ပြင်လျှင် ယန်ရှောက်ဆူက ထူးဆန်းသော အသံဖြင့် ရယ်မောလိုက်သည်။

"မင်းလက် မလှုပ်နဲ့၊ မင်း လက်လှုပ်လိုက်တာနဲ့ ငါ ချက်ချင်း ထွက်ပြေးသွားမှာပဲ"

ထန်မုံအား ပြောနေရင်းမှ မြေပြင်ပေါ်သို့ လက်ညှိုးညွှန်ကာ ...

"ငါသာ ခြေတစ်ချက် ဆောင့်လိုက်ရင် မြေလှျိုးပြီးသား ဖြစ်သွားလိမ့်မယ်၊ ချိချိန်ချိလိုပဲ မင်းတို့ ငါ့ကို ဘာမှ လုပ်နိုင်မှာ မဟုတ်ဘူး"

ထက်ဝင်းရွှဲ့က ထိုးဖောက်တက်သွားရန် ဟန်ပြင်သည်။

သို့သော် သူလည်း ရပ်တန့်လိုက်၏။

သူတို့နှင့် မလှမ်းမကမ်း တစ်နေရာမှ မြေပြင်ဆီမှ ခေါင်း တစ်လုံး ပြူထွက်လာသောကြောင့်ပင်တည်း။

ထိုခေါင်းကား မိန်းမတစ်ယောက်၏ ဦးခေါင်း။

ချိချန်ချိ၏ ဦးခေါင်းဖြစ်နေ၏။

"ရှကွမ်းမြို့မှာ တို့ဟာ လူနှစ်သုတ်ခွဲပြီး မင်းတို့ကို တားဆီး လုပ်ကြံကြတာပဲ၊ တစ်သုတ် အရေးနိမ့်သွားပေမယ့် တို့မှာ နောက် တစ်သုတ် ရှိသေးတယ်"

Scanned with ACE Scanner

ချိချန်ချိက အော်ပြောသည်။

ယန်ရှောက်ဆူက အေးတိအေးစက် ရယ်မောလျက် လက်ဝါးနှစ်ဘက်ကို ခပ်ခွာခွာထားလိုက်သည်။

"တို့ အနေနဲ့ မင်းတို့ကိုထပ်ပြီး တိုက်ခိုက်နိုင်သေးတယ်"

ယန်ရှောက်ဆူ၏ လက်ဝါးနှစ်ဘက် ထိတွေ့ကာ လက်ခုပ်တီးအသံပြုလိုက်လျှင် ဘေးပတ်ဝန်းကျင်ရှိ အိမ်များ၊ မြေအောက်လမ်းကြောင်းများမှ ဩဇာအာဏာဂိုဏ်း၏ အဆင့်မြင့် သိုင်းသမား တစ်ရာကျော် ထွက်ပေါ်လာနိုင်ပေသည်။

ပန်းချောင်းဓားဂိုဏ်းနှင့် သူသေ ကိုယ်သေ တိုက်ခိုက်နိုင်ပေသည်။ ပန်းချောင်းဓားဂိုဏ်းသည် ခေါင်းမရှိသော မြွေနဂါး ဖြစ်နေပေသည်။

ရှောက်ယိလင် သေဆုံးခဲ့ပြီ။

ရှောက်ယိလင် မရှိလျှင် သူတို့ကို ဦးဆောင်မည့်သူ မရှိတော့။

ထိုအချက်က ယန်ရှောက်ဆူနှင့် ချိချန်ချိတို့ နှစ်ယောက်အတွက် အားတက်စရာပင်တည်း။

သို့သော် ...

ယန်ရှောက်ဆူ၏ လက်ဝါးနှစ်ဖက်က မထိတွေ့လိုက်ရ။

လက်ခုပ်သံအဖြစ် မထွက်ပေါ်လိုက်ရ။

သေပြီဆိုပြီး လဲကျနေသော ရှောက်ယိလင်သည် မြေပြင်မှ ငါးဖယ်ခုန် ခုန်ထလာခဲ့သည်။

လက်တစ်ချက် လျှပ်ပြက်သလို လှုပ်လိုက်သည်နှင့် ယန်ရှောက်ဆူ၏ သွေးကြောကွက် ရှစ်ကွက်ကို ပိတ်ဆို့လိုက်ပြီး ဖြစ်နေတော့သည်။

ကို ဆုတ်ဖြဲချလိုက်သည်။ အတွင်းမှ ရွှေရောင်တစ်လက်လက် ပေါ်လွင်လာသည်။

"ပန်းချောင်းဓားဂိုဏ်း ရှောက်ဂေဟာမှာ အထွက်အမြတ် ရတနာ သုံးပါးရှိတာကို မင်း ကြားဖူးလား"

ယန်ရှောက်ဆူ ခေါင်းညိတ်ချင်သည်။ သို့သော် ရှောက်ယိလင်၏ သွေးကြောပိတ်ဆို့ထားသော အင်အားက အကြောထဲမှတစ်ဆင့် အရိုးထဲသို့ စူးစိမ့်ဝင်နေသဖြင့် ဟန်ပြကလေးပင် မလှုပ်နိုင်။

ရှောက်ဂေဟာ၏ အထွတ်အမြတ် ရတနာသုံးခုကို သူ ကောင်း စွာ သိရှိသည်။ ရှောက်မျိုးဆက်၏ ဓားမြတ်ရတနာကျမ်း၊ ဓားလှံ တိုးမဝင်နိုင်သော ရွှေသံချပ်ကာအင်္ကျီ၊ လူ အရှင်လတ်လတ် သေ ဟန်ဆောင်နိုင်သော မှုးမေ့ဆေးသုံးလုံး။ ရှောက်ယိလင်၏ ကိုယ်ပေါ်တွင် ဝတ်ဆင်ထားသည်မှာ ရွှေသံချပ်ကာ အင်္ကျီဖြစ်ပေသည်။

"မင်းကို ငါအစကတည်းက သတိထား ကြည့်နေမိတယ်၊ လမ်းတေလေဂိုဏ်းရဲ့ စည်းကမ်းချက်က တောင်းရမ်း အလှူခံပြီး မစားရဘူး၊ မင်းကတော့ သူရပ်သဏ္ဌာန်တူအောင် လုပ်နိုင်ပေမယ့် အဲဒီစည်းကမ်းချက်ကို သတိမထားမိဘဲ အလှူခံ စားတယ်၊ ဒီကတည်းက မင်းဟာ လမ်းတေလေဂိုဏ်းသား မဟုတ်ဘူးဆိုတာ ငါ သိနေတယ်"

ယန်ရှောက်ဆူမှာ ရှောက်ယိလင်ကိုသာ အငေးသား စိုက်ကြည့်နေမိသည်။

ရှောက်ယိလင်က ဆက်လက်၍ ...

"မြင်းကုန်းနှီးပေါ်က အဆိပ်ဆိုတာကလဲ မင်းရဲ့ လက်ချောင်း

Scanned with ACE Scanner

ထဲက အသင့်ဆောင်ထားပြီး ထုတ်ပြခဲ့တာပဲ၊ ချိချိန်ချိဟာ ရှုံးနိမ့်ပြီး ထွက်ပြေးခဲ့တာမို့ အဆိပ်အပ်နဲ့ စီစဥ်ဖို့ အချိန်မရခဲ့ဘူး၊ မင်းက လမ်းတေလေ ဂိုဏ်းသား ဟန်ဆောင်ထားကတည်းက မင်းမှာ တစ်စုံတစ်ခု အကြံအစည် ရှိနေပြီဆိုတာသိလို့ ငါ ကြိုတင် သတိထားကာကွယ်နေခဲ့တယ်၊ မင်း ငါ့ပခုံးကို လှမ်းပုတ်လိုက်ပြီး အဆိပ်အပ်နဲ့ ထိုးတာကိုလဲ ငါက တမင်တကာ ငြိမ်နေခဲ့တာ၊ မင်းကို တမင် ထိုးခွင့်ပြုခဲ့တာ၊ ငါကသာ ထိုးခွင့်မပြုရင် မင်းဟာ ငါ့ပခုံးကိုမပြောနဲ့ ငါ့ အင်္ကျီစကိုတောင် ထိအောင်ထိုးနိုင်မှာ မဟုတ်ဘူး"

ယန်ရှောက်ဆူ စိတ်ထဲမှ သံသယများ ရှင်းလင်းသွားတော့သည်။ သူ့စိတ် အစုအဝေးသည်လည်း စုံးစုံး နစ်မြုပ်သွားတော့၏။ ကျိုချူးချောက်လန်၊ ထက်ဝင်းရွှဲ၊ ချူးနန်ကုတို့မှာ ရှောက်ယိလင်ကို ပို၍ပင် ချီးကျူးလေးစားစိတ်များ တိုးပွားလာတော့သည်။

❋ ❋ ❋

ထန်ချမ်းဂိုဏ်း အဖြိုခွဲခံရပြီဆိုသော သတင်းစကားက ရှောက်ယိလင်၏ နားထဲသို့ တိုးဝင်လာသည်။ ဖြိုခွဲ လုပ်ကြံခံလိုက်ရသည့်နေရာက ထန်ခွမ်းတောင်အနီးရှိ ကျောက်စေတီကလေး နေရာ။

ရှောက်ယိလင်တို့မှာ အစကတည်းကပင် ထိုနေရာကို ဖြတ်ကျော်ရမည့် အစီအစဥ် ရှိပေသည်။ ယခု ထန်ချမ်းဂိုဏ်း အဖြိုခွဲခံရပြီဆိုသော သတင်းကို ကြားရသောအခါ သူတို့ တုန့်ဆိုင်းမနေတော့။

ကျောက်စေတီ ရှိရာသို့ အလျင်အမြန်ပင် ထွက်ခွာလာခဲ့ကြတော့သည်။

ရှောက်ယီလင်ကို မျက်နက်ကလေး ထောင့်ကပ်ကြည့်ကာ . . .

"ကျွန်မ ဘယ်သူဆိုတာ ရှင် တကယ်ပဲ သိချင်သလား"

ရှောက်ယီလင် မျက်မှောင်ကြုတ်ကာ ပြန်ကြည့်လိုက်သည်။

မိန်းမပျိုလေးက လျှာကလေးထုတ် ဇက်ကလေးပုလိုက်ပြီး . . .

"ရှင်သိချင်ရင်တော့ ကျွန်မ ပြောပြရတာပေါ့"

ရှောက်ယီလင်မှာ တဒင်္ဂအချိန်အတွင်း စိတ်ထဲ ပျော်ရွှင်မိသလို ခံစားလိုက်ရ၏။

သို့သော် ထိုအချိန်မှာပင် မိန်းမပျိုလေး၏ အင်္ကျီစတစ်ချက်လစ်ဟကာ ပစ္စည်းတစ်ခု ရုတ်တရက် ခုန်ပျံ ထွက်လာသည်။

ပီပြင်သဲကွဲစွာ မမြင်ရသေးခင်မှာပင် ထိုပစ္စည်းက အင်္ကျီအတွင်းသို့ လှစ်ခနဲ ပြန်ဝင်သွားခဲ့သည်။

မိန်းမပျိုလေးနှင့် အင်္ကျီတို့ သာမန်ကဲ့သို့ ရှိနေသည့်အလား။

ရှောက်ယီလင်မှာ တဒင်္ဂအတွင်း ဖြစ်ပေါ်ခဲ့သော ကိစ္စကြောင့် ကြက်သီးမွေးညင်းထကာ နောက်သို့ ခုန်ပျံလျက် ကျွမ်းနှစ်ပတ်မျှထိုး၍ ရှောင်တိမ်းပေးခဲ့ရသည်။ မြေပြင်သို့ ခြေထောက်ပြန်အကျတွင် သူ့မျက်နှာ၌ ဒေါသရောင်များ ထူထပ်စွာ ဖုံးလွှမ်းနေတော့၏။

"မင်းက မြေဘုရင်လား"

မိန်းမပျိုလေး မျက်နှာ ကွက်ခနဲ ပျက်သွား၏။

ချက်ချင်းပင် ဟန်ဆောင်ထိန်းချုပ်ကာ ကန္တဲ့ကလျလေး ရယ်လိုက်ပြန်သည်။

"အင်း . . . ရှင်ဟာ တကယ့်ကို နာမည်သတင်း ကျော်ကြားသင့်တဲ့ လူပါပဲ၊ ကျွန်မရဲ့ နတ်မြွေတိုက်ခိုက်မှု အန္တရာယ်က လွတ်အောင် ရှောင်ရှားနိုင်တဲ့သူဆိုတာ တကယ့်ကို ရှားရှားပါးပါးပဲ"

Scanned with ACE Scanner

လူအားလုံးမှာ အံ့သြထိတ်လန့်လွန်းကာ နောက်သို့ ခြေလှမ်းတစ်လှမ်းစီ ဆုတ်လိုက်ကြတော့သည်။

ဤမျှ နုနယ်လှပသော မိန်းမပျိုလေးတစ်ယောက်က သြဇာအာဏာဂိုဏ်းမှ မြွေဘုရင် ဖြစ်နေသည်ဆိုခြင်းက သူတို့အတွက် မယုံမှတ်နိုင်လောက်အောင် အံ့အားသင့်စေသည် မဟုတ်ပါလား။

ထိုအချိန်မှာပင် ဇရပ်အတွင်းမှ အဘိုးကြီးတစ်ယောက် လျှောက်ထွက်လာပြန်သည်။

အဘိုးကြီး၏ မျက်နှာသွင်ပြင်က မဟာကရုဏာတော် အရှင်သခင်တစ်ယောက်ပမာ ရှိနေ၏။

ထန်မုံက ထိုအဘိုးကြီးကို ကြည့်ပြီး ဒေါသသံဖြင့် မိန်းမပျိုလေးအား မေးသည်။

"သူကကော ဘယ်သူလဲ"

မိန်းမပျိုလေး ခေါင်းလှည့်လိုက်ကာ ထန်မုံကို ကြည့်၏။

ထန်မုံ၏ ဟိတ်ဟန်အရှိန်အဝါနှင့် ဒေါသခက်ထန်မှုက မိန်းမပျိုလေးကို အနည်းငယ် ထိတ်လန့်စေသည်။

"ရှင်ကကော ဘယ်သူလဲ"

"ထန်မုံ ... ထန်မျိုးဆက် မိသားစုရဲ့တိုက်က ထန်မုံ"

"သြော် ... လက်စသတ်တော့ တုကျုံးနယ် ထန်ရဲ့တိုက်က အဆင့်မြင့် သိုင်းသမားကြီး ထန်မုံဆိုတာ ရှင်ကိုး"

"အေး ... မင်းက တအံ့တသြ ဖြစ်နေရအောင် ဘာလုပ်ချင်လို့လဲ"

ထန်မုံ ဒေါသဖြင့် ပြောနေသလောက် မိန်းမပျိုလေးက ရယ်ရယ်မောမော ပေါ့ပေါ့ပြက်ပြက်ပင် ရှိနေသည်။

"ထန်မျိုးဆက်ရဲ့ လက်နက်ပုန်းက သိုင်းလောကမှာ ပြိုင်စံရှားတယ်လို့ သတင်းကြီးတယ်၊ အဟင်း ... ဟင်း ... ကျွန်မရဲ့ နတ်မြွေလောက် မြန်နိုင်မလား၊ အဆိပ် ပြင်းနိုင်မလားဆိုတာ ကြည့်ချင်သေးတယ်"

"မင်းရဲ့မြွေက ဘယ်မှာလဲ"

မိန်းမပျိုကလေးက အင်္ကျီစကို လက်ညိုးညွှန်လျက် ...

"ဟောဒီအင်္ကျီစထဲမှာ"

"မြွေဘုရင်ရဲ့ မြွေက တစ်ကောင်တည်းလား"

"မြွေထဲက ဘုရင်ဟာ တစ်ကောင်တည်းပဲ ရှိတယ်"

"အေး ... ဒါဆိုရင် ငါ အဲဒီ တစ်ကောင်ကိုပဲ သတ်မယ်"

ထန်မုံက ပြောပြီးသည်နှင့် လူကလည်း လှုပ်ရှားပြီး ဖြစ်နေသည်။

စောစောက မြက်စားနေသော ကျွဲနှစ်ကောင်အနက် တစ်ကောင်က အတောင်ပံပါသည့်အလား မိန်းမပျိုကလေးထံသို့ ပျံဝင်သွားသည်။

ထန်မုံက ကျွဲတစ်ကောင်လုံးကို မ,ယူကာ လက်နက်ပုန်းအဖြစ် ပစ်ပေါက်လိုက်ခြင်း ဖြစ်ပေသည်။ မြွေဘုရင်ကို အထင်မသေးရဲသောကြောင့် စ,စချင်း ကြီးမားသော လက်နက်ပုန်းကို အသုံးပြုကာ မိန်းမပျိုလေး၏ နုနယ်ပျော့နွဲ့သော အားနည်းချက်ကို အခွင့်ကောင်းယူ တိုက်ခိုက်လိုက်ခြင်းလည်း ဖြစ်ပေ၏။

မြွေဘုရင် မိန်းမပျိုလေးမှာ သူ့တစ်သက်တာတွင် ဤမျှကြီးမားသော လက်နက်ပုန်းကို မတွေ့ဖူးသဖြင့် မျက်နှာပျက်သွား၏။

လျှပ်တစ်ပြက် အတွင်းပင် ပျံဝင်လာသော ကျွဲကြီးကို ပွတ်

Scanned with ACE Scanner

ကာ သီကာ ရှောင်တိမ်းလိုက်ပြီး ထန်မုံဆီသို့ ရိပ်ခနဲ ခုန်ဝင်လာသည်။

ထန်မုံ၏ ရှေ့သို့ ရောက်သည်နှင့် အင်္ကျီစကို ရုတ်တရက် လှပ်ဟပြလိုက်သည်။

"ရှီး ..."

ပစ္စည်းတစ်ခုက လျှပ်ပြက်သည့်အလား လျင်မြန်စွာ ပျံထွက်လာသည်။

ထန်မုံက မာန်သွားအော်ဟစ်ကာ လက်ဖြင့် ဆီးဖမ်းသည်။

သူထံသို့ တိုးဝင်လာသော မြွေ၏ ခါးလယ်လောက်ကို တင်းကျပ်စွာ ဖမ်းမိသည်။

မြွေ၏ အလုံးအထည်က လက်သန်းလုံးလောက်ပင် မရှိ။

အရောင်အသွေးက မဟူရာကဲ့သို့ မည်းနက်ပြောင်ချောနေသည်။

ထန်မုံက ခါးဆစ်လောက်ကို ဖမ်းမိသော်လည်း မြွေမှာ တိုက်ပွဲအတွေ့အကြုံများစွာ ရရှိထားဟန်ဖြင့် ထန်မုံ၏ လက်သီးဆုပ်ကို နောက်သို့ ပြန်လှည့်ကာ ခဲလိုက်သည်။

"အား ..."

ထန်မုံက နာကျင်စွာ အော်ဟစ်လိုက်ပြီး ဖမ်းဆုပ်ထားသော လက်ကို တအားကုန် ဖျစ်ညှစ်သည်။

ဘယ်လက်မှ မြွေ၏ ကိုယ်ထည်ကို ဆွဲဆုတ်ဖြဲသည်။

မြွေက ရုန်းကန်သေးသည်။

သို့သော် ထန်မုံ၏ လက်နှစ်ဖက်ဖြင့် ဆွဲဖြဲခြင်းကြောင့် အပိုင်းပိုင်း ပြတ်တောက်သွားသည်။

မိန်းမပျိုလေး မျက်မှောင်ကြုတ်သွားမိသည်။

Scanned with ACE Scanner

မြွေက ကိုက်လိုက်ပါလျက် အဆိပ်သင့် မသေခဲ့ရသည်ကို အံ့သြသလို သူမ၏ မြွေကလေး သေဆုံးသွားရခြင်းအတွက်လည်း နှမြော ဒေါသဖြစ်နေ၏။

ထန်မုံအား မြွေကိုက်လျက် အသက်မဆုံးရခြင်းမှာ သူ့ လက်နှစ်ဘက်တွင် ရေခဲပိုးချည် ပိုးလက်အိတ် စွပ်ထားသောကြောင့်ပင် ဖြစ်ပေသည်။

ထန်မျိုးဆက် မိသားစု၏ လက်နက်ပုန်းတစ်ချို့တွင် အဆိပ် လက်နက်ပုန်းများ ပါရှိသည်။

ထန်မုံသည် သတိကောင်းသောသူ တစ်ယောက်ဖြစ်သည်မို့ အချိန်မရွေးပင် လက်အိတ်စွပ်ထားလေ့ ရှိသည်။

သည့်အတွက် မြွေဘုရင် အမျိုးသမီးလေး၏မြွေ အကိုက်ခံရ သော်လည်း အဆိပ်မသင့်ခြင်း ဖြစ်ပေသည်။

သို့သော် ထိုမြွေကို ဆုတ်ဆွဲ သတ်ဖြတ်ပစ်ပြီးသည့် အချိန်မှာပင် ထန်မုံသည် မျက်လုံးအစုံ ပြူးထွက်၍ ပါးစပ်ဟကာ တစ်ကိုယ်လုံးရှိ အရိုးအဆစ်များ တဖျစ်ဖျစ်မြည်လျက် နောက်သို့ ပက်လက်လန် လဲကျသွား၏။

သူ့မျက်နှာတစ်ပြင်လုံးမှာလည်း ရုတ်ခြည်းပင် မည်းနက်လာသည်။

ထန်မုံတစ်ယောက် မိန်းမပျိုလေးကို အာရုံ စူးစိုက်တိုက်ခိုက်နေစဉ် အဘိုးကြီးက သူ့ အင်္ကျီစထဲရှိ မြွေဖြင့် အလစ်လုပ်ကြံ သတ်ဖြတ်လိုက်ခြင်းပင်တည်း။

※ ※ ※

ထန်ဖိန်သည် ရိပ်ခနဲ ခုန်ဝင်လျက် ထန်မှုံကို ပွေ့ထူလိုက်သည်။ ထန်မှုံ၏ အကြောအခြင်အားလုံး တောင့်တင်းကာ ထွက်သက် ဝင်သက် မရှိတော့။

ကုပ်ပိုးတွင် အစွယ်ရာနှစ်တန်း ရှိနေသည်ကို ထန်ဖန်း သတိပြုမိသည်။

ထန်ဖန်း မျက်ရည်ကြည်များ ရစ်ဝဲလာသည်။

ရှေ့သို့ ခြေလှမ်း လှမ်းတက်လိုက်ကာ ...

"သူက ဘယ်သူလဲ"

အဘိုးကြီးအား လက်ညှိုးညွှန်လျက် မိန်းကလေးကို မေး၏။

မိန်းမပျိုလေးက ကနွဲ့ကလျ ရယ်လိုက်ပြန်သည်။

"မမက သိပ်လှတာပဲနော်"

ထန်ဖန်း၏ အလှကို ထုတ်ဖော်ချီးကျူးသော်လည်း မျက်လုံးများက သိပ်မတည်ငြိမ်။

ရှောက်ယိလင်သည် ထန်ဖန်း လုပ်ကြံခံရမည်ကို စိုးရိမ်လာသည်။

ကပျာကယာပင် ရှေ့သို့ တိုးတက်လာပြီး အဘိုးကြီးအား ညွှန်ပြလျက် ...

"ပြောစမ်း ... သူကကော ဘယ်သူလဲ"

အဘိုးကြီး၏ မျက်နှာအသွင်အပြင်က ကရုဏာရှင်တစ်ယောက်၏ မျက်နှာအသွင်အပြင်မျိုး မဟုတ်တော့။

လူအားလုံး၏ စိတ်အာရုံက သူ့အပေါ်သို့ စုပြုံရောက်ရှိလာခဲ့ပြီမို့ ဝင့်ကြွားသည့် အပြုံးမျိုး ပြုံးလိုက်၏။

"ငါ ဘယ်သူလဲဆိုတာ သူ့ကို ပြောပြလိုက်"

Scanned with ACE Scanner

မိန်းမပျိုလေးက ကိုယ်ကို လှုပ်ခတ်ရယ်ပြန်သည်။

"သူ ... မြွေဘုရင်"

ရှောက်ယီလင်က မျက်ခုံးနှစ်ဘက် တွန့်ကျုံ့သွားသည်။

"ဟင် ... သူကလဲ မြွေဘုရင်ဟုတ်လား"

အဘိုးကြီးက ရယ်မောလျက် ...

"မြွေဘုရင်ဟာ အစကတည်းက နှစ်ပါးရှိတာပဲ"

ရှောက်ယီလင် နှုတ်ဆိတ်သွားသည်။

လူအာလုံးကလည်း အဘိုးကြီးနှင့် မိန်းမပျိုလေးတို့အပေါ် အာရုံစိုက် ကြည့်မိသည်။

"မြွေဘုရင်ဟာ သိပ်ညို့တတ်တယ်၊ ထန်မုံဟာ မြွေဘုရင်ရဲ့ ညို့ငင်တာကို ခံရပြီး မြွေဘုရင်စကားကို ယုံစားခဲ့တယ်၊ မြွေဘုရင် တစ်ကောင်ပဲ ရှိတယ်လို့ ကျွန်မကပြောတော့ သူ့အာရုံက ကျွန်မကိုပဲ စူးစိုက် တိုက်ခိုက်တယ်၊ ကိုယ့်ကိုကိုယ် အစဉ်းစား အဆင်ခြင်နည်း တဲ့လူဟာ သေမယ်ဆိုလဲ သေထိုက်ပါတယ်လေ"

မိန်းမပျိုလေးက အောင်မြင်သည့် လေသံဖြင့် ပြောသည်။

ထန်ဖန်းမှာ မြွေဘုရင် နှစ်ယောက်စလုံးကို အလွန်ပင် နာကြည်း မုန်းတီးနေမိလေသည်။

"အေး ... နင်တို့ နှစ်ယောက်လဲ သေဖို့သင့်တယ်"

ပြောပြောဆိုဆိုပင် ဆက်လက်လှုပ်ရှားရန် ဟန်ပြင်သည်။

ထိုစဉ် မြွေဘုရင် မိန်းမပျိုလေးက ရတ်တရက် ဝါးပလွေ တစ်ခုကို ဆွဲထုတ်ပြီး သုံးကြိမ်နှစ်ခါ မှုတ်လိုက်သည်။

ထန်ဖန်း ရုတ်တရက် လက်တန့်သွားစဉ်တွင် ပတ်ဝန်းကျင် တစိုက်ဆီမှ တရှဲရှဲအသံများ ထွက်လာတော့သည်။

Scanned with ACE Scanner

မြွေတွန်သံများကလည်း အသည်းယားစရာ ကောင်းလောက်အောင် မြည်ဟည်းလာသည်။

လူအားလုံး နောက်သို့ လှည့်ကြည့်မိကြသည်။

မြွေများက အရာအထောင်မက တလူးလူး တလွန့်လွန့်ဖြင့်ထွက်လာကြသည်။

မြွေပွေး၊ မြွေဟောက်၊ သံကွင်းစွပ်၊ ငန်းတော်ကြား၊ မြွေစိမ်း၊ ပဒုတ်၊ ငန်းစောင်း အစရှိသော မြွေအမျိုးပေါင်း စုံလှသည်။

အရောင်ပေါင်း စုံလှသည်။

အရွယ်အစားပေါင်း စုံလှသည်။

ရောက်ယိလင် မျက်မှောင်ကြုတ်ကာ သူ့ဂိုဏ်းသားများအား အချက်ပြလိုက်သည်။

လူအယောက်ကိုးဆယ်က လှျပ်တစ်ပြက်ပင် စည်းဝိုင်းတစ်ခုအဖြစ် ဝိုင်းပတ်ထားလိုက်သည်။

စည်းဝိုင်းကြီး အတွင်း၌ ရောက်ယိလင်တို့နှင့် မြွေဘုရင်သာရှိကြသည်။

စည်းဝိုင်း တားထားသူများသည် သူတို့ တန်းယှက်ဆက်သွယ်ထားသော စည်းဝိုင်းအတွင်းသို့ မြွေတစ်ကောင်မျှ တိုးမဝင်တော့။

တိုးဝင်လာသည်နှင့် လှုပ်ရှား သတ်ဖြတ်ပြီး ဖြစ်နေသည်။

ထိုမြွေများမှာ အဘိုးကြီးနှင့် မိန်းမပျိုလေးတို့၏ အကျႌတွင်းမှမြွေများလောက် လျင်မြန်သွက်လက်ခြင်း၊ တိုက်ပွဲအတွေ့အကြုံရှိခြင်း မရှိသည့်အတွက် ပန်းချောင်းစားဂိုဏ်း သူရဲကောင်းများက ကောင်းစွာ ခုခံကာကွယ်နိုင်ခဲ့ပေသည်။

မိန်းကလေးမျက်နှာ စတင်ပျက်လာခဲ့ပြီ။

Scanned with ACE Scanner

သူ့အကျီစထဲမှ မြွေတစ်ကောင်က ထန်မုံ၏ သတ်ဖြတ်ခြင်းခံခဲ့ရပြီး ကျန်မြွေများကလည်း အတွင်းသို့ တိုးမဝင်လာနိုင်ခဲ့။

ရှောက်ယီလင် ရှေ့သို့ တစ်လှမ်းတိုးတက်လိုက်သည်။

မိန်းမပျိုလေးက နောက်သို့ ခြေလှမ်းတစ်လှမ်း ဆုတ်ပေးလိုက်သည်။

အဘိုးကြီးက ရှေ့သို့ ခြေလှမ်းတစ်လှမ်း တက်သည်။

ရှောက်ယီလင် မလှုပ်ရှား။

အမိန့်ပေးသံသာ ပြုသည်။

"ဆယ်နှစ် ..."

သူ့အမိန့်သံအဆုံးတွင် ဆယ်နှစ်အဖွဲ့ ထွက်လာသည်။

ထန်းရေအိုင်နယ် တာ့ကွမ် ပျော်ပွဲစားရုံ အပေါ်ထပ်တွင် မီးပြင်း နတ်ကိုယ်တော် ချိုက်ချီစင်းအား ဝန်းရံသကဲ့သို့ အဘိုးကြီးနှင့် မိန်းမ ပျိုလေးတို့ကို ဝိုင်းရံလိုက်သည်။

အဘိုးကြီးနှင့် မိန်းမပျိုလေးတို့မှာ အမူအရာ တည်ငြိမ်မှုမရှိတော့။

ထို ဆယ်ယောက်ကို တိုက်စစ်ဆင်သည်။

မရ... ။

ထိုဆယ်ယောက်မှာ တစ်ယောက်တည်းအလား၊ တစ်ယောက်မှာ ဆယ်ယောက် ဖြစ်နေသည့်အလား။

တစ်ယောက်ကို တိုက်ခိုက်သည်နှင့် ကျန် ကိုးယောက်က ဝင်ရောက်တိုက်ခိုက်ပြီး ဖြစ်နေသည်။

ပူးပေါင်းတိုက်ကွက်က လုံခြုံစေ့စပ် လှသည်။

တစ်ယောက်ချင်းကို ဖြို၍မရ။

အဘိုးအိုနှင့် မိန်းမပျိုလေးတို့ နှစ်ယောက်မှာ တဖြည်းဖြည်း မောဟိုက်လာကြသည်။

သူတို့သည် ဆယ်နှစ်အဖွဲ့၏ ထူးခြားသော တိုက်ကွက် လက်နက်များကို ခုခံ ကာကွယ်ရမည့်အပြင် ထန်ဖိန်၊ ထန်ဖန်းတို့၏ လက်နက်ပုန်းများကိုလည်း သတိထားရပေဦးမည်။

ဝန်းရံထားခြင်းမှ ထွက်ခွာသွားလျှင်လည်း ရှောက်ယိလင်၊ ထက်ဝင်းရွှဲ၊ ချူးနန်ကုနှင့် ကျိုချူးချောက်လန်၊ မာကျင်ကျုံး၊ အို့ယန်စန်းယိတို့၏ လက်မှ လွတ်မထွက်နိုင်။

အဘိုးကြီးနှင့် မိန်းမပျိုလေး စိတ်ထဲတွင် လေးလံထိုင်းမှိုင်းလာကြသည်။ အမှောင်က တဖြည်းဖြည်း သမ်းယုက်လာပြီ။

ထို့အတူ ရှောက်ယိလင်၏ စိတ်ထဲတွင်လည်း အနည်းငယ် လေးလံ ထိုင်းမှိုင်းလာ၏။

ဆယ့်နှစ်အဖွဲ့သည် မြွေဘုရင်နှစ်ယောက်ကို သတ်ဖြတ်နိုင်သည် ဆိုဦးတော့ ထိုက်တန်သော ပေးဆပ်မှုကို ပြုရပေလိမ့်မည်။

တစ်ယောက်မှ ဆယ်ယောက်အထိ။

တစ်ယောက် ကျဆုံးလျှင်ပင် ဆယ့်နှစ်အဖွဲ့ ပြိုကွဲသကဲ့သို့ ရှိချေပြီ။

ရှောက်ယိလင်အနေနှင့်လည်း ဆယ်နှစ်အဖွဲ့ကို ပေးဆပ်ခြင်း မပြုနိုင်။

အပြိုပျက် မခံနိုင်။

ဆယ့်နှစ်အဖွဲ့သည် သူ၏ အနှစ်သာရ အရှိဆုံးတပ်ဖွဲ့ ဖြစ်သလို ရှောက်ချူးရွှေ စုဆောင်း စီစဉ်ထားကဲ့သော အဖွဲ့အစည်းလည်း ဖြစ်သည်မို့ သူ အလွန်ပင် တန်ဘိုးထားသည်။

ဆယ်နှစ်အဖွဲ့ကိုသာ စတေးခံလိုက်ရလျှင် သူ့အတွက် အတောင့်တင်းဆုံးသော အင်အားစုများ မရှိတော့။

သို့သော် သူ့မျက်စိရှေ့တွင် တစ်စုံတစ်ယောက် တုံ့ခနဲ လဲကျ သေဆုံးသွားခဲ့ရသဖြင့် မြွေဘုရင်နှစ်ယောက်နှင့် ဆယ့်နှစ်အဖွဲ့ကို လဲလှယ် စတေးခံရမည်ဆိုလျှင် ရောက်ယိလင်အနေနှင့် ထိုက်တန်သည်ဟုပင် သတ်မှတ်ထားပေသည်။

စိတ်ထဲတွင်မူ ဆယ့်နှစ်အဖွဲ့ကို မပြိုပျက်စေလို၊ အစတေးမခံလို။ ထိုအချိန်မှာပင် အော်ဟာစ်သံက ရုတ်တရက် ထွက်ပေါ်လာသည်။

"အားလုံး ... ရပ်လိုက်ကြ၊ ငါ အဘိုးကြီး သူတို့ကို ဖြေရှင်းပေးမယ်"

ရောက်ယိလင် နောက်သို့ လှည့်ကြည့်လိုက်သည်။

အော်ဟာစ်သူမှာ ဝတ်ရုံနီကြီးကို ဝတ်ဆင်လာပြီး ခေါင်းတုံးက ပြောလက်နေသည်။

သူ့ တစ်ကိုယ်လုံးမှာ မီးစွဲလောင်နေသည့် ရုတ်ထုကြီးတစ်ခုနှယ်။

ခြေလှမ်းကျဲကြီးများဖြင့် ပန်းချောင်းစားဂိုဏ်း သူရဲကောင်းများ ဝန်းရံထားသည့် နေရာသို့ လျှောက်လှမ်းလာသည်။

သူလာရာ လမ်းတစ်လျှောက်တွင် မြွေများ တွန့်လိမ်ကာ သေဆုံးကုန်၏။

သူ ထွက်နိုင် ဝင်နိုင်အောင် ဘေးသို့ တိုးရှဲကြကုန်၏။

ရောက်ယိလင် အလွန်ပင် ဝမ်းသာသွားမိသည်။

ထိုသူ ရောက်ရှိလာခြင်းသည် သူ နှမြောစုံမက်သော ဆယ်နှစ်

အဖွဲ့ကို အစတေးမခံရရန် အခွင့်အလမ်းကောင်းတစ်ခု ဖြစ်တော့သည်။

သူသည် လက်တစ်ဖက် မြှောက်ကာ အပြင်စည်းမှ ဝန်းရံထားသော ပန်းချောင်းခါးကိုဏ်း သူရဲကောင်းများကို အချက်ပြလိုက်သည်။

သူရဲကောင်းများက လမ်းပေါက်တစ်ခု ဖွင့်ပေးသည်။

ထိုသူသည် ထိုလမ်းပေါက်မှ ဝင်ရောက်ကာ ရှောက်ယိလင်ရှေ့သို့ လျှောက်လှမ်းလာသည်။

ထိုသူကား တာ့ကွမ်းပျော်ပွဲစားရုံတွင် ရှောက်ယိလင်တို့နှင့် တွေ့ဆုံခဲ့သော မီးပြင်းနတ်ကိုယ်တော် ချိုက်ချိစင်း ဖြစ်ပေတော့သတည်း။

❋ ❋ ❋

"မြွေဘုရင် ... တို့ အခု မင်းတို့ကို ဝိုင်းထားလိုက်ပြီ"

ချိုက်ချိစင်းက ရောက်ရောက်ချင်း လက်တစ်ဖက် ဇော့ယမ်းကာ ပြောသည်။

အဘိုးအိုက အေးတိအေးစက်ပင် ရယ်မောနေ၏။

မိန်းမပျိုလေးမှာမူ ရန်စွယ်ငေါငေါ ထသွားတော့သည်။

"မိုးဘုရင်ကြီးကျူးရဲ့ နောက်လိုက်ခွေးကြီး၊ ရှင် ဘာလုပ်ချင်သလဲ"

မီးပြင်းနတ်ကိုယ်တော် ချိုက်ချိစင်းက ဂရုမစိုက်။ ရှောက်ယိလင်ဘက်သို့ လှည့်ကာ ...

"ဒီမြွေဘုရင် တစ်စုံကို ငါ့ဆီအပ်ထားခဲ့ပါ၊ မင်းတို့ ဒီမှာ နှောင့်နှေးမနေကြနဲ့တော့၊ သွားလိုရာကို ဆက်ပြီးသွားကြ"

မိုးဘုရင်ကျူး၏ လူများနှင့် ဩစာအာဏာဂိုဏ်းမှာ ယခင်ကတည်းက ရန်ဘက်များဖြစ်ကြသည်။

မီးပြင်းနတ်ကိုယ်တော်နှင့် မြွေဘုရင်တို့ တိုက်ခိုက်ခြင်းသည် အကောင်းဆုံး ပြိုင်ဘက်များ ဖြစ်ကြသလို ဆယ်နှစ်အဖွဲ့အတွက်လည်း အစတေးမခံရဘဲ လက်ရှောင်နိုင်သည့် အခွင့်အရေး တစ်ရပ်ပင် ဖြစ်လေသည်။

ရှောက်ယိလင် စိတ်ထဲကျိတ်၍ ဝမ်းသာပီတိ ဖြစ်မိသည်။

သူ ခေါင်းညိတ်ပြလိုက်သည်နှင့် မြွေဘုရင်နှစ်ယောက်ကို ဝိုင်း ရံထားသော ဆယ်နှစ်အဖွဲ့က လမ်းတစ်ခု ဖွင့်ပေးလိုက်၏။

အဘိုးကြီး အရယ်အပြုံးပျက်ကာ မျက်မှောင်ကြုတ်သွားသည်။

မိန်းမပျိုလေး မျက်နှာမှာ ဒေါသကြောင့် မာကျောခက်ထန်နေသည်။

မီးပြင်းနတ်ကိုယ်တော်သည် ဆယ်နှစ်အဖွဲ့ ဖွင့်ပေးခဲ့သော လမ်းစမှ တစ်လှမ်းချင်း ရှေ့သို့ လျှောက်ဝင်လာသည်။

အဘိုးကြီးက မီးပြင်းနတ်ကိုယ်တော်ကို စိုက်ကြည့်ကာ ...

"မင်းက ဒီမှာ လာအသေခံတာလား"

"ခင်ဗျားသာ သေဖို့ ပြင်ထားပေတော့"

နှစ်ယောက်သား စကားမဆုံးခင် သုံးယောက်စလုံး ပြိုင်တူပင် လှုပ်ရှား တိုက်ခိုက်ကြသည်။

မီးပြင်းကိုယ်တော်၏ လက်ဝါးနှစ်ဖက်မှ မီးကွင်းနှစ်ကွင်း ထွက်ပေါ်လာသည်။

အဘိုးကြီး အင်္ကျီစထဲမှ မြွေဘုရင်က လှစ်ခနဲ တိုးထွက်ပြီး ပြန်ဝင်သွားသည်။

Scanned with ACE Scanner

မိန်းမပျိုလေး၏ လက်ချောင်းဆယ်ချောင်းက ကျားလက်သည်းပမာ လှုပ်ရှားသည်။

သူတို့၏ တိုက်ကွက်များက သူတို့အချင်းချင်း တိုက်ခိုက်နေကြခြင်း မဟုတ်။

ဆယ်နှစ်အဖွဲ့ဆီသို့ ဦးတည် တိုက်ခိုက်လိုက်ခြင်း ဖြစ်၏။

ရောင်စုံအင်္ကျီနှင့် ဝမ်းနည်းဒေါသတို့ မီးကွင်းနှစ်ကွင်း အဖြစ်လောင်ကျွမ်းသွားသည်။

စင်ရော်ကိုယ်တော်၏ လည်မျိုတွင် မြွေစွယ်ရာနှစ်ရာ ထင်ကျန်ရစ်သည်။

တိမ်ဖြူ၏လည်ပင်းမှာ အညိုအမည်းစွဲကာ မျက်နှာက အစိမ်းရောင်သို့ ပြောင်းလဲသွားသည်။

ဆယ်နှစ်အဖွဲ့၏ အမာခံလူ လေးယောက်မှာ တစ်မုဟုတ်ချင်းမှာပင် ကြွေလွင့် သေဆုံးသွားခဲ့ရချေပြီ။

"မင်းရဲ့ ဆယ်နှစ်အဖွဲ့ကို ဖြိုကွဲပစ်လိုက်ပြီ"

မီးပြင်းနတ် ကိုယ်တော်က ရှောက်ယိလင်အား လှောင်ပြုံးပြုံးကာ ပြောသည်။

ရှောက်ယိလင်မှာ တစ်ဖက်သားကို ယုံကြည်လိုက်မိသဖြင့် မိမိ၏ တပင်တပန်း ကြိုးစား၍ စုစည်း လေ့ကျင့်ပေးထားရသော ဆယ်နှစ်အဖွဲ့ ပျက်စီးသွားသောကြောင့် စိတ်ထဲတွင် ကိုယ့်ကိုကိုယ် မကျေမနပ် ဖြစ်နေမိသည်။

သူ့မျက်နှာ အရိပ်အယောင်က အေးစက်တည်ငြိမ်နေသည်။ မျက်လုံးအလင်းတန်းက မီးပြင်းနတ် ကိုယ်တော်၏ ကိုယ်ပေါ်သို့ ရူးရဲ ထိုးဖောက်နေသည်။

Scanned with ACE Scanner

"ခင်ဗျား မီးပြင်းနတ် ကိုယ်တော် မဟုတ်ဘူး"

မီးပြင်းနတ် ကိုယ်တော် ဆိုသူက သွားဖြဲ ရယ်မောလိုက်သည်။

"ဟုတ်တယ်၊ ငါ ချိုက်ချိစင်း မဟုတ်ဘူး"

မိန်းမပျိုလေး၏ ဒေါသဖြင့် ခက်ထန်နေသော မျက်နှာမှာ ရုတ်ခြည်းပင် တိမ်စင်သော လ,နှယ် ဝင်းပပြုံးရယ်လာသည်။

"မြွေဘုရင်ဟာ သိပ်ညှို့အားကောင်းတယ်၊ မြွေဆိုတဲ့အတိုင်း ပရိယာယ် ကြွယ်တယ်၊ ရှင့်လို ဉာဏ်ကောင်းတဲ့ လူတစ်ယောက် တောင်မှ မြွေဘုရင်ရဲ့ ညှို့ချက်ကို ခံလိုက်ရသေးတာပဲ မဟုတ်လား"

အဘိုးကြီး၏ မျက်နှာမှာမူ အကြင်နာတရား ကရုဏာတရား အပြည့်အဝရှိသူ သူတော်စင်ကြီး တစ်ယောက်အသွင်သို့ ရောက်ရှိလာပြန်သည်။

"တကယ်တော့ မင်းနဲ့ငါဟာ ထန်းရေအိုင်နယ်မှာ ကတည်းက တိုက်ခိုက်ခဲ့ပြီးပြီ၊ ငါက မင်းကို တမင်သက်သက် မီးပြင်းနတ် ကိုယ်တော် ချိုက်ချိစင်းလို့ ထင်မှတ်အောင် အပိုကွက်လေးတစ် ကွက်အနေနဲ့ တာ့ကွမ်းပျော်ပွဲစားရုံမှာ လာတွေ့ခဲ့တာပဲ၊ ဒါမှ မင်းက ငါ့ကို ယုံကြည်ပြီး ကာကွယ်ဖို့ သတိမထားမှာပေါ့၊ ဒါကြောင့် အခု ငါက မင်းရဲ့ ဆယ်နှစ်အဖွဲ့ကြီးကို ဖြိုခွဲလိုက်နိုင်တာပေါ့"

မီးပြင်းနတ် ကိုယ်တော် အယောင်ဆောင်သူက ဝင့်ကြွားစွာ ပြောလိုက်သည်။

ရှောက်ယီလင် အံ့တင်းတင်း ကြိတ်လိုက်မိသည်။

"ခင်ဗျားက ဘယ်သူလဲ"

"ဩဇာအာဏာဂိုဏ်းထဲမှာ မီးဘုရင် ရှိတယ်ဆိုတာ မင်း မေ့နေသလား"

Scanned with ACE Scanner

ရောက်ယိလင်၏ မျက်လုံး အရောင်က မားသွားထက် ချွန်မြနေ၏။

"ဒါဆို ခင်ဗျားက မီးဘုရင် ကျူကျောင်းချန့်ပေါ့ ဟုတ်လား"

"ဟုတ်ပါ့ဗျာ၊ မလွဲပါဘူး"

ကျူးကျင်းချန့် ကျယ်လောင်စွာ ရယ်မောလိုက်သည်။

ရောက်ယိလင် စကားဆက်ပြောနိုင်ရန် အကြောင်းမရှိတော့ပေ။

လိမ်ညာသူ၏ စော်ကားခံရခြင်း၊ ရှုံးနိမ့်သူ၏ ရှက်ရွံ့ခြင်းကိုသာ မပြတ်တမ်း ခံစားနေရသည်။

ကျူကျောင်းချန့်က အရယ်အမောမပျက် ...

"မင်းတို့ ရောက်ဂေဟာက လူတွေဟာ တကယ့်ကို ပါရမီထူးချွန်တဲ့ လူတွေချည်းပဲ၊ ရောက်ချူးရှွေလို သိုင်းပညာ မလောက်လေး မလောက်စား တတ်တဲ့သူကတောင်မှ သက်တန့်နီတောင်မှာ ငါတို့ လိုက်သတ်တာကို လွတ်အောင် ရှောင်ပြေးနိုင်ခဲ့တယ်၊ သိပ်တော်တဲ့ သူငယ်ပဲ"

"ဒါပေမယ့် ဒီနေ့တော့ မင်းမှာ ပြေးပေါက် မရှိတော့ဘူး၊ ငါတို့ရဲ့ လူတွေက မင်းရဲ့ဆုတ်လမ်းကို ပိတ်ဆို့ထားလိုက်ပြီ"

အဘိုးကြီးက ဝင်ပြောသည်။

ရောက်ယိလင် အကြီးအကျယ်ပင် ဒေါသထွက်နေမိသည်။ သို့သော် သူ့ကိုယ်သူ တည်ငြိမ်အောင် ကြိုးစားသည်။ သတိကြီးစွာထားနေမိသည်။

မြွေကဲ့သို့ လူလို သတိတစ်ချက် လင်ဟင်းလျှင်၊ ဉာဏ်ရည်ဉာဏ်သွေး တစ်ချက်ကလေး လိုက်မမီ ဖျင်းသိမ်သွားလျှင် အလောင်း

သော်မှ အစအန ရှာရနိုင်မည် မဟုတ်ကြောင်း သူ ကောင်းကောင်း သိထားသည်။

"ယန်စီကျန်မြစ် တုတ်လေးချောင်းက ဘာကြောင့် ခင်ဗျား နောက်လိုက် လုပ်နေရတာလဲ"

ရှောက်ယီလင်က မကျေမနပ်ဖြင့် မေးသည်။

သူသည် ယန်စီကျန်မြစ် တုတ်လေးချောင်းကို ကောင်းစွာ သိရှိထားသည်။ ထို့ကြောင့်လည်း မီးဘုရင်ကို မီးပြင်းနတ် ကိုယ်တော်အပြစ် လွဲမှားသတ်မှတ်မိခြင်း ဖြစ်သည်။

သို့အတွက် သူသည် ကျူကျင်းချန့်၏ စကားထဲတွင် ထုတ်ဖော်ပြောခဲ့သော ရှောက်ချူးရွှေ၏ အကြောင်းကို သတိမထားမိဘဲ သူ အလိမ်အညာ ခံရသည်ကိုသာ မကျေမနပ် ဖြစ်နေသည်။

ထန်ဖန်းမှာမူ အချိန်ပြည့် ရှောက်ချူးရွှေကို သတိရနေမိသူမို့ ရှောက်ချူးရွှေ၏ အကြောင်း အစွန်းအစ ထွက်လာသည်နှင့် သူမ စိတ်ဝင်တစား ဖြစ်သွားမိသည်။

ရှောက်ချူးရွှေ သက်တန့်နီ တောင်ပေါ်သို့ သွားခဲ့ဖူးသလား။

မီးဘုရင်နှင့် တိုက်ခိုက်ခဲ့ဖူးသလား။

ရှောက်ချူးရွှေ မသေသေးဘူးလား။

ထို မေးခွန်းများက သူမ နှလုံးသားထဲတွင် ပဲ့တင်ရိုက်ခတ် မြည်ဟီးနေသည်။

သူမ သိသည်။

ရှောက်ချူးရွှေသည် သူမနှင့် မသိကျွမ်း မရင်းနှီးခင်က သက်တန့်နီတောင်သို့ လုံးဝသွားခဲ့ဖူးခြင်း မရှိ။

မီးဘုရင်နှင့်လည်း တွေ့ဆုံခဲ့ဖူးခြင်း မရှိ။

Scanned with ACE Scanner

သို့ဆိုလျှင် ...

ရောက်ချူးရွှေ ... ရောက်ချူးရွှေမှာ အသက် ရှင်သန်နေသေးသည်ပေါ့။

ထန်ဖန်းရင်ထဲ လှိုက်ခနဲ ဝမ်းသာသွားမိသည်။ ကျူကျောင်းချန့်အား မေးမြန်းဖို့ စိတ်ကူးသော်လည်း ရောက်ယိလင်က စကားမေးနေသဖြင့် အသာ ငြိမ်နေလိုက်ရသည်။

ကျူကျောင်းချန့် ခနဲ့ပြုံး ပြုံးလိုက်သည်။

"ယန်စီကျန်မြစ် တုထ်ချောင်းလေးချောင်း ကောင်းရောက်မြို့ကို ရောက်လာတဲ့အခါ တစ်ယောက်ကို ကျိုယိုခုံနဲ့ ကျုံးဝူလီတို့က သတ်ပစ်လိုက်ကြတယ်၊ ကျန်သုံးယောက်ကိုတော့ ဓားဘုရင်က ထိန်းချုပ်ပြီး ငါ့လက်ထဲ အပ်လိုက်တယ်၊ သူတို့ဟာ ဓားဘုရင်ရဲ့ အကျပ်ကိုင် ခြိမ်းခြောက်တာကို ခံနေရလို့ မလွှဲသာဘဲ ငါ့နောက်ကို လိုက်ခဲ့ရတယ်၊ ကဲ ... မင်းအခု အားလုံးကို သဘောပေါက်ပြီမဟုတ်လား"

"သဘောပေါက်ပြီ"

"ဒါဆို မင်းလဲ သေနိုင်ပြီ"

ကျူကျောင်းချန့်၏ တစ်ကိုယ်လုံး မီးတောက်များ ထပ်မံ လောင်ကျွမ်းလာဘိသကဲ့သို့ ...

တိုက်ပွဲက အပြင်းအထန် စပြီ။

ထန်ဖန်၏ မေးခွန်းသည်လည်း တိုက်ပွဲတွင် စုံးစုံးမြုပ်ခဲ့ပြီ။

ယင်းတိုက်ပွဲကြောင့် ပန်းချောင်းဓားဂိုဏ်းသည် သိုင်းလောကတွင် စုပ်စမြုပ်စ ပျောက်ကွယ်သွားနိုင်သည်။

နာမည် ဟိုးဟိုးကျော်ကာ ထင်ရှား ပေါ်လွင်လာနိုင်သည်။

Scanned with ACE Scanner

အတွေ့အကြုံ ကြွယ်ဝသူများပင် သွေးပျက် ချောက်ချ
လောက်သည့် ရှောက်ယီလင်နှင့် မီးဘုရင်၊ မြွေဘုရင်တို့၏ အကြိ
အနယ် တိုက်ပွဲကြီးပင် ဖြစ်တော့သတည်း။

❋ ❋ ❋

Scanned with ACE Scanner

# အခန်း (၃)

ရှောက်ချူးရှေ၏ တစ်ကိုယ်လုံး အေးခန့် ဖြစ်သွားသည်။

တောင်အောက်မှ ပင့်တိုက်လိုက်သည့်လေက သူ့ကို တွန်းပင့်တင်ထားသလို ဖြစ်နေသော်လည်း တစ်စုံတစ်ယောက်က သူ့ကို ဖက်တွယ် လိုက်ပါလာသဖြင့် ချောက်အောက်မှလေကို ဆန်ကာ အောက်သို့ တရိပ်ရိပ် ကျဆင်းလာသည်။

ချောက်အောက်တွင် ချောင်းမရှိ၊ မြစ်မရှိ၊ ရေပြင်မရှိ၊ ဘာရှိသည်ကိုပင် မမြင်နိုင်စွမ်းသော အမြင့်၊ ထိုအမြင့်မှ လိမ့်ကျလာသော လူတစ်ယောက်အဖို့ အသက်ရှင်သန်ရန် မဆိုထားဘိ အရိုးအသားကိုပင် တွဲလျှက် မြင်ရနိုင်စရာ အကြောင်းမရှိ။

သို့သော် ရှောက်ချူးရှေ၏ ကျောပြင်က မြေပြင်နှင့် ဖုတ်ခနဲ ထိတွေ့လိုက်သည့်တိုင် အရိုးကျိုးမသွား၊ အသား ပွန်းပဲ့မသွား။ သက်တောင့်သက်သာ ရှိလှသည်ဟုပင် ခံစားမိသည်။

သက်တော့သက်သာ မရှိသည်က သူ့ဝမ်းဗိုက်ကို တစ်စုံတစ်ယောက်က တိုက်ဆောင့်လိုက်ခြင်းပင်တည်း။

တစ်စုံတစ်ယောက်ဆိုသူမှာ အခြားသူ မဟုတ်။

ရှောက်ချူးရှေနှင့်အတူ တွဲဖက်လျက် ချောက်နက်ထဲသို့ ခုန်လိုက်ပါလာခဲ့သူ ဆုန့်မိန်ကျူးပင် ဖြစ်တော့သတည်း။

ဆုန့်မိန်ကျူး၏ ကိုယ်ခန္ဓာလေးက သေးသွယ်ပျော့ပျောင်း

Scanned with ACE Scanner

သော်လည်း အပေါ်မှ အရှိန်နှင့် ဆောင့်ကျလာသဖြင့် ရှောက်ချိုးရွှေ ပါးစပ်ကြီးဟာကာ နာကျင်စွာ ခံစားလိုက်ရ၏။ ပါးစပ်ဟာစဉ် သူ့ပါးစပ်အတွင်းသို့ ပျော့ပျောင်းသော အရာဝတ္ထုတစ်ခု ဝင်ရောက်လာသည်။

သူ့ ပါးစပ် ပြန်ပိတ်လိုက်သောအခါ ထိုအရာဝတ္ထုက သွားနှင့် အဖိကိုက်ခံရပြီး လတ်ဆတ်သော အရည်ကြည်များ ထွက်လာကာ ရှောက်ချိုးရွှေ၏ အစာအိမ်ထဲသို့ တစိမ့်စိမ့် စီးဝင်သွားသည်။

ရှောက်ချိုးရွှေသည် စောက်လျှိုလေ့ တိုက်ကျွေးခဲ့သဖြင့် အန္တမူလဆေး အဖိုစွန်း ဆေးလုံးကို စားသောက်ထားမိခဲ့ရာ ဆေးအရှိန်ကြောင့် နာကျင်မှုကို အစွမ်းကုန် ခံစားခဲ့ရသည်။

အသိစိတ်ကလည်း ဦးနှောက်ထဲတွင် ဝေရီဝေဝါးသာ ကျန်ရှိတော့သည်။ ရာဂရမ္မက်စိတ်များကသာ ဦးနှောက်ထဲသို့ အငွေ့တထောင်းထောင်း ထွက်နေသည်။ ယခု ချောက်အောက်သို့ကျပြီး ပါးစပ်ဟကာ ဝင်လာသော အရာဝတ္ထုတစ်ခုကို အမှတ်မထင် ဝါးလိုက်သဖြင့် ရာဂရမ္မက်စိတ်က အနည်းငယ် လျော့ပါးသွားသည်။

နာကျင်မှုကိုမူ မည်သို့မျှ မထိန်းချုပ်နိုင်ခဲ့။

ဦးခေါင်းတစ်ခုလုံး ပွင့်ပေါက် ကွဲကြေမတတ် ခံစားရကာ နောက်ဆုံးတွင် သတိလစ် မေ့မြောသွားတော့သည်။

❋ ❋ ❋

ရှောက်ချိုးရွှေ မည်မျှကြာအောင် မေ့မြောသွားခဲ့သည် မသိ။

သူ သတိရလာသောအခါ သူ့စိတ်နှလုံးထဲတွင် ရာဂမီး၊ ရမ္မက်မီးတို့ မငြိမ်းသေနိုင်သေးသည်ကို ဦးစွာ သတိရမိသည်။

Scanned with ACE Scanner

သို့သော် ထိန်းချုပ်နိုင်သည့် အဆင့်တွင် ရှိနေသည်မို့ သူသိပ်ဂရုမစိုက်။

လက်ရှိ သူ့ အခြေအနေ အဖြစ်အပျက်ကိုသာ ပြန်လည်သုံးသပ်ကြည့်မိသည်။

မြင်ရသော မြင်ကွင်းကြောင့် သူ့ကိုယ်သူပင် ကြက်သီးမွေးညင်းများ ထောင်ထသွားစေသည်။

သူ ကျောဖြင့်ကျရောက်ခဲ့သည့် အရာက မွေ့ယာတစ်ခု မဟုတ်။ ကောက်ရိုးပုံတစ်ပုံ မဟုတ်။

ချောက်၏ လေးပုံတစ်ပုံခန့်လောက်တွင် တောင်ခါးပန်းမှ ငေါထွက်နေသော တောင်စွယ်ကလေး တစ်ခုရှိနေသည်။

ထို တောင်စွယ်ကလေး၏ အကျယ်အဝန်းက ဆယ်ပေ၊ ဆယ့်ငါးပေ ပတ်လည်လောက်သာ ရှိပြီး ထိုဧရိယာလေး ပြည့်လုနီးပါးမျှ ပိုးကောင်အုပ်စု တစ်ခုက အုံဖွဲ့တည်ရှိနေသည်။

ပိုးကောင်၏ အရောင်က မြက်ပင်ကဲ့သို့။

အကောင်အရွယ်အစားက နံ့ကောင်ပမာဏမျှ ရှိသည်။

ထိုပိုးကောင်များ တစ်ကောင်ပေါ်တစ်ကောင် ထပ်ကာ လှုပ်ရှားနေသည်မှာ တစ်တောင်ခန့် အမြင့်ထု ရှိပေသည်။

ရှောက်ချူးရွှေသည် ထိုပိုးကောင်အုပ်စုပေါ်သို့ ကျောဖြင့် ဖိကျမိသောကြောင့် နာကျင်ခြင်း မခံစားခဲ့ရ။

စောစောက သူ့ပါးစပ်ထဲသို့ ဝင်ရောက်လာသည်မှာ ထိုပိုးကောင်ငယ်တစ်ကောင် ဖြစ်၏။

ထိုပိုးကောင်း၏ အရည်ကို မျိုချမိသဖြင့် သူ့ရင်ထဲက ရာဂစိတ်ကို အတော်အသင့် ထိန်းချုပ်နိုင်ခဲ့သည်။

Scanned with ACE Scanner

ထို့ကြောင့် ...

ရှောက်ချူးရွှေမှာ ဤပိုးကောင်လေးများသည် မည်သည့် ပိုးကောင်လေးများဖြစ်ကြောင်း ရိပ်မိလိုက်သည်။

စောက်လျှိုလေ့ ရှာမတွေ့ခဲ့သော သက်တန့်နီ တောင်ပေါ်တွင်သာ ရှားရှားပါးပါးရှိသည့် မြက်ပိုးကောင်ကလေးများ ဖြစ်နေပေသည်တကား။

ရှောက်ချူးရွှေ အလွန်ပင် တက်ကြွ ရွှင်လန်းသွား၏။

ဤမြက်ပိုးကောင်များရှိလျှင် သူ့ရင်ထဲတွင် ဒုက္ခပေးနေသော အဖိုစွန်း မူလဆေးလုံး၏ တန်ခိုးသတ္တိ ရာဂမီးကို ချေဖျက် ငြိမ်းသတ်နိုင်မည် မဟုတ်ပါလား။

"ရှင် ဘာကြောင်နေတာလဲ"

ဆည်းလည်းခတ်သလို ကြည်လင်သော စကားသံကလေးကြောင့် ရှောက်ချူးရွှေ မော်ကြည့်မိသည်။

ဆုန့်မိန်ကျူးကို တည်တည်ငြိမ်ငြိမ်ကလေးပင် တွေ့လိုက်ရသဖြင့် အံ့အားသင့်သွားမိသည်။

ဆုန့်မိန်ကျူး၏ မျက်လုံးများ၊ နှုတ်ခမ်းများတွင် ရမ္မက်၏ အရိပ်ယောင်များ ရှိမနေတော့။

"ဟင် ... မင်း ... မင်း ဘယ်လို"

ရှောက်ချူးရွှေ ထစ်တီးထစ်ငေါ့ မေးမိသည်။

သူ့စကား၏ ဆိုလိုရင်းကို ဆုန့်မိန်ကျူး ကောင်းစွာ နားလည်သဘောပေါက်သဖြင့် ပါးစုံနှစ်ဖက်တွင် ရှက်သွေးတက်လာကာ နီရဲသွားသည်။

"မြက်ပိုးကောင်ပုံထဲမှာ သံမဏိနှင်းဆီဆိုတာ ရှိတယ်၊ မြက်

ပိုးကောင်က အမခါတ်သတ္တိ သူမတူအောင် ထူးကဲသလို သံမဏိနှင်းဆီက အဖိုခါတ်သတ္တိမှာ ထူးထူးကဲကဲ အစွမ်းပြင်းထန်တယ်၊ ကျွန်မရဲ့ အတွင်းအားက ရှင့်ထက် ပိုကောင်းတော့ လိမ့်ကျပြီး မြွက်ပိုးကောင်ပေါ် ရောက်တာနဲ့ ဘာမှ ထိခိုက်အနာတရ မဖြစ်ဘဲ သံမဏိနှင်းဆီ သစ်သီးကို ခူးစားပစ်လိုက်တယ်၊ အဲဒီ သစ်သီးက ကျွန်မရဲ့ အမစွန်း မူလဆေးရဲ့ မလိုလားအပ်တဲ့ အာနိသင်တွေကို ထိန်းချုပ်ပစ်လိုက်တယ်၊ ဒါကြောင့် ရှင် ကျွန်မကို အခုလို တွေ့ရတာပဲ"

ရှောက်ချူးရှွေ သြခနဲ အာမေဍိတ်သံ ပြုမိသည်။

လုံးစေ့ ပတ်စေ့ ရှင်းပြမှပင် အကြောင်းစုံကိုလည်း သိသွားတော့သည်။ ဆုန့်မိန်ကျူးက နှုတ်ခမ်းကို ရှက်စိတ်ထိမ်းသည့် အနေဖြင့် ဖိကိုက်လိုက်ပြီးလျှင် ...

"ရှင်ဟာ တကယ့်ကို ချီးကျူးစရာကောင်းတဲ့ လူတော် လူကောင်းတစ်ယောက်ပဲ၊ လူ့အသိစိတ် ပျောက်လောက်အောင် ဆေးအစွမ်းပြနေတဲ့ အချိန်မှာတောင် ရှင့်စိတ်ကို ရှင် ထိန်းချုပ်နိုင်ခဲ့တယ်၊ ကျွန်မ ရှင့်ကို သိပ်ပြီး ကျေးဇူးတင်မိပါတယ်"

ရှောက်ချူးရှွေမှာ ဘာပြန်ပြောရမှန်း မသိဘဲ ငေးကြောင်နေမိသည်။

ဆုန့်မိန်ကျူးက ချစ်စဖွယ် နှုတ်ခမ်း နီရွေးရွေးလေးကို ရှုလိုက်ကာ ...

"ရှင် ဘာကြောင်နေတာလဲ၊ မြွက်ပိုးကောင်ရဲ့ အရည်ကို အမြန်ဆုံး ခပ်များများလေး စုပ်သောက်လိုက်လေ၊ နို့မို့ရင် ဆေးရဲ့ အာနိသင်ပြလာလို့ ...

"ဩ ... အင်း ... အင်း"

ရောက်ချူးရွှေမှာ အိမ်မက်မှ နိုးလာသကဲ့သို့ ဆူဖြိုးသော မြက်ပိုးကောင်အချို့ကို ဖမ်းယူကာ မျက်စိမှိတ်လျက် စားသောက်လိုက်သည်။

ဘယ်နှစ်ကောင် စားမိသည်ပင် မသိ။

ဆုန့်မိန်ကျူး၏ ရယ်မောသံ ထွက်လာမှပင် သူ အစားရပ်ကာ မျက်လုံး ဖွင့်ကြည့်လိုက်ရသည်။

"ရှင် ဒီလောက်ကြီးစားဖို့ မလိုပါဘူးလေ၊ ရှင့် စိတ်ကိုရှင် ထိန်းချုပ်လို့ ရပြီဆိုရင် ဆက်စားဖို့ မလိုတော့ပါဘူး"

ဆုန့်မိန်ကျူးမှာ ရောက်ချူးရွှေကို စကားပြောမိတိုင်း စိတ်ထဲတွင် လှုပ်လှုပ်ရှားရှားကလေး ဖြစ်သွားမိသည်။

သူမ တစ်သက်တာတွင် လျှို့ရွှေဖုန်းမှတစ်ပါး အခြားသော ယောကျ်ားများနှင့် ပရောပရည် မနေဘူးသလို စိတ်ဝင်စားခြင်းလည်း အလျှင်းမရှိခဲ့။

ရောက်ချူးရွှေ၏ ယောကျ်ားပီသသော အသွင်အပြင်၊ အခွင့်ကောင်းကြုံစဉ် အမြတ်မထုတ်တတ်သော ရိုးသားတည်ကြည်သည့် စိတ်ဓာတ်တို့ကြောင့် စိတ်ဝင်စားကာ သံယောဇဉ် ဖြစ်ချင်နေမိသည်။

သို့သော် ...

သူမ၏ ဣန္ဒြေကိုမူ အတတ်နိုင်ဆုံး ဖုံးလွှမ်းထိန်းချုပ်ထားပေသည်။

ရောက်ချူးရွှေသည် မြက်ပိုးကောင်၏ အရည်ကို စုတ်သောက်ခြင်း မပြုတော့ဘဲ သူ့အတွင်းအားကို တစ်ချက်မျှ စမ်းကြည့်လိုက်သည်။

ခန္ဓာကိုယ်ထဲတွင် အပူ မရှိတော့။

ရာဂရမ္မက်မီးများ မရှိတော့။

သူသည် မြက်ပိုးကောင်အရည် သောက်သုံးရခြင်းကို ရွံ့ရှာခဲ့သူ ဖြစ်သည်။

မလွှဲမရှောင်သာသောကြောင့်သာ ဆေးအဖြစ် ကြိတ်မှိတ်ကာ သောက်စားခဲ့ရသည်။

ယခု သူ့ ကိုယ်ခန္ဓာတွင် ရာဂရမ္မက်မီးများ ချုပ်ငြိမ်းသွားပြီမို့ မြက်ပိုးကောင်ကို ဆက်စားစရာ မလိုတော့။

ထို့ကြောင့် မြက်ပိုးကောင်ပေါ်မှ ခုန်ထကာ ကင်းလွတ်ကာ မြေကွက်တစ်နေရာသို့ ခုန်ဝင်သည်။

သူ တစ်ချက်ခုန်လိုက်သည်က မထင်မှတ်စွာ မြောက်တက်သွားသည်။

ချောက်တွင်းသို့ လိမ့်ကျလုမတတ် ဖြစ်သွားရာ ကမန်းကတန်းပင် ကိုယ်ဟန်ကို ထိန်းလိုက်ရသည်။

ကိုယ်နေဟန် ထိန်းချုပ်မှု၊ စိတ်တည်ငြိမ်မှု၊ စိတ်တိုင်းကျလှုပ်ရှားနိုင်မှုတို့က ရှောက်ချူးရှွေ့ ကိုယ်တိုင်ပင် တအံ့တဩ ဖြစ်နေမိသည်။

သူ့ အတွင်းအားက မူလထက် သုံးဆကျော် တိုးတက်လာခဲ့ပြီ။

အဖိုးစွန်း မူလဆေးလုံး၏ အာနိသင်နှင့် မြက်ပိုးကောင်အရည်၏ စွမ်းအားတို့ကြောင့် သိုင်းလောကသားတိုင်း အိပ်မက်မက်တောင့်တခဲ့သော နှစ်ခြောက်ဆယ် လေ့ကျင့်သည်နှင့် ညီမျှသော အတွင်းအားများ တိုးပွားလာခဲ့ရပြီ။

ရှောက်ချုးရွှေမှာ တဒင်္ဂအတွင်း အံ့ဩဝမ်းသာ ဖြစ်သွားတော့သည်။

"ခစ် … ခစ် … ခစ် … ရှင် သိပ်ဝမ်းသာနေသလား၊ ဝမ်းသာတာကို အသာထား၊ နည်းကောင်း လမ်းကောင်းကလေးလဲ ရှာကြည့်စမ်းပါဦး"

ရှောက်ချုးရွှေက ပြုံးတိပြုံးကြောင်ကြည့်ကာ …

"ဘာ နည်းလမ်းရှာရမှာလဲ"

ဆုန့်မိန်ကျူးက အပေါ်သို့ လက်ညှိုးထိုးပြသလို အောက်ဘက် ချောက်ထဲသို့လည်း ထိုးပြပြီး ရယ်မောလိုက်သည်။

"ကျွန်မတို့က အပေါ်မရောက် အောက်မရောက်နဲ့ ကျောက်တောင်နံရံရဲ့ အငူအစွယ်ကလေးပေါ်မှာ ရောက်နေကြရတာ မဟုတ်လား၊ အပေါ်တတ်ဖို့ ဒါမှမဟုတ်ရင် အောက်ဆင်းဖို့ နည်းလမ်းရှာရလိမ့်မယ်"

ရှောက်ချုးရွှေ ယခုမှပင် သတိရမိတော့သည်။

အပေါ်သို့ မော့ကြည့်လိုက်လျှင် မတ်စောက်သော ကျောက်နံရံက မိုးသို့ ဖောက်ထွက်လုမတတ် ကျောက်နံရံ၏ မျက်နှာပြင်က ကုတ်ကပ်တွယ်ချိတ်စရာ မရှိဘဲ ပြောင်ချောနေသည်။

အောက်ဘက်တွင်ကား မြေပြင်မှ ရှိပါသေးရဲ့လားဟုပင် ထင်မှတ်ရအောင် မြူခြေပိတ်ဆီးကာ တောင်ခြေရင်းကို မတွေ့ရ။

အဆင်းလမ်းကလည်း မရှိ၊ လမ်းခုလတ်တွင် ငေါထွက်နေသော အငူလေးပေါ်တွင် ကျရောက်နေရခြင်း။

ရှောက်ချုးရွှေသည် ယခုမှပင် စောက်လျှိုလေ့တစ်ယောက်သက်တန့်နီ တောင်ပေါ်သို့ ရောက်လာခဲ့ပြီး အဘယ်ကြောင့် မြက်

ပိုးကောင်ကို ရှာဖွေမတွေ့ရှိသလဲ ဆိုတာကို နားလည်သဘောပေါက်သွားသည်။

ဤချောက်ထဲသို့ တမင်တကာ ခုန်ချခြင်း မဟုတ်လျှင် အမှတ်မထင် လိမ့်ကျခဲ့ခြင်း မဟုတ်လျှင် ဤမြက်ပိုးကောင်ကို တွေ့ရှိနိုင်မည် မဟုတ်။

ခုန်ချသည် ဆိုဦးတော့၊ လိမ့်ကျသည် ဆိုဦးတော့ ဤတောင်စွယ်ငေါငေါ၊ ကျောက်စွယ်ငေါငေါလေး အပေါ်သို့ ကျရောက်ခြင်း မရှိလျှင် မြက်ပိုးကောင်ကို ရှာတွေ့မည်မဟုတ်။

ကံတရား၏ ဖေးမမှုကြောင့်သာ ရှောက်ချူးရွှေတို့ ဤတောင်စွယ် တောင်စွန်းကလေးပေါ်သို့ ရောက်ရှိကာ မြက်ပိုးကောင်အရည်နှင့် သံမဏိနှင်းဆီ အသီးကို စားသုံးနိုင်ခြင်း ဖြစ်ပေသည်။

ထို့ပြင် ရှောက်ချူးရွှေ၏ သစ္စာစောင့်သိမှု၊ သမာဓိ ခိုင်မာမှုက သူ့အတွက် ကောင်းမွန်သော ကံအကျိုးဆက် ဖြစ်ပေါ်လာသည်ဟုလည်း ဆိုနိုင်ပေသည်။

သို့သော် ချောမွတ်သော ကျောက်နံရံပြင်များကြောင့် အပေါ်သို့လည်း မတက်နိုင်၊ အောက်သို့လည်း မဆင်းနိုင်သော အခြေအနေတွင် ရှောက်ချူးရွှေတို့မှာ ကံကောင်းသည်ဟု ဆိုနိုင်ပါဦးမည်လား။

⁂ ⁂ ⁂

အမှောင်က သိပ်သည်းလာပြီ။

မိုးပြာရောင် ကောင်းကင်တွင် ငွေတံစဉ်ကွေးကွေးလေးက တိမ်ယာဉ်ပျံကိုစီးလျက် ငိုက်မျဉ်းနေသည်။

ရှောက်ချူးရွှေနှင့် ဆုန့်မိန်ကျူးတို့နှစ်ယောက်မှာ တောင်ခု

လတ်၏ အငူအစွယ်ကလေးပေါ်တွင် အထက်မကျ အောက်မကျနှင့် ရှိနေကြသည်။ အပေါ်သို့ တက်ရန် သူ့တွင် နည်းလမ်းမရှိသလို၊ အောက်သို့ ဆင်းရန်လည်း အကြံအစည် မထုတ်တတ်။

သူတို့၏ သိုင်းပညာနှင့် အတွင်းအားပညာ မည်မျှပင် မြင့်မားပါစေ၊ အထက်သို့လည်းကောင်း၊ အောက်သို့လည်းကောင်း တက်ရောက်ဆင်းသက်နိုင်စွမ်း မရှိကြ။

"အင်း ... "

ရောက်ချူးရွှေ သက်ပြင်းတစ်ချက် ချလိုက်သည်။

"ကျွန်မတို့ ဘယ်လို လုပ်ကြမလဲဟင်"

အဆင့်မြင့် သိုင်းပညာရှင်တစ်ယောက်ပင် ဖြစ်သော်လည်း မိန်းမနှင့် ယောကျ်ားစိတ်ဓာတ် ကွဲခိုင်ပုံချင်းက သည်နေရာတွင် စကားပြောလာသည်။

ဆုန့်မိန်ကျူး၏ မျက်လုံးကလေးက ရောက်ချူးရွှေကို အားကိုးတကြီး ကြည့်ကာဆိုလာသည်။

ရောက်ချူးရွှေလည်း ဘာတတ်နိုင်ပါမည်နည်း။

သို့သော် ယောကျ်ားဆိုသော ဖိုဝါဒ လက်ကိုင်ထားသူမို့ ဦးဆောင်ရမည့် တာဝန်ရှိရကား စိတ်ပျက် ပျော့ညံ့သည့်အသွင် မဖြစ်ပေါ်အောင် ထိန်းချုပ်ရပေသည်။

"လောလောဆယ်တော့ ဘာမှ လုပ်လို့မရသေးဘူး၊ ညကလဲ မှောင်လာပြီ၊ အကောင်းဆုံးကတော့ အနားယူတဲ့ အနေနဲ့ တစ်ရေးတမောလောက် အိပ်လိုက်ကြရင် ကောင်းမယ်၊ မနက် အိပ်ရာက နိုးလာတော့မှ ဒီနေရာက ဘယ်လိုရအောင် ထွက်ရမလဲဆိုတာ လေ့လာအကဲခတ်ပြီး စဉ်းစားကြည့်ရတာပေါ့"

Scanned with ACE Scanner

ရှောက်ချူးရှေ၏စကားကို ဆုန့်မိန်ကျူး ဘာမျှ ပြန်မပြော။ တောင်နံ့ရံတစ်ခုကို အသာမှီကာ ထိုင်နေလိုက်သည်။

ရှောက်ချူးရှေလည်း သူမနှင့် ခပ်လှမ်းလှမ်း တောင်နံ့ရံတစ်ခုကို ကျောမှီကာ ငိုက်မျဉ်းနေလိုက်သည်။

ငိုက်မျဉ်းသည်ဆိုသော်လည်း နှစ်ယောက်စလုံးမှာ အိပ်မပျော်နိုင်ကြ။ တမင်ပင် မိတ်စိမှိတ်ထားကြခြင်းသာ ဖြစ်သည်။ သူတို့၏စိတ်အတွေးထဲတွင် ညစ်နွမ်းသော အတွေးများ ရှိမနေ။

ဤချောက်ကမ်းပါး အလယ်မှ မည်သို့ လွတ်အောင်ထိုးထွက်ရမည်ကိုသာ ကြံဆနေကြသည်။ ကြံသာကြံဆနေရသော်လည်း လေကို လက်ဖြင့်လိုက်လံ ဆုပ်ဖမ်းနေရခြင်း ဖြစ်ကြောင်းကို သူတို့နှစ်ယောက်စလုံး သိရှိနားလည် မိကြသည်။

မြူနှင်းများက တဖွဲဖွဲ ကျဆင်းလာသည်။

ဟင်းလင်းပြင်ထဲတွင် နေရသည်မို့ ရှောက်ချူးရှေတို့ နှစ်ယောက်မှာ ခိုက်ခိုက်တုန်မျှပင် ချမ်းစီးကြ၏။

သို့သော် တစ်ယောက်ကို တစ်ယောက် ယုံကြည်စိတ်ဖြင့် နှစ်ယောက်စလုံးမှာ အတွင်းအား လှည့်ပတ်ခြင်းဖြင့် အအေးဒဏ်ကို ကာကွယ်ကြရသည်။

ရှောက်ချူးရှေ အတွင်းအားလှည့်ပတ်ခြင်းကို စိတ်ကျေနပ်အောင် ပြုလုပ်ပြီးလျှင် မိုးစင်စင်လင်းလာပြီ ဖြစ်၏။

သူ မျက်လုံး ဖွင့်ကြည့်လိုက်သောအခါ နှင်းမှုန်များအကြားမှ ဆုန့်မိန်ကျူး၏ မျက်လုံးအစုံကို အရင်ဆုံး တွေ့ရှိရသည်။

သူမ မျက်ဝန်းထဲတွင် ရှောက်ချူးရှေအား ခင်မင်လေးစားသည့် အကြည့်များ အပြည့်အဝ ပါဝင်နေသည်။

"ရှင် ပန်းချောင်းစားဂိုဏ်းကလူ မဟုတ်လား"

ဆုန့်မိန်ကျူးမှာ ဘာ စိတ်ကူးရသည်မသိ တစ်နေ့ကျော်ကျော်ခန့် အတူနေလာပြီးမှ ရှောက်ချူးရွှေ၏ ဇစ်မြစ်ကို ထုတ်ဖော် မေးမြန်းလိုက်၏။ ရှောက်ချူးရွှေ မျက်မှောင်ကလေး ကြုတ်လိုက်ကာ ...

"ဟုတ်တယ်၊ ကျုပ် ပန်းချောင်းစားဂိုဏ်းကပဲ"

"ရှောက်ယီလင်နဲ့ ရှင်က ဘာတော်စပ်သလဲ"

"ကျုပ် အစ်ကိုကြီးပါ"

ဆုန့်မိန်ကျူးက "သြော် ..."ဟု အာမေဋိတ်သံပြုပြီးနောက် ခိုးခိုးခစ်ခစ်ကလေး ရယ်မောလိုက်သည်။

"အဟင်းဟင်း ... ရှင့်အစ်ကိုဟာ သိုင်းလောကမှာ နာမည်ကျော်ကြားတဲ့ လူတစ်ယောက်ပဲ၊ ရှင့်ကျတော့ ... ခစ် ... ခစ် ..."

ရှောက်ချူးရွှေ မျက်နှာနီရဲသွားသည်။

သူ့ အာရုံကို ထန်ဖန်းဆီသို့ ဖျပ်ခနဲ ပို့လွှတ်လိုက်သည်။

ထန်ဖန်းအကြောင်း တွေးမိပြန်သောအခါ လှိုက်လှိုက်ဖိုဖိုလေး လွမ်းမောမိသည်။

အသက်ကို ခပ်ပြင်းပြင်းလေး ရှူရှိုက်လိုက်မှ လှုပ်ရှားနေသော သူ့ စိတ်ညစ်အထေးတစ်ခုက လွင့်ပျောက်သွားရသည်။

ဆုန့်မိန်ကျူးမှာ ရှောက်ချူးရွှေ၏ ထူးကဲသော အပြုအမူကြောင့် မျက်လုံးကလေးနှစ်လုံး ဝိုင်းစက်ရွှန်းလဲ့စွာ စူးစိုက်ကြည့်နေမိသည်။

မျက်တောင်ကော့ကြီးများကလည်း ယင်လွှဲသလို တဖျပ်ဖျပ်။

"ရှင် ဘယ်လိုဖြစ်သွားရတာလဲဟင် ကျွန်မ ပြောလိုက်တဲ့ စကားကို စိတ်ဆိုးသွားလို့လား"

Scanned with ACE Scanner

ရောက်ချူးရှေ့ သူမကို မကြည့်။

မျက်နှာ တူရူဆိသို့သာ ရိဝေစွာ ကြည့်နေမိသည်။

"မိန်းကလေးဆုန့်. . . "

"ရှင် . . . "

"ကျုပ်ဟာ ပန်းချောင်းဓားဂိုဏ်း ရောက်ဂေဟာရဲ့ မျိုးဆက်သွေး တစ်ယောက်ပဲ၊ ကျုပ်တို့ ပန်းချောင်းဓားဂိုဏ်း အခုလို ဒုက္ခအန္တရာယ် တွေ့ကြုံရတာဟာ မင်းတို့ ဩဇာအာဏာဂိုဏ်းက ပေးအပ်လိုက်တဲ့ အမွေတွေပဲ"

ရောက်ချူးရှေ့၏ စကားလုံးတိုင်းက ဓားသွားလို ထက်မြက်နေသည်။

လေသံကလည်း မာထန်မာန်ပါနေပါသည်။

ဆုန့်မိန်ကျူးမှာ မျက်လုံးကလေးများ အဝိုင်းသားဖြင့် ငေးကြည့် နေမိသည်။

"ပြီးတော့ မင်းဟာ လောင်ကျိုကို သတ်ပြီး ဝူချိုက်ကို ဒုက္ခိတ ဖြစ်အောင် တိုက်ခိုက်ခဲ့တယ်၊ သူတို့ဟာ မင်းအတွက် စေတနာထားပြီး ဟန့်တားခဲ့ပေမယ့် မင်းက သူတို့ကို မထင်မှတ်တဲ့ ကျေးဇူး တုံ့ပြန်ချက် ပေးခဲ့တယ်၊ သူတို့နှစ်ယောက်ဟာ ကျုပ်ရဲ့ သူငယ်ချင်း မိတ်ဆွေကောင်းတွေပဲ၊ ဒီကနေ့ ကိစ္စမှာကျတော့ ကျုပ်ဟာ မင်း အပေါ် မကောင်းခဲ့ဘူး၊ ဒီတော့ အခု နောက်ပိုင်းကစပြီး ကျုပ်တို့ဟာ ကျေးဇူးနဲ့ ရန်ငြိုးကို ခွဲခြားကြတော့မယ်၊ မင်းက ကျုပ်ကို သတ်နိုင် ရင် အသေသတ်သွားပါ၊ ကျုပ် တစ်ချက်ကလေးမှ ညည်းညူမှာ မဟုတ်ပါဘူး"

ဆုန့်မိန်ကျူးမှာ ဘာတွေများ ပြောဦးမလဲဟု နားထောင်နေရာ

မှ ကျေးဇူးနှင့် ရန်ငြိုးစကားကို ကြားလိုက်ရသောအခါ မျက်နှာထား တဖြည်းဖြည်း တင်းမာခက်ထန်လာသည်။

နှင်းငွေ့မြူငွေ့ကနေ တွေ့လိုက်ရသည်မို့ ပါးလျလွင့်စင်သွားလေရာ သူမ၏ မျက်နှာအမူအရာကို ရောက်ချူးရွှေ အထင်းသား မြင်နေရပေသည်။

"ရှင့် အတွင်းအားလောက်နဲ့ ကျွန်မကို ဒီလို ပြောဝံ့တယ်ဆိုတာ သိပ်ကို အံ့ဩဖို့ ကောင်းတယ်၊ ကျွန်မအနေနဲ့ ရှင့်ကို အချိန်မရွေး သတ်လို့ရတယ်ဆိုတာ ရှင် သိဖို့ကောင်းတယ်၊ အင်း … ဆယ်နှစ်တာကာလအတွင်းမှာ ကျွန်မကို ဒီလိုစကားမျိုး ဘယ်သူမှ မပြောရဲခဲ့ဘူး"

ဆုန့်မိန်ကျူး၏ ဒေါသမျက်နှာက တဖြည်းဖြည်း တင်းမာလာတော့သည်။

သူသည် လျှိုရွှေဖုန်းကို ကြောက်ရွံ့လေးစားသည် မှန်သော်လည်း လျှိုရွှေဖုန်မှာ သူ့ကို ခက်ထန်စွာ မပြောခဲ့ဘူး၊ ဒေါသငွေ့ ရိပ်ပင် မသန်းခဲ့။

လီချိန်ကြီးမှာ သူမ၏ ဂိုဏ်းချုပ်ဖြစ်သလို ဖခင်အရာ အစ်ကိုအရာတွင်လည်း ရှိနေသဖြင့် ပြောဆိုဆက်ဆံပုံချင်းက မတူညီ။

ရောက်ချူးရွှေလို အရွယ်မတိမ်းမယိမ်း လူတစ်ယောက်က ပြောဆိုလာသောအခါ သူ့ ဆံပင်ထဲမှ ဆံထိုးကို ဖြေးညင်းစွာ ဆွဲထုတ်လိုက်မိသည်။ ထို့နောက် ဖြေးညင်းစွာပင် ခေါင်းထဲသို့ ပြန်လည် ထိုးစိုက်ထားလိုက်၏။

ဒေါသလျှောက် အနည်းငယ် စိတ်လိုက်မာန်ပါ ပြုမိသော်လည်း ရောက်ချူးရွှေကို သူ မသတ်ရက်။

သူ့ ဒေါသများက အလိုလိုပင် သူ့ရင်ကို နွေးထွေးဆွတ်ပျံ့စေပြန်သည်။

ထိုစိတ်ခံစားမျိုး အဘယ်ကြောင့် ဖြစ်ပေါ်လာရသည်ကို ဆုန့်မိန်ကျူး ကိုယ်တိုင်ပင် မသိ။

"တကယ်လို့ ကိုယ်တော်လေး လျှို့ကသာ ရှင်နဲ့ကျွန်မ ဒီနေရာမှာ အတူတူရှိနေတာကို တွေ့ရရင် ရှင့်တစ်သက် ကောင်းကောင်း အသက်ရှင်ဖို့ စိတ်မကူးနဲ့တော့"

လျှို့ဖုန်းရွှေ၏ ရက်စက်ကြမ်းကြုတ်ခြင်းက သိုင်းလောကတွင် ထင်ရှား ကျော်ကြားသည်။

သြဇာအာဏာကိုဏ်း၏ ရက်စက်ယုတ်မာသော လုပ်ရပ်အားလုံးမှာ လျှို့ရွှေဖုန်း၏ အခါပေး အကြံအစည်များပင် ဖြစ်ပေသည်။

သို့အတွက် သိုင်းလောကသားတိုင်းမှာ လျှို့ရွှေဖုန်းအမည်ကြားယုံနှင့်ပင် လိပ်ပြာလွင့်စဉ်မတတ် ကြောက်ရွံ့ကြပေသည်။

ရောက်ချူးရွှေမှာ သိုင်းလောကထဲမှ သူမတူသော သိုင်းလောကသား တစ်ယောက်ပင် ဖြစ်ချေသည်။

"ကိစ္စမရှိပါဘူး၊ ဒီအကြောင်းတွေကို တစ်နေ့ကျရင် ကျုပ်ဟာ လျှို့ရွှေဖုန်းကို အသိပေး ထုတ်ပြောမှာပါ၊ ကျုပ် ပြောတာတွေကို သူ လက်ခံသွားရမှာပါ"

ဆုန့်မိန်ကျူးမှာ အံ့သြ ထိတ်လန့်လွန်းသဖြင့် တစ်ကိုယ်လုံးပင် သွေးဆုတ် ဖြူရော်သွားတော့သည်။

ရောက်ချူးရွှေ၏ သတ္တိသွေးများ ဤမျှ နီရဲနေလိမ့်မည်ဟု မစဉ်းစားမိသော ဆုန့်မိန်ကျူးမှာ ဒေါသလည်း ထွက်သွားမိတော့သည်။

Scanned with ACE Scanner

သူမ ဒေါသထွက်သည့် အမူ အရာက သာမန်မိန်းကလေး တစ်ယောက် စိတ်ဆိုး ဒေါသထွက်သည့်အသွင် ချစ်စဖွယ် ကောင်း လှသည်။

"ရှင် ... ရှင် ... တကယ်ပဲ ဒီလိုပြောရဲသလား"

"အမှန်တရားကို ပြောဖို့ဆိုရင် ကျုပ်မှာ ဘယ်တော့မှမခန်း သတ္တိအပြည့် ရှိတယ်"

ရှောက်ချူးရှွေသည် အူကျုန်းမြစ်တွင် ယန်ကွေကွေတို့ကို တိုက်ခိုက်သတ်ဖြတ်စဉ်က စိတ်သတ္တိမျိုး ပြန်လည် ဆုပ်ကိုင်ရ လာသည်။

သူ့ အမူအရာက ရဲရင့် တက်ကြွနေသည်။ သူ့ မျက်လုံးများ က အားမာန် အပြည့်အဝဖြင့် ရွှန်းလက် တောက်ပနေသည်။

ဆုန့်မိန်ကျူး၏ အမြင်အာရုံထဲတွင် ရှောက်ချူးရှွေ၏ ပုံရိပ်က တစ်မုဟုတ်ချင်း ပြောင်းလဲသွားသည်။

ကေသရာဇာ ခြင်္သေ့မင်း၏ အဟိတ်အဟန်မျိုး။

ထိုအချိန်မှာပင် တစ်စုံတရာ ပြုတ်ကျသည့်အသံက ချောက် ကမ်းပါးအပေါ်ဘက်ဆီမှ ထွက်ပေါ်လာသည်။

ရှောက်ချူးရှွေနှင့် ဆုန့်မိန်ကျူးတို့ ပြိုင်တူပင် ခေါင်းမော့ ကြည့်လိုက်မိကြသည်။

ကြိုးတစ်ချောင်း။

ကြိုးတစ်ချောင်းက ချောက်ကမ်းပါးထိပ်ဆီမှ တွဲလောင်းကျ နေသည်။

ကမ်းပါးထိပ်စွန်းပင် မမြင်ရသော နေရာမှ ကြိုးတစ်ချောင်း က အဘယ်ကြောင့် ကျလာရလေသနည်း။

ကြိုးစက အနည်းငယ်ပင် လှုပ်ယမ်းနေသည်။

လျှော်ကို အသေအခြာ လိမ်ကျစ်ထားသော ကြိုးရှည်။

အလုံးက ကျပ်ပြားဝိုင်းခန့် ရှိမည်။ လူတစ်ယောက်မက၊ လူနှစ်ယောက်၏ ကိုယ်အလေးချိန်ကို အသာပင် သယ်ဆောင်ယူသွားနိုင်သည်။

ကြိုးက တခဏမျှ ကြာသောအခါ မလှုပ်ယမ်းတော့။

ပကတိပင် ငြိမ်သက်နေ၏။

ရောက်ချူးရွှေ အံ့သြ ဝမ်းသာသွားမိသည်။

ကြိုးစကို ကိုင်ကာ တွယ်တက်သွားရန်ပြင်စဉ် ဆုန့်မိန်ကျူးက အလောတကြီးပင် တားဆီး၏။

"နေဦး ... မတတ်နဲ့ဦး၊ အပေါ်ကလူ အောက်ကို တွယ်ဆင်းလာသလားဆိုတာ စောင့်ကြည့်ရအောင်"

ကြိုးက ငြိမ်သက်မြဲ ငြိမ်သက်နေသည်။

အတန်ကြာသည့်တိုင် လှုပ်ရှား ယမ်းခါခြင်း မရှိ။

အပေါ်မှ တွယ်ဆင်းလာခြင်းလည်း မရှိ။

"ဒီကြိုးကို ကြည့်ရတာ ထောင်ချောက်တစ်ခုလို့ပဲ ကျွန်မစိတ်ထဲမှာ ထင်နေမိတယ်၊ တကယ်လို့ ကျွန်မတို့ တက်သွားပါပြီတဲ့၊ ခရီးတစ်ဝက်လောက်ရောက်မှ ကြိုးကို လှုပ်ယမ်းဖြတ်တောက်ပစ်လိုက်ရင် ..."

ဆုန့်မိန်ကျူးက စကားကို ဆက်မပြောဘဲ ချောက်အောက်ကို ငုံ့ကြည့်လိုက်ပြီး ပခုံးကို တွန့်ပြလိုက်သည်။ ရောက်ချူးရွှေကနားလည် သဘောပေါက်ဟန် ပြုံးပြလိုက်မိသည်။

ထိုအချိန်မှာပင် ချောက်ကမ်းပါးထိပ်ဆီမှ လူတစ်ယောက်၏

စကားသံက ကြေးခေါင်းလောင်းကြီး ထုလိုက်သလို ကျယ်လောင်စွာ ထွက်ပေါ်လာတော့သည်။

"ချောက်ထဲက ချာတိတ်နှစ်ယောက် မြန်မြန်တက်လာခဲ့ကြလေ၊ တောင်ခုလတ်မှာ အစိုပ္ပါယ်မရှိ သေချင်ကြလို့လား"

ရှောက်ချူးရွှေနှင့် ဆုန့်မိန်ကျူးတို့ နှစ်ယောက် အချင်းချင်း ငေးကြောင် ကြည့်နေမိကြတော့သည်။

ချောက်ကမ်းပါးထိပ်မှ ထွက်ပေါ်လာသော စကားသံသည် သူတို့နားနှင့် စိမ်းသော စကားသံ ဖြစ်နေသည်။

ထို့ပြင် ကမ်းပါးထိပ်နှင့် သူတို့ရောက်ရှိနေကြသော နေရာမှာ ပေပေါင်း လေးငါးရာခန့် ကွာဝေးလှသည်။

ကမ်းပါးထိပ်ပေါ်တွင် ရောက်ရှိနေသောသူက မိမိတို့ နှစ်ယောက် ပြောဆိုနေကြသော စကားကို ကြားသိသည် ဆိုခြင်းဖြင့် ထိုသူ၏ အတွင်းအား နက်ရှိုင်းမှုမှာ ကြောက်စရာပင် ကောင်းလှချေသည်။

ထို့ပြင် ထိုလူ၏ သက်တောင့်သက်သာ ပြောလိုက်သည့် စကားသံက မိမိတို့၏ နားစည်ကို လွင်လွင် လှုပ်လှုပ်ကလေး ရိုက်ခတ်သွားသဖြင့် ရှောက်ချူးရွှေတို့မှာ ထိတ်လန့် တုန်လှုပ်သွားမိကြတော့သည်။

သို့သော် သူတို့အတွက် ထိတ်လန့် တုန်လှုပ်ခွင့်အချိန်ပင် မရလိုက်။

နောက်ထပ် စကားသံတစ်သံက ထပ်မံထွက်ပေါ်လာပြန်သည်။

"ဘာတွေ ချီတုံချတုံ ဖြစ်နေကြတာလဲ၊ မင်းတို့ ချာတိတ်နှစ်ယောက်ကို ငါတို့ မကောင်းကြံချင်ရင် ဒီအတိုင်း ပစ်ထားလိုက်

ရင် ပြီးတာပဲ၊ ဘာဖြစ်လို့ ကြိုးချပေးပြီး မင်းတို့ကို အပေါ်တက်ခိုင်းတော့မှာလဲ"

နောက်ထပ် ထွက်ပေါ်လာသည့် စကားသံက အခြားလူ တစ်ယောက်၏ စကားသံဖြစ်၏။

ထိုသူ၏ စကားသံကို နားထောင်ခြင်းဖြင့် ပထမ ပြောလိုက်သူ၏ အတွင်းအားထက် အောက်မရောက်ပေ။

ရောက်ချူးရွှေသည် တောင်ထိပ်ပေါ်တွင် အနည်းဆုံး လူနှစ်ယောက်ရှိနေပြီး ထိုသူနှစ်ယောက်၏ အတွင်းအားက ထက်မြက်နက်ရှိုင်းလွန်းသည်ဖြစ်ကြောင်း သိရှိလိုက်သည်။

ဆုန့်မိန်ကျူးက ခေါင်းဆတ်ညိတ်ပြလိုက်သည်။

ထို့နောက် သူတို့နှစ်ယောက်သည် တောင်ထိပ်ပေါ်သို့ ကြိုးကို ခိုတွယ်ကာ တက်လာကြတော့သည်။

သူတို့၏ အတွင်းအားများက များစွာပင် တိုးတက်မြင့်မားလာသောကြောင့် ကြိုးကို လက်နှစ်ဖက်ကကိုင် ခြေထောက်က ချောက်နံရံကို ထောက်ကန်တက်ကြရာ လမ်းခုလတ်တွင် အနားယူခြင်းပင် မရှိ။

မောပမ်းနွမ်းနယ်ခြင်းလည်း အလျဉ်းမရှိကြ၊ တောင်ထိပ်ပေါ်သို့ တရိပ်ရိပ် တက်လာနိုင်ကြသည်။ တောင်ထိပ်အနီးသို့ ရောက်သောအခါ သူတို့နှစ်ယောက်ကို တွေ့လိုက်ကြ၏။

ဝတ်စုံဖြူ ဝတ်ထားသော လူနှစ်ယောက် ဖြစ်၏။

ထိုလူနှစ်ယောက်၏ ဦးခေါင်းထက်တွင် ပညာရှိပရောဟိတ်များ ဆောင်းကြသည့် ဦးသျှောင်ကို ကိုယ်စီ ဆောင်းထားကြသည်။

အသက်အရွယ်က အလွန်ပင် အိုးမင်းရင့်ရော်လှချေပြီ။

ခုနစ်ဆယ်ကျော် ရှစ်ဆယ် ပတ်ဝန်းကျင်ခန့် ရှိမည်။

သူတို့၏ မုတ်ဆိတ်များ၊ ဆံပင်များက အညိုရောင်ပင် တစ်ချောင်းတလေးမှ မသန်း၊ အားလုံး ငွေမင်ရောင် ဆွတ်ဆွတ်ဖြူ နေသည်။

သို့သော် သူတို့၏ ကိုယ်ခန္ဓာကမူ အသက်အရွယ်နှင့် မမျှ အောင်ပင် ကြံ့ခိုင်သန်စွမ်းကြသည်။

မျက်လုံးအစုံကလည်း စူးရှတောက်လက်ကာ အင်အားကြီး မားသော အလင်းရောင် ရှိသည်။

သူတို့နှစ်ယောက်သည် စောက်လျှိုလေ့၏ အလောင်းဘေးတွင် ရပ်နေကြသည်။

ဆုန့်မိန်ကျူးမှာ လိမ်ပြာမလုံသူမို့ သူ့ကိုယ်သူ ကြိုတင်၍ ကာကွယ်မှုယူရန် စိတ်ကူးထားသည်။

ရှောက်ချူးရွှေကမူ ဘာမျှနားမလည်နိုင်ဘဲ ငေးကြောင်ကြည့် နေမိသည်။

အဘိုးအို နှစ်ယောက်အနက် ရွှေရောင်ဦးသျှောင် ဆောင်းထား သော အဘိုးအိုက ရှောက်ချူးရွှေကို ပြုံးရယ်ကြည့်ကာ ...

"မင်းတို့နှစ်ယောက် သူများ တွန်းချတာကို ခံလိုက်ရတယ် မဟုတ်လား"

ပြောရင်းမှ မြေပြင်ပေါ်တွင် သေဆုံးနေသည်မှာ ကြာမြင့်ခဲ့ ပြီဖြစ်သော စောက်လျှိုလေ့၏ အလောင်းကို လက်ညှိုးညွှန်ပြသည်။

အခြား ငွေရောင်ဦးသျှောင် ဆောင်းထားသူ အဘိုးအိုက နှစ်လိုစဖွယ် ပြုံးလိုက်သည်။

"မင်းတို့ ဘာမှ စိုးရိမ်မနေကြနဲ့၊ တို့က မင်းတို့ကို အပေါ်

ရောက်အောင် ကယ်တင်လိုက်တာ ဘာအကျိုးအမြတ်မှ မလိုချင်ပါဘူး၊ ဒါပေမယ့် တို့အတွက် ဒိုင်လူကြီးတော့ လုပ်ပေးရလိမ့်မယ်"

ရောက်ချူးရှေ တအံ့တသြ ဖြစ်သွား၏။

"ဒိုင်လူကြီး လုပ်ခိုင်းမလို့ ဟုတ်လား"

ရွှေရောင်ဦးသျှောင် ဆောင်းထားသည့် အဘိုးကြီးက ခေါင်းညိတ်ပြလိုက်သည်။

ဆုန့်မိန်ကျူးမှာ ထိုနှစ်ယောက်ကို အသေအချာ အကဲခတ်ကြည့်ပြီးလျှင် ...

"လူကြီးမင်းတို့ဟာ ဝူတန်းဂိုဏ်းက ထက်ချီ ကိုယ်တော်နဲ့ ယင်ဖိန် ကိုယ်တော်ပါလားရှင်"

အဘိုးကြီးနှစ်ယောက် ကျေကျေနပ်နပ်ပင် ပြုံးရယ်ကာ မုတ်ဆိတ်ဖြူများကို ပွတ်သပ်လိုက်၏။

"ဟုတ်တယ် ... တို့ဟာ ထက်ချီနဲ့ ယင်ဖိန်ပဲ"

ရောက်ချူးရှေ ခေါင်းထဲတွင် ဝုန်းခနဲ မြည်ဟည်းသွားတော့၏။

သူသည်လည်း မြေပြင်ပေါ်သို့ လဲကျမတတ် ဖြစ်သွားသဖြင့် အတော်ပင် သတိကို ထိန်းချုပ်ထားလိုက်၏။

ထက်ချီနှင့် ယင်ဖိန်တို့နှစ်ယောက်သည် အမှန်တကယ်ပင် အမည်နာမ ကျော်ကြားလှပေသည်။

သိုင်းလောကရှိ ဂိုဏ်းအဖွဲ့ အသီးသီးသည် နှစ်ပေါင်းအနည်းငယ်အတွင်း အောင်မြင်ကျော်ကြားသော်လည်း ကြာရှည်မခံ၊ ကာလတိုအတွင်း တဖြုတ်ဖြုတ် ကြွေသက်ခဲ့ရတတ်ပေသည်။

နှစ်ပေါင်း လေးငါးရာမျှ သက်တမ်းကြာမြင့်အောင် နာမည်မကျဘဲ သိုင်းလောက၏ လူထူးလူချွန်များ ဆက်တိုက် မွေးဖွား

ဦးဆောင်နေသည်မှာ ရှောင်လင်ဂိုဏ်းနှင့် ဝူတန်ဂိုဏ်းတို့သာလျှင် ရှိပေသည်။

ရှောင်လင်ဂိုဏ်း၏ ဂိုဏ်းချုပ်မှာ ထင်းကျင့် ဆရာတော်ဖြစ်ပြီး ဝူတန်းဂိုဏ်း၏ ဂိုဏ်းချုပ်မှာ ထိုက်ရှန်ကိုယ်တော် ဖြစ်ပေသည်။

ထို ဂိုဏ်းနှစ်ဂိုဏ်းသည် အမြဲတမ်းပင် အချင်းချင်း ကူညီရိုင်းပင်းလေ့ရှိပြီး သိုင်းလောက တစ်လွှားတွင် ဂိုဏ်းခွဲ၊ ဂိုဏ်းသားနေရာအနှံ့အပြားတွင် ရှိပေသည်။

ဝူတန်းဂိုဏ်း၏ ထိုက်ရှန်ကိုယ်တော်မှာ အမည်ဂုဏ်သတင်းကျော်ကြားသည်ကလွဲ၍ သူ့ ညီတော်နှစ်ယောက် ဖြစ်ကြသော ဝိုချဲကိုယ်တော်နှင့် သာမာန်လူဝတ်ကြောင် ကျိုဖေးဖန်တို့လောက်သိုင်းပညာ မမြင့်မား။ သို့သော် ထိုက်ရှန်ကိုယ်တော်၏ အစွမ်းအစကလည်း ပေါ့သေးသေး မဟုတ်။ ဝူတန်းဂိုဏ်းတွင် သူနှင့် ပခုံးချင်းယှဉ်နိုင်သူဟူ၍ ဂိုဏ်းဆရာ နှစ်ယောက်သာ ကျန်ရှိသည်။

ယင်းဂိုဏ်းဆရာ နှစ်ယောက်မှာ ထက်ချိနှင့် ယင်ဖိန်တို့ပင်တည်း။

သူတို့နှစ်ယောက်သည် လွန်ခဲ့သော နှစ်ပေါင်း ငါးဆယ်ကျော်ကတည်းကပင် သိုင်းလောက၌ နာမည်ကျော်ကြားခဲ့ပြီး ဖြစ်သည်။

သူတို့၏ အရည်အချင်း အဆင့်အတန်းနှင့် ဆိုလျှင် ဩဇာအာဏာဂိုဏ်း၏ မိုးဘုရင်ကြီး ရှစ်ပါးမှာ လမင်းနှင့် ပိုးစုန်းကြူးပမာ အရောင်မှိန် သေးငယ်သွားရပေလိမ့်မည်။

ယခု ရှောက်ချူးရွှေမှာ သေတွင်းမှ လွတ်ကင်းသည်နှင့် ထိုသိုင်းလောက ထိပ်သီးနှစ်ယောက်ကို တွေ့ဆုံခဲ့ရလေပြီ။

"တို့ နှစ်ယောက်ဟာ ဂိုဏ်းချုပ်နောက်ကွယ်မှာ သိုင်းပညာ

Scanned with ACE Scanner

ချင်း ယှဉ်ပြိုင်လာခဲ့တာ နှစ်ပေါင်း ငါးဆယ်ကျော်ခဲ့ပြီ၊ အခုထက်ထိ တစ်ယောက်ကိုတစ်ယောက် အရှုံးအနိုင် မပေါ်ကြသေးဘူး၊ အခု ဂိုဏ်းချုပ်အလစ်မှာ ထပ်ပြီး ယှဉ်ပြိုင်ကြည့်ဖို့ ဟောဒီ သက်တန့်နီတောင်ကို တက်လာခဲ့ကြတာ၊ ဒီမှာ တို့ တစ်ပွဲလောက် တိုက်ခိုက်ကြည့်မယ်၊ ဒါပေမယ့် ဘယ်သူရှုံးတယ်၊ ဘယ်သူနိုင်တယ် ဆိုတာ ဝေခွဲဖို့အတွက် ဒိုင်လူကြီး မရှိဘဲ ဖြစ်နေတယ်၊ မင်းတို့ နှစ်ယောက် စကားပြောသံ ကြားလိုက်လို့ ချောက်အောက်မှာ ရှိမှာပဲဆိုပြီး ကယ်တင်ပေးလိုက်တာ၊ မင်းတို့အတွက် ချောက်ထဲက လွတ်ကင်းလာသလို တို့အတွက်လဲ ဒိုင်လူကြီး ရတာပေါ့"

ထက်ချီက ရှင်းပြသည်။

ယင်ဖိန်ကလည်း ...

"မင်းတို့နှစ်ယောက်ဟာ တကယ့်ကို ကံထူးကြတဲ့ လူတွေပဲ၊ သိုင်းလောကသားတွေဟာ တို့နှစ်ယောက် အချင်းချင်း တိုက်ခိုက်ကြတာကို ကြည့်နိုင်ဖို့ နည်းလမ်းအမျိုးမျိုးနဲ့ ကြိုးစားခဲ့ကြတယ်၊ ကြည့်ခွင့် မရခဲ့ကြဘူး၊ မင်းတို့ကတော့ အေးအေးချမ်းချမ်း ကြည့်ခွင့်ရတဲ့အပြင် အရှုံးအနိုင်ကိုတောင် ဆုံးဖြတ်ပေးကြရဦးမယ်၊ ကဲ ... ဒီတော့ တို့နှစ်ယောက် ယှဉ်ပြိုင် တိုက်ခိုက်ကြတော့မယ်၊ မင်းတို့ကို ဂရုမစိုက်တော့ဘူး"

ရှောက်ချူးရွှေမှာ သိုင်းလောက၏ ထိတ်ထိတ်ကြဲ နှစ်ယောက်သည် အကြောင်းမရှိ အကြောင်းရှာပြီး သိုင်းပညာ ယှဉ်ပြိုင်ကြမည် ဆိုခြင်းကို စိတ်ထဲတွင် ရယ်ချင်ချင် ဖြစ်နေမိသည်။

သို့သော် ထူးခြားထက်မြက်သော သိုင်းပညာများကို တွေ့ရတော့မည်မို့လည်း အလွန်ပင် စိတ်ဝင်တစား ရှိနေသည်။

Scanned with ACE Scanner

ထက်ချီနှင့် ယင်ဖိန်တို့ နှစ်ယောက်သည် ဤကဲ့သို့သော ယှဉ်ပြိုင်ပွဲမျိုးကို အကြိမ်ကြိမ် စမ်းသပ်ခဲ့ကြသော်လည်း အရှုံးအနိုင် မကွဲခဲ့။

သူတို့၏ ယှဉ်ပြိုင်ပွဲကြောင့် သိုင်းလောကတွင် အပြောင်းအလဲများ ရှိခဲ့ဖူးသည်။

လွန်ခဲ့သည့် ဆယ့်ခုနစ်နှစ်ခန့်က သူတို့နှစ်ယောက်သည် ထိုက်ပိုင်တောင်ပေါ်တွင် ယှဉ်ပြိုင်တိုက်ခိုက်ရန် စီစဉ်ခဲ့ဖူးသည်။

ပြိုင်ပွဲ မကျင်းပမီကပင် သတင်း ပေါက်ကြားသွားသဖြင့် သိုင်းလောကသား ရာပေါင်းများစွာက ထိုက်ပိုင်တောင်ပေါ်သို့ ကြိုတင် ရောက်ရှိကာ ချောင်းမြောင်းလေ့လာခဲ့သည်။

သွားရောက်ခဲ့သော သူများမှာ သိုင်းလောက၏ ဘွဲ့နာမည် ကျော်ကြားသောသူများ ဖြစ်ကြသည်။

သူတို့သည် ထက်ချီနှင့် ယင်ဖိန်တို့၏ တိုက်ပွဲကို ကြည့်ပြီး အချို့မှာ သိုင်းပညာကို ဆက်လက် သင်ကြား ဆည်းပူးလိုစိတ် မရှိတော့ဘဲ စိတ်ပျက်သွားကြသည်။

အချို့မှာမူ သိုင်းပညာကို ထမင်းမေ့ ဟင်းမေ့ အပြင်းအထန် လေ့ကျင့်သင်ကြားရာ များစွာပင် ထူးချွန် တိုးတက်ခဲ့ကြသည်။

ဤမျှ သူတို့၏ အနာဂတ်ကို ပြောင်းလဲ ပစ်နိုင်စွမ်းရှိသော အကျော်ဇေယျ ပုဂ္ဂိုလ်နှစ်ယောက်တို့က မိမိရှေ့တွင် ယှဉ်ပြိုင်တိုက်ခိုက်ကြမည် ဆိုသောအခါ ရှောက်ချူးရှွေမှာ လောဘပိတိလည်း ဖြစ်မိသည်။

ယင်ဖိန်နှင့် ထက်ချီတို့ နှစ်ယောက်တွင် လျှို့ဝှက်နက်နဲသော မဟာပညာစွမ်း သုံးမျိုးရှိ၏။

Scanned with ACE Scanner

ဓားသိုင်း၊ လက်ဝါးသိုင်းနှင့် အတွင်းအားပညာတို့ ဖြစ်ကြပေသည်။

ရောက်ချူးရွှေ မျှော်လင့်တကြီး စောင့်ဆိုင်းနေစဉ်မှာပင် ထက်ချိန်နှင့် ယင်ဖိန်တို့၏ တိုက်ပွဲက စတင်ခဲ့လေပြီ။

စတိုက်သည်နှင့် ပွဲက ကြမ်းသည်။

ဓားသိုင်းယှဉ်ပြိုင်ချင်းကို အလျင်စတင်သည်။

နှစ်ယောက်စလုံး၏ ဓားများက ဓားကောင်း ဓားမြတ်များ ဖြစ်သလို တိုက်ကွက်ဓားရေးများကလည်း သဏ်တန့်ရောင်စုံများ ယှက်ဖြာနေသလို ပန်းပွင့်ကြီးများ ပွင့်အာလာသလို ဆန်းပြားလှပနေသည်။

လက်တစ်ချက်အလှုပ်တွင် ဓားချက်က အချက်တစ်ရာခန့် ခုတ်ထစ်ပြီး ဖြစ်နေသည်။

ရောက်ချူးရွှေ ဘာကိုမျှ ဂရုမစိုက်နိုင်တော့။

ယှဉ်ပြိုင်ပွဲကိုသာ မျက်တောင်မခတ်တမ်း စူးစိုက်ကြည့်နေမိသည်။

ထိုစဉ် လက်တစ်ဖက်က သူ့ကို ဖမ်းချုပ်လာပြီး အခြားလက်တစ်ဖက်က သူ့လည်ပင်းကို ရုတ်တရက် ဖမ်းညှစ်လာသည်။

ရောက်ချူးရွှေ အံ့အားသင့် ထိတ်လန့်ကာ ပါးစပ်ဟလိုက်မိသည်။

"ဝုစ် ... ဝုစ် ..."

'အလုံးနှစ်လုံးက သူ့ပါးစပ်ထဲသို့ တိုးဝင်လာပြီး အာခေါင်တွင်း တံတွေးနှင့် ထိတွေ့ကာ အရည်ပျော်သွားပြီး လည်ချောင်းမှတစ်ဆင့် အစာအိမ်အတွင်းသို့ စီးဝင်သွားသည်ကို ခံစားရ၏။

ရုတ်ခြည်းပင် သူ့တစ်ကိုယ်လုံး ပူလောင်ခြင်းနှင့် အေးစိမ့်ခြင်း စီးကြောင်းနှစ်ကြောင်း ဖြစ်ပေါ်လာပြီး အချင်းချင်း တိုက်ဆောင့်ကြသည်။

ရှောက်ချုုးရွှေ မျက်နှာအကြီးအကျယ် ပျက်သွား၏။

မော့ကြည့်လိုက်လျှင် နှစ်နှစ်ခြိုက်ခြိုက် ပြုံးကြည့်နေသော ဆုန့်မိန်ကျူးနှင့် အကြည့်ချင်း ဆုံသည်။

သူ စကားမပြောနိုင်ခင်မှာပင် ဆုန့်မိန်ကျူးက ...

"ဘာမှ မစိုးရိမ်ပါနဲ့၊ ကျွန်မ ရှင့်ကို မကောင်းကြံတာ မဟုတ်ပါဘူး၊ အကျိုးရှိအောင် လုပ်ပေးတာပါ"

ရှောက်ချုုးရွှေမှာ ဆုန့်မိန်ကျူး၏ လှုပ်ရှားမှု၊ အပြောအဆိုတို့ကို နားမလည်နိုင်အောင် ဖြစ်နေမိတော့သည်။

နုနယ်၍ ချစ်စဖွယ်ကောင်းသော မျက်နှာကလေးကိုလည်း အံ့အားသင့် မင်တက်ငေးကြည့်နေမိ၏။

"ရှင်ဟာ ... စောက်လျှိုလေ့ လက်ထဲက ကျွန်မကို ကယ်တင်ခဲ့တယ်၊ ပြီးတော့ ကျွန်မ ဂုဏ်သိက္ခာ မညှိုးနွမ်းအောင် ရှင့်ကိုယ်ကျင့်တရားကို လုံလုံခြုံခြုံ ထိန်းခဲ့တယ်၊ ဒါပေမယ့် ရှင့်ရဲ့ သိုင်းပညာက သိပ်ပြီး မမြင့်မားလှဘူး၊ ဒါကြောင့် စောက်လျှိုလေ့ ကိုယ်ပေါ်မှာ ရှိနေတဲ့ အနန္တမူလဆေး အဖိုစွန်းနဲ့ အစ်မစွန်း ဆေးတစ်လုံးစီ ရှင့်ကို တိုက်လိုက်တာပဲ၊ ကျန်တဲ့ ဆေးလုံးတစ်လုံးကို ကျွန်မ ယူထားလိုက်မယ်"

ဆုန့်မိန်ကျူးက ရှင်းပြသည်။

မျက်လုံးရွဲကြီးများက ရှောက်ချုုးရွှေကို စိုက်ကြည့်နေရာမှ မျက်ရည်ကြည်ကလေးများ ရစ်ဝဲလာသည်။

Scanned with ACE Scanner

သူ့စိတ်ကိုသူ ထိန်းချုပ်သည့်အနေဖြင့် နှုတ်ခမ်းကို သွားဖြင့် ဖိကိုက်နေပြန်သည်။

ရှောက်ချူးရှွေသည် ဘာမျှ ပြန်မပြောနိုင်အောင် ငိုင်တွေနေမိသည်။

ဆုန့်မိန်ကျူးက ရှည်လျား ကော့ညွတ်သော မျက်တောင်များကို တဖျတ်ဖျတ်ခတ်လိုက်ကာ ရစ်ဝဲလာသော မျက်ရည်များကို ထိန်းရင်း ...

"အဲဒီ ဆေးနှစ်လုံးကို တိုက်ကျွေးခဲ့တာဟာ ကျွန်မအနေနဲ့ ရှင့်ကို ကျေးဇူးဆပ်လိုက်တာပဲ၊ ကျွန် ... ကျွန်မ ... ဒီမှာ ကြာကြာ မနေနိုင်တော့ဘူး၊ သွားရတော့မယ်၊ ရှင့်ကို ကျွန် ... ကျွန်မ နှုတ်ဆက်ခဲ့ပါတယ်"

မျက်လုံးရွဲကြီးများဖြင့် အတန်ကြာအောင် စိုက်ကြည့်ပြီးနောက် ဆုန့်မိန်ကျူးမှာ လှစ်ခနဲ ပြေးထွက်သွားတော့သည်။

ထက်ချိန့်နှင့် ယင်ဖိန်တို့ နှစ်ယောက်မှာ အကြိတ်အနယ် ယှဉ်ပြိုင် တိုက်ခိုက်နေကြသဖြင့် သိတမလစ်ရဲ၊ ဆုန့်မိန်ကျူး ထွက်ခွာသွားခြင်းကိုလည်း သတိမပြုမိသလို ဂရုမစိုက်ကြ။

ရှောက်ချူးရှွေက အော်ဟာစ်ကာ တားဆီးရန် ကြိုးစားသည်။

သို့သော် သူ့ခေါင်းထဲတွင် ဝုန်းခနဲ မြည်ဟည်းသွားကာ သွေးကြောထဲတွင် အပူလှိုင်းနှင့် အအေးလှိုင်းတို့၏ ဆောင့်တွန်းခြင်းကို ခံစားလိုက်ရသည်။

သွေးကြောများ ဖောင်းကားလာသလို ဝမ်းဗိုက်ထဲတွင်လည်း အတော်ပင် အခံရခက်သည့် ဝေဒနာကို ခံစားနေရသဖြင့် အော်ဟာစ် တားဆီးရန် မဖြစ်နိုင်တော့။

Scanned with ACE Scanner

ထက်ချိန့်ဝ် ယင်ဖိန်တို့၏ တိုက်ပွဲကိုပင် အေးအေးလူလူ ကြည့်မနေနိုင်။

ချက်ချင်းပင် မြေပေါ်တွင် တင်ပျဉ်ခွေ ထိုင်ချလိုက်ကာ အသက်ရှူ ကျင့်စဉ်ကျင့်ကာ အတွင်းအား လည်ပတ်သည်။

လျှောက်ပြေးနေသော တိုးပွားလာသည့် အတွင်းအားများကို တစ်စုတစ်စည်းတည်း ဖြစ်အောင် ဝမ်းဗိုက်နှင့် ရင်ညွှန့်နေတာများ ဆီသို့ ပို့လွှတ် စုစည်းလိုက်လေတော့သည်။

❋ ❋ ❋

# အခန်း (၄)

ကြက်ခြေထောက်တောင်။

အမည်က ထူးဆန်းသလို တောင်၏ ပုံဏ္ဍာန်ကလည်း ထူးဆန်းသည်။

တောင်ထိပ်တစ်ခုကို ကြက်ခြေထောက်ကဲ့သို့ တောင်တန်းသုံးခုက ကျားကန် ထောက်ပိုးထားသည်။

ကွေ့ကြိုးနယ် အနောက်မြောက်ဘက် မိုင်တစ်ရာခန့် အကွာတွင်ရှိပြီး ကျောက်ဖြူနဂါး ရေတံခွန်ရှိသဖြင့် ကျော်ကြားသည်။

တောင်ထိပ်ပေါ်တွင် ကျူစင့်ဘုရားကျောင်းနှင့် ငယ်ယန်စေတီတစ်ဆူ ရှိသည်။

ထက်စင်းရွှဲနှင့် ချူးနန်ကုတို့ နှစ်ယောက်မှာ ကြက်ခြေထောက်တောင်ကို ကျော်ဖြတ်လျက် ချန်တူးမြို့ဘက်သို့ ထွက်ခွာကြမည်ဖြစ်သည်။

သူတို့နှစ်ယောက်မှာ နယ်မြေ မကျွမ်းကျင်သောကြောင့် ခရီးလမ်းပန်းကို တဖြောင့်တည်း မသွားနိုင်ဘဲ ကွေ့ဝိုက်ပတ်ကာ သွားနေမိခြင်း ဖြစ်သည်။

ကြက်ခြေထောက်တောင်သို့ ရောက်သောအခါ အတော်ပင်မိုးချုပ်နေပေပြီ။ ထို့ကြောင့် ခရီးဆက်မသွားဘဲ ကျူစင့်ဘုရားကျောင်းတွင်ပင် တည်းခိုသည်။

ဘုရားကျောင်း အနီးတစ်ဝိုက်တွင် လူနေအိမ်ခြေများ ရှိသည်။ ထင်းခုတ်သမားနှင့် မုဆိုးများသာ ဖြစ်ကြ၏။

ထို လူနေအိမ်ခြေများထဲတွင် စားသောက်ဆိုင် နှစ်ဆိုင်လည်း ရှိနေသည်။

ထက်စင်းရွှဲနှင့် ချူးနန်ကုတို့မှာ ကျူစင့် ဘုရားကျောင်းတွင် တည်းခိုရသည်မှာ သူတို့ထံတွင် ငွေကြေး တစ်ပြားတစ်ချပ်မျှ မရှိသောကြောင့် ဖြစ်၏။

ထန်ချမ်းတောင် ကျောက်စေတီကလေးအနီးတွင် ဖြစ်ပျက်ခဲ့သည့် တိုက်ပွဲတွင် အသက်မသေဘဲ ကျန်ရစ်ခဲ့သည်ကပင် သူတို့အတွက် ထူးခြားလှသည့် ကုသိုလ်ကံတရား ဖြစ်ပေသည်။

ထိုတိုက်ပွဲတွင် သူတို့နှစ်ယောက် တစ်ကိုယ်လုံးတွင် သွေးများ ဒဏ်ရာများ ဗရပွ ရှိခဲ့ကြသည်။

ရန်သူက သူတို့နှစ်ယောက်ကို သေပြီဟု ယူဆကာ အလောင်းကောင်များကြားထဲတွင် ပစ္စလက်ခတ် ထားရစ်ခဲ့ကြသည်။

တိုက်ပွဲပြီး၍ အတော်ကြီးကြာမှ သူတို့နှစ်ယောက် သတိရလာကြကာ ဒဏ်ရာကုသရင်း ချန်တူးမြို့သို့ ဆက်လက် ထွက်ခွာလာကြခြင်း ဖြစ်သည်။

တည်းခို အိပ်စက်ခြင်းအတွက် ကျူစင့် ဘုရားကျောင်း ရှိနေသဖြင့် ဘာမျှ ပြဿနာမဟုတ်သော်လည်း ဝမ်းဗိုက်ဆာလောင်မှုအတွက်မူ ထက်စင်းရွှဲနှင့် ချူးနန်ကုတို့ နှစ်ယောက် အခက်တွေ့နေကြရတော့သည်။

အစာ မစားခဲ့ရသည့်ရက်က နှစ်ရက်ခန့် ရှိပြီမို့ ဝမ်းဗိုက်ထဲတွင် တကျုတ်ကျုတ် မြည်နေသည်။

Scanned with ACE Scanner

ထက်စင်းရွှဲ့မှာ ဆာလောင်မှုဒဏ်ကို မခံစားနိုင်သဖြင့် ရှုံ့ရှုံ့မဲ့မဲ့ ဖြစ်နေရသည်။

ပိုက်ဆံမရှိဘဲနှင့် ဘာအစားအသောက်မျှ စား၍မရ။

ဘာလုပ်၍ ဘာကိုင်ရမည်မှန်း မသိအောင် အခက်တွေ့နေမိကြသည်။

ဝမ်းသမုဒ္ဒရာအတွက် လုရမလား၊ ခါးပြတိုက်ရမလားဟူ၍ပင် မတွေးသင့်သည်တို့ကို တွေးတောလာမိသည်။

သို့သော် ...

တကယ်တမ်း လက်တွေ့လုပ်ရမည် ဆိုသောအခါ_ သူတို့နှစ်ယောက်လုံး လက်တွန့်မိကြသည်။

"ဆာလိုက်တာကွာ၊ ငါ့ဗိုက်ထဲမှာ တဂွီဂွီနဲ့ မြည်နေပြီ၊ တစ်ခုခု စားလိုရအောင် ကြံစမ်းပါဦး"

ထက်စင်းရွှဲ့က ရှုံ့မဲ့စွာ ပြောသည်။

ချူးနန်ကုကလည်း ဗိုက်ကို လက်နှစ်ဖက်ဖြင့်နှိပ်ကာ ...

"ငါလည်း ဆာလို့ သေတောင်သေတော့မယ်၊ ကြံစည်လိုက်တာလဲ ကုန်နေပြီ၊ လက်တွေ့ကြတော့ ဘာမှ မလုပ်ရဲတော့ ငတ်ပြီးသေတာပဲ ကောင်းတယ်"

ထက်စင်းရွှဲ့ သက်ပြင်းချ တစ်ချက်လိုက်သည်။

စိတ်ကို ခိုးခိုးချလိုက်ဟန်ဖြင့် ...

"မထူးပါဘူးကွာ၊ ငါတို့ နှစ်ယောက် စားသောက်ဆိုင် တစ်ဆိုင်ကို သွားပြီး အဝစားပစ်လိုက်ကြမယ်၊ ပြီးရင် အကြွေးမှတ်ခိုင်းထားလိုက်တာပေါ့"

"ဟုတ်ပြီ မင်းအကြံ ကောင်းတယ်၊ နောက်ဆုံး အကြွေး

မမှတ်နိုင်ဘူးဆိုရင်လဲ တောင်းပန်ပြီးတော့ အလုပ်တစ်ခုခု လုပ်ပေးလိုက်ကြတာပေါ့၊ စားသောက်စရိတ်ကို လုပ်ခနဲ့ ချေလိုက်တာပေါ့."

ချူးနန်ကုက လက်ဖျောက်တစ်ချက်တီးကာ ထောက်ခံစကားဆိုလိုက်သည်။

ထို့နောက် နှစ်ယောက်သား ဝမ်းသာ ပျော်မြူးစွာဖြင့် စားသောက်ဆိုင်သို့သွားရန် ခြေလှမ်းပြင်လိုက်ကြသည်။

ထိုစဉ် ...

အခန်းအပြင်ဘက်မှ တံခါးခေါက်သံ တစ်သံက ရုတ်တရက် ထွက်ပေါ်လာသည်။

"ဘယ်သူလဲ"

ထက်စင်းရွှဲ့က မကြည်လင်သည့် လေသံဖြင့် မေးသည်။

အပြင်ဘက်မှ တံခါးခေါက်သူက ပြန်လည်ထူးသံ ထွက်လာသည်။

"ငါပဲ ... "

ထက်စင်းရွှဲ့ စိတ်မရှည်။

တံခါးကို ဆွဲဖွင့်ပေးလိုက်သည်။

တံခါးပေါက်တွင် ရပ်နေသူကို မြင်ရလျှင် ထက်စင်းရွှဲ့မှာ ကိုယ့်မျက်စိအမြင်ကိုယ် မယုံကြည်သည့်အလား မျက်စိကို လက်ဖြင့် ပွတ်သက်လိုက်မိသည်။

တံခါး လာခေါက်သူမှာ မိန်းမပျိုကလေးတစ်ယောက် ဖြစ်နေသည်။

အသက်အရွယ်က ထက်စင်းရွှဲ့နှင့် မတိမ်းမယိမ်းလောက်ပင် ရှိဦးမည်။

Scanned with ACE Scanner

သို့သော် ...

ကိုယ်ခန္ဓာကမူ အရှယ်နှင့်မလိုက်အောင် ကြီးမား ဝဖိုးလွန်းနေသည်။

သူမ၏ ကိုယ်ခန္ဓာက တံခါးတစ်ချပ် ဖွင့်လိုက်ရုံနှင့်ပင် ကုန်စင်အောင် မမြင်ရ။

"မင်း ဘယ်သူလဲ"

ထက်စင်းရွှဲ့က နောက်ထပ် တံခါးတစ်ချပ်ကို ဖွင့်ပေးရင်း မေးလိုက်သည်။

"ထန်မျိုးနွယ်၊ နာမည်က ဖေ"

မိန်းမပျိုကလေးက တည်ငြိမ်စွာပင် ဖြေသည်။

ချူးနန်ကုမှာ ဣန္ဒြေ မဆည်နိုင်အောင်ပင် မျက်နှာပျက်သွားရသည်။

"ထန်ဖေ ... ဟုတ်လား"

"ဟုတ်တယ် ... စားလို့မကုန်တဲ့ ထန်ဖေဆိုတာပဲ"

ထန်ဖေက စကားဆုံးသည်နှင့် တံခါးပေါက်မှ တစ်ဆင့်တိုးဝင်လာသည်။

တံခါးနှစ်ချပ်စလုံး ဖွင့်ထားသည့်တိုင် အသားစိုင်များက တံခါးတောင်ကို ပွတ်တိုက်မိသွားသေးသည်။

ချူးနန်ကု သက်ပြင်းတစ်ချက် ချလိုက်သည်။

ဆာလောင် မွတ်သိပ်သည့် ဝေဒနာကို ခံစားနေရချိန်တွင် ခေါင်းကိုက်ခဲစရာ ကောင်းသည့် ပုဂ္ဂိုလ်တစ်ယောက် ရောက်လာလိမ့်မည်ဟု သူ မထင်မှတ်ထားခဲ့ပေ။

"မင်း ဘာကိစ္စနဲ့ ရောက်လာရတာလဲ"

Scanned with ACE Scanner

"ထန်ဖန်းကို လာရှာတာ"

"အင်း ... ထန်ဖန်း ... ထန်ဖန်း ဘယ်ရောက်နေတယ်ဆိုတာ တို့လဲ မသိဘူး"

"ဒါဆို ထန်ဖိန်ကော"

"ထန်ဖိန်လည်း ဘယ်ရောက်နေတယ် မဆိုနိုင်ဘူး"

"ဒါဖြင့် ... ထန်မုံ ... ထန်မုံကော ဘယ်မှာ ရှိတယ်ဆိုတာကို သိသလား"

ထက်ဝင်းရွှေ့ ပြုံးရယ်နေသော မျက်နှာမှာ ရုတ်ခြည်းပင် တည်ငြိမ်သွားသည်။

ထန်ချန်းတောင် တိုက်ပွဲ၏ပုံရိပ်က မျက်လုံးအိမ်ထဲ ဝင်ရောက်လာခဲ့ပြီမို့ ဝမ်းနည်း ဒေါသဖြစ်ခြင်းတို့ကို ပြိုင်တူပင် ခံစားလိုက်ရတော့သည်။

"ထန်မုံ ... ထန်မုံ သေသွားခဲ့ရရှာပြီ"

ထန်ဖေ မျက်မှောင်ကြုတ်သွားမိသည်။

ထက်ဝင်းရွှေ့ကို စူးစိုက်ကြည့်လျက် ...

"ကျွန်မ သူတို့ လမ်းပေါ်မှာ ချန်ထားခဲ့တဲ့ အမှတ်အသားတွေကို ကြည့်ပြီး လိုက်လာခဲ့တာ၊ အခုလို ရှင်တို့နဲ့ တွေ့ရတာပဲ၊ ရှင်တို့နှစ်ယောက်ဟာ သူတို့ရဲ့ မိတ်ဆွေ သူငယ်ချင်းတွေ ဖြစ်တယ်လို့ လူတွေ ပြောစကားကို တစ်လမ်းလုံး ကြားခဲ့ရတယ်၊ အခုတော့ ရှင်တို့ဟာ မမဖန်းနဲ့ မောင်လေးဖိန်တို့ ဘယ်ရောက်နေတယ် ဆိုတာကို မပြောနိုင်ကြဘူး၊ နောက်ပြီး ထန်မုံကိုလည်း အသက်ဆုံးရှုံးစေခဲ့တယ်၊ ဒီတော့ ရှင်တို့ဟာ သူတို့ရဲ့ သူငယ်ချင်း မိတ်ဆွေ ဖြစ်တယ်လို့ ဆိုနိုင်ပါဦးမလား"

Scanned with ACE Scanner

ထန်ပေ၏မျက်နှာ အရောင်အသွေးက ပြောရင်းမှ တဖြည်းဖြည်း ပြောင်းလဲလာသည်။

မျက်လုံးအစုံကလည်း ဝိုင်းစက် ပြူးကျယ်လာသည်။

"ရှင်တို့လို မိတ်ဆွေ သူငယ်ချင်းအပေါ် တာဝန်မကျေ မျက်ကွယ်ပြုတဲ့လူတွေဟာ သေဖို့သင့်တယ်"

ထန်ဆုန်၊ ထန်ဖေနှင့် ထန်ကျဲတို့မှာ ယခုတလော ထန်မျိုးဆက် မိသားစုတွင် ကြောက်စရာအကောင်းဆုံး ပုဂ္ဂိုလ်များ ဖြစ်ကြသည်။

ဆတ်ဆတ်ထိမခံ ထက်မြက်ထူးချွန်သော အဆင့်မြင့် သိုင်းသမားများ ဖြစ်ကြပေသည်။

ဆာလောင်မွတ်သိပ်သည့် ကြားထဲမှ ဆက်ဆံရခက်သော ပုဂ္ဂိုလ်နှင့် ဆုံတွေ့ရသဖြင့် ထက်စင်းရွှဲ့နှင့် ချူးနန်ကုတို့ နှစ်ယောက်မှာ စိတ်တဲတွင် မကြည်မလင် မအီမသာကြီး ဖြစ်သွားရသည်။

သို့သော် ဒေါသမဖြစ်ရဲ။

ထန်ဖေ စွပ်စွဲပြောဆိုသည့် စကား မှန်ကန်သည်ဟု သူတို့ယုံကြည်ထားသောကြောင့် ဖြစ်၏။

ထန်ဖေက မျက်လုံးပြူးကြည့်ရင်း ...

"ဘယ်နှယ့်လဲ၊ ရှင်တို့ ကိုယ့်ဖာသာကိုယ် သတ်သေမလား၊ ကျွန်မက ရှင်တို့ကို သတ်ပေးရမှာလား"

ထက်စင်းရွှဲ့က ရင်ကိုကော့လိုက်ကာ ...

"ငါတို့ မင်းကို ကြောက်လိမ့်မယ်လို့တော့ မအောက်မေ့နဲ့၊ ဒါပေမယ့် တို့ဟာ သေသင့်တယ်၊ ဒီတော့ မင်းကိုယ်တိုင်ပဲ တို့ကို သတ်လိုက်ပါ"

Scanned with ACE Scanner

ချူးနန်ကုကလည်း သက်ပြင်းတစ်ချက် ချလိုက်ပြန်သည်။

"ယောကျ်ားကောင်းတို့၊ သူရဲကောင်းတို့ဆိုတာ ဘယ်တော့မှ ကိုယ့်ကိုကိုယ် သတ်မသေဘူး၊ တိုက်ခိုက်ရင်းနဲ့ပဲ အသေခံမယ်၊ တို့ အသက်ရှင်သန်နေတာ ရှောက်ချူးရှေကြောင့်ပဲ၊ သူ့ ရည်ရွယ်ချက်တွေကို တို့ အကောင်အထည် ဖော်ရဦးမယ်၊ ပန်းချောင်းဓားဂိုဏ်းကို သွားပြီး ကယ်တင်ရဦးမယ်"

ထက်စင်းရွဲ့က စိတ်ပျက်သည့် အမူအရာဖြင့် ...

"တို့ဟာ မင်းတို့ ထန်မိသားစုအပေါ် မကောင်းခဲ့ဘူး၊ တာဝန်မကျေခဲ့ဘူး၊ မင်း သတ်လိုရင် သတ်နိုင်တယ်၊ ကိုယ့်ကိုကိုယ် သတ်သေဖို့ကတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး၊ ဒါပေမယ့် တို့ကို ကိစ္စတစ်ခု ဆောင်ရွက်ခွင့် ပေးပြီးမှ မင်းသတ်ဖို့ တောင်းဆိုချင်တယ်"

"ဘာကိစ္စလဲ"

ထန်ဖေက နားမလည်နိုင်သည့် အကြည့်ဖြင့် ကြည့်ပြီး မေးလိုက်သည်။

ချူးနန်ကုက ကြားဝင်ကာ ...

"ပန်းချောင်းဓားဂိုဏ်းကို အရင်ဆုံး ကယ်တင်ဖို့ပဲ"

ထန်ဖေ နှုတ်ဆိတ်သွားသည်။

ထက်စင်းရွဲ့က ပြတ်သားသည့် လေသံဖြင့် ...

"မင်း မစောင့်နိုင်ဘူးဆိုရင်လည်း တို့ အခုချက်ချင်းပဲ သေလို့ရတယ်၊ မင်း သိသင့်တာက တို့ဟာ မိတ်ဆွေ အပေါင်းအသင်းအတွက် တာဝန်မကျေလို့၊ ကိုယ့်အမှားကိုယ် သိလို့ပဲ၊ မင်းကို ကြောက်လို့ လုံးဝ မဟုတ်ဘူး"

ထန်ဖေ၏ မျက်လုံး အစိမ်းရောင်သို့ ပြောင်းလဲသွားသည်။

Scanned with ACE Scanner

ချူးနန်ကုမှာ သူမ၏ အမူအရာကြောင့် စိတ်တဲတွင် ထင့်ခနဲ ဖြစ်ပေါ် ခံစားမိသည်။

"မင်းရဲ့ သိုင်းပညာ ဘယ်လောက်ပဲ မြင့်မားပါစေ၊ တို့နှစ်ယောက်ဟာ မင်းကို မနိုင်နိုင်ဘူးဆိုတာ ဖြစ်ချင်မှ ဖြစ်လိမ့်မယ်၊ မနိုင်ဘူးဘဲ ထားဦးတော့၊ အသက်ချင်းလဲလှယ် တိုက်ခိုက်တဲ့ နေရာမှာ မင်းဟာ တို့လောက် ကြမ်းကြမ်းတမ်းတမ်း မိုက်မိုက် ကန်းကန်းရှိမှာ မဟုတ်ဘူး၊ တို့နှစ်ယောက်ဟာ ထန်ဖန်းရဲ့ မျက်နှာကြောင့် မင်းနဲ့ သူသေကိုယ်သေ မတိုက်ခိုက်လိုတာပဲ ဖြစ်တယ်"

"တော်ပါပြီရှင်၊ ကျွန်မကို ရှင်းပြဖို့ မလိုတော့ပါဘူး"

ထက်စင်းရွှဲ့နှင့် ချူးနန်ကုတို့ နှစ်ယောက် အံ့အားသင့်ကာ ငေးကြောင်သွားမိကြသည်။ ထန်ဖေ၏ မျက်လုံးအိမ်ထဲမှ မျက်ရည်စီးကြောင်း နှစ်ကြောင်း ကျဆင်းလာခဲ့လေပြီ တကား။

ထန်ဖေသည် လက်သီးဆုပ် ဂါရဝပြုလိုက်သည်။

"ရှင်တို့နှစ်ယောက် သစ္စာတရား ကြီးမားတာကို ကျွန်မ တစ်လမ်းလုံး ကြားခဲ့ရပါတယ်၊ အခု စမ်းသပ်ကြည့်တဲ့ အခါကျမှ ရှင်တို့နှစ်ယောက်ဟာ တကယ်ပဲ သစ္စာတရား စောင့်သိပြီး သူငယ်ချင်းအတွက် အသက်စွန့်ရဲမှန်း သိရတော့တယ်၊ စောစောက ကျွန်မ မရိုမသေ မလေးမစား ဆက်ဆံမိတာကို တောင်းပန်ပါတယ်"

ထက်စင်းရွှဲ့နှင့် ချူးနန်ကုတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် မျက်လုံးချင်းဆိုင် ကြည့်နေမိသည်။

ထန်ဖေက တက်ကြွသည့် အမူအရာဖြင့် ...

"ရှင်တို့နှစ်ယောက်မှာ ရည်မှန်းချက်ရှိတယ်ဆိုတော့ ကျွန်မတို့ အခု ချက်ချင်းပဲ သွားကြရအောင် ..."

ချူးနန်ကု မျက်မှောင်ကြုတ်လျက် ...

"ဘယ်ကို သွားကြရမှာလဲ"

ပန်းချောင်းဓားဂိုဏ်းကို သွားမယ်လေ၊ ရှောက်ဂေဟာကို ကူညီကယ်တင်ပေးရမယ်"

ထက်စင်းရွှဲ့ ဝမ်းသာအားရပင် ထခုန်လိုက်သည်။

"ကောင်းတယ်၊ သိပ်ကောင်းတယ် ရှောက်ဂေဟာကို အတူတူ သွားကြမယ်"

ချူးနန်ကုက တည်ငြိမ်စွာပင် ...

"ခဏနေဦး၊ မင်းမှာ ပိုက်ဆံပါလာသလား"

ထန်ဖေကို မေးသည်။

ထန်ဖေက ဇဝေဇဝါ ပြန်ကြည့်ကာ ခေါင်းညိတ်ပြသည်။

ချူးနန်ကုမျက်နှာမှာ အမဲရိုးတွေ့သည့် ခွေးအိုကြီးမျက်နှာလို ဝင်းထိန်သွားတော့သည်။

"ပိုက်ဆံပါရင် အတော်ပဲ၊ တို့ တစ်ခုခု သွားစားကြရအောင်၊ ပြီးမှ လုပ်စရာရှိတာ ဆက်လုပ်တာပေါ့"

အစားအသောက်အကြောင်း ပြောလိုက်သည်နှင့် ထန်ဖေနှင့် ထက်စင်းရွှဲ့တို့ နှစ်ယောက်၏ အပြုံးများက တောက်ပသွားတော့သည်။

※ ※ ※

စားသောက်ဆိုင်ကလေးက ဒေသနှင့် မလိုက်အောင်ပင် ဟင်းလျာ အမျိုးအမည်နှင့် လက်ရာကောင်းမွန် စုံလင်လှသည်။

ထက်ဝင်းရွှဲ့နှင့် ချူးနန်ကုတို့ နှစ်ယောက်မှာ ဆာလောင်

Scanned with ACE Scanner

လွန်းလှပြီမို့ ဟင်းခွက်နှင့် ထမင်းခွက် လာချလျှင်ချချင်းပင် ခေါင်းမဖော်တမ်း စားပစ်လိုက်သည်။

ဟင်းလျာပွဲပင် မစုံသေး၊ ထက်စင်းရွှံ့သည် ထမင်းပန်းကန်ရှစ်ပန်းကန်တိတိ ကုန်သွားပြီး ချူးနန်ကုက ခုနစ်ပန်းကန် စားပြီးလေပြီ။ သူတို့နှစ်ယောက်သည် ထန်ဖေဘက်သို့ လှည့်ကြည့်လိုက်သောအခါ မျက်လုံးပြူးကျယ် ဝိုင်းစက်သွားကြ၏။

သူတို့ကိုယ်သူတို့ ဆာလောင်လွန်းကာ စားကောင်းလှပြီဟု ထင်မှတ်နေခဲ့ကြသည်။

ထန်ဖေက သူတို့ထက်ပင် ပိုဆိုးနေ၏။ ထမင်းပန်းကန်ဆယ့်လေးပန်းကန်ပင် ကုန်သွားခဲ့ချေပြီ။

ထက်စင်းရွှံ့သည် တဖြည်းဖြည်း ပြည့်တင်း ဖောင်းကားလာသော ထန်ဖေ၏ ဝမ်းဗိုက်ကိုကြည့်ကာ ...

"မင်း ... မင်း နောက်ထပ် စားနိုင်သေးလို့လား"

ထန်ဖေ ထမင်းစား တန့်သွားသည်။

သူ့ခန္ဓာကိုယ်ကို သူပြန်ငုံ့ကြည့်ကာ ပြူးတိပြူးကြောင် အမူအရာဖြင့် ...

"စားနိုင်တယ်လေ၊ ဘာဖြစ်လို့လဲ"

ချူးနန်ကုမှာ ထမင်းဆယ့်လေးပန်းကန် ကုန်ပြီးသည့်တိုင် ထပ်၍ စားနိုင်သေးသည် ဆိုသောကြောင့် မျက်လုံးပြူးကာ ကြည့်မိသည်။

ထိုစဉ် စားသောက်ဆိုင်၏ အဝင်အထွက်တံခါး ဝုန်းခနဲပွင့်ထွက်သွားပြီး ခေါင်းတုံးပြောင် လူတစ်ယောက်နှင့် အင်္ကျီဖြူဝတ်ဆင်ထားသူ တစ်ယောက် ဝင်လာကြသည်။

Scanned with ACE Scanner

ချူးနန်ကုနှင့် ထက်စင်းရွှဲ့ကို့မှာ ခေါင်းတုံးပြောင်နှင့်လူကို တွေ့လျှင် အလိုလို နာကြည်းမုန်းတီးနေမိသည်။

မီးဘုရင် ကျူကျောင်းချန့်သည် ခေါင်းတုံးပြောင်နှင့်လူ ဖြစ်ပြီး သွေးရိပ်နတ်ဆိုး၏ ဦးခေါင်းထက်တွင်လည်း ဆံပင် တမျှင်မျှ မရှိ။

ထိုလူ နှစ်ယောက်၏ ဆိုးကျိုးများကို ကောင်းစွာ ခံစားခဲ့ရဖူးသဖြင့် ထက်စင်းရွှဲ့နှင့် ချူးနန်ကုတို့မှာ ခေါင်းတုံးမြင်တိုင်း နာကြည်း မုန်းတီးကာ သြဇာအာဏာ ဂိုဏ်းသားများဟုပင် ထင်မှတ်မိကြတော့သည်။

သို့နှင့် ဆိုင်ပေါက်ဝမှ ဝင်လာကြသော ခေါင်းတုံးပြောင်ပြောင်နှင့်လူကို သြဇာအာဏာ ဂိုဏ်းသားဟု ယူဆကာ တိုက်ခိုက်ရန် ဟန်ပြင်လိုက်ကြတော့သည်။

"အတော်ပဲ ငါလဲ စားလို့သောက်လို့ ဗိုက်ဝသွားပြီ၊ တိုက်ခိုက်မယ်ဆိုလဲ အဆင်သင့်ပဲ"

ထက်စင်းရွှဲ့က အော်ဟစ်ကာ စားပွဲခုံပေါ်သို့ ဖြုန်းခနဲ ခုန်တက်လိုက်သည်။ ထို့နောက် စားပွဲပေါ်မှ ပန်းကန် ခွက်ယောက်များကို ခြေထောက်ဖြင့် ကန်ချလိုက်တော့သည်။

ချူးနန်ကုကလည်း ကုလားထိုင် စားပွဲအချို့ကို ရိုက်ချိုးပစ်လိုက်ကာ ...

"ခွေးမသား ... လာခဲ့စမ်း၊ မင်းတို့ သြဇာအာဏာဂိုဏ်းမှာ ဘယ်လောက် ယုတ်ညံ့တဲ့ အကြံအစည်တွေ ရှိနေသေးသလဲ၊ မြန်မြန်တက်လာခဲ့ကြစမ်း၊ တိုက်ခိုက်ကြရအောင်"

ခေါင်းတုံးပြောင်ပြောင်နှင့် လူက မျက်မှောင်ကြုတ်ကြည့်လိုက်ပြီး ...

Scanned with ACE Scanner

"မင်းက ထက်စင်းရွှလား"

ထက်စင်းရွှက ထိမထင်သလို ခေါင်းမော့လိုက်သည်။

"ဟုတ်တယ်၊ ချောက်ကျိုးနယ် အီးဘုရင် ထက်စင်းရွှဆိုတာ ငါပဲ"

"ဒါဆို မင်းက ချူးနန်ကုပေါ့"

ခေါင်းတုံးနှင်လူက ချူးနန်ကုကို ထပ်မေးလိုက်ပြန်သည်။

ချူးနန်ကုကလည်း ဝင့်ကြွားစွာပင် ...

"ဖူကင်နယ် ကိုယ်တော်လေး ချူးနန်ကုဆိုတာ ငါပဲ"

"ဩော် ..."

ခေါင်းတုံးနှင့်လူက ရေရွတ်လိုက်ပြီး ထန်ဖေဘက်သို့ လှည့်ကြည့်ကာ ...

"ဒါနဲ့ မင်းကကော"

သူ့စကား မဆုံးခင်မှာပင် ထန်ဖေ ပါးစပ်ကြီးဟကာ ကျယ်လောင်စွာ ရယ်မောလိုက်တော့သည်။

"ရှင်က ဩဇာအာဏာဂိုဏ်းကလား"

ခေါင်းတုံးနှင့်လူက ပြန်မဖြေနိုင်ခင်မှာပင် ထန်ဖေက လက်တစ်ဖက်မြှောက်လျက် ...

"ရှင် သေဖို့ ပြင်ပေတော့"

လက်ကို ဝှေ့ယမ်းလိုက်သည်။

သူ လက်လှုပ်သည်နှင့် ခေါင်းတုံးပြောင်နှင့်လူမှာ ရိပ်ခနဲ ပျောက်သွားပြီ ဖြစ်သည်။ သူ ရပ်နေသော နေရာရှိ စားပွဲကုလားတို့တွင် နွားမွေးကဲ့သို့ သေးမျှင်စူးရှသော အပ်များ စိုက်ဝင်သွားတော့သည်။

Scanned with ACE Scanner

ထက်စင်းရွှဲ့နှင့် ချူးနန်ကုတို့ နှစ်ယောက်ပင် ထန်ဖေ၏ လက်နက်ပုန်း ပစ်ခတ်မှု အစွမ်းကိုကြည့်ပြီး ကြက်သီးမွေးညင်းများ ထောင်ထသွားရတော့သည်။

ထန်ဖေ၏ သိုင်းပညာက ထန်ဖိန်ထက် မြင့်မားသည်ဟုလည်း ရုတ်ခြည်းပင် သတ်မှတ်မိလိုက်ကြသည်။

ခေါင်းတုံးပြောင်နှင့်လူက လှုပ်ရှား ရှောင်တိမ်းသွားသည့်တိုင် ဝတ်စုံဖြူ ဝတ်ဆင်ထားသော သူကမူ နေရာတွင် တုတ်တုတ်မျှ မလှုပ်ဘဲ ရပ်တန့်နေသည်။

ထန်ဖေက ထိုသူကိုကြည့်ပြီး ရယ်လိုက်ပြန်၏။

"အဟင်း ... ဟင်း ... ဟင်း ရှင်လဲ သေသင့်တဲ့ လူတစ်ယောက်ပဲ"

ထန်ဖေ ရယ်ပြုံး ပြောဆိုနေသော်လည်း အင်္ကျီဖြူနှင့်လူ၏ နောက်ကျောဘက်တွင် မြားပျံခုနစ်စင်းက ရုတ်ခြည်း တိုးလာခဲ့သည်။

ခုနစ်စဉ်ကြယ် သံမဏိမြား။

လက်နက်ပုန်းကို ဤကဲ့သို့ ကွေ့ဝိုက်ပစ်လွှတ်သည့် နည်းမှာ ထန်မျိုးနွယ် မိသားစု၏ အဆင့်မြင့် သိုင်းသမားများသာ ပစ်လွှတ်နိုင်သောနည်း ဖြစ်ပေသည်။

ခုနစ်စဉ်ကြယ် သံမဏိမြားက နောက်ကျောသို့ ရောက်နေသည့်တိုင် ဝတ်စုံဖြူနှင့် လူက မလှုပ်ရှား။ ဓားအလင်းတန်းတစ်ခုသာ ပြက်ခနဲ လက်သွားပြီး ခုနစ်စဉ်ကြယ် သံမဏိမြားများ အလယ်တည့်တည့်မှ ခုတ်ဖြတ်ခြင်းခံရကာ မြေပြင်ပေါ်သို့ တချွင်ချွင် ပြုတ်ကျသွားတော့သည်။

ဝတ်စုံဖြူနှင့် လူသည် နောက်သို့ လှည့်မကြည့်ဘဲ ထန်ဖေကို

Scanned with ACE Scanner

သာ စူးစိုက်ကြည့်နေရာမှ ဓားရှည်ထုတ်ကာ လက်နက်ပုန်းကို ဖြိုခွဲ ကာကွယ်လိုက်ခြင်း ဖြစ်သည်။

ထန်ဖေ မျက်စိမျက်နှာ ပျက်သွားသည်။

"ရှင် ... ရှင် ဘယ်သူလဲ"

ဝတ်စုံဖြူက မဖြေ။ ခေါင်းတုံးပြောင်ပြောင်နှင့် ဗိုက်ရွဲရွဲလူက အခန်းတွင်းသို့ ရိပ်ခနဲ ပြန်လည်ခုန်ဝင်လာခဲ့ပြီး တဟားဟား ရယ်မောလိုက်၏။

"ငါသိပြီ၊ မင်းဟာ ထန်ဖေပဲ"

ထန်ဖေ မာန်ဝင့်သည့် အသံဖြင့် ...

"ရှင်ကကော ဘယ်သူလဲ"

ခေါင်းတုံးပြောင်ပြောင်နှင့်လူက သူ့ဗိုက်ကိုပွတ်ကာ အဆက်မပြတ် ရယ်နေပြန်သည်။ စိတ်ကျေနပ်လောက်အောင် ရယ်ပြီးမှ ...

"ငါ့ဘွဲ့နာမည်က နှောက်နှောက်၊ အစ်ကိုကြီးရှောက်ကတော့ ငါ့ကို ဗိုက်ကြီးဆရာတော်လို့ ခေါ်တယ်"

ထက်စင်းရွှဲ့နှင့် ချူးနန်ကုတို့ နှစ်ယောက်မှာ ထိုအမည်ကို ကြားလိုက်သောအခါ အကြီးအကျယ်ပင် စိတ်လှုပ်ရှားသွားကြသည်။

"မင်းက နှောက်နှောက် ကိုယ်တော်လား"

"မင်းဟာ ရှောက်ချူးရွှေရဲ့ အကောင်းဆုံး သူငယ်ချင်း ဗိုက်ကြီးလား"

ထက်စင်းရွှဲ့နှင့် ချူးနန်ကုတို့ နှစ်ယောက်က ပြိုင်တူပင်မေးလိုက်ကြသည်။ ဗိုက်ကြီးဆရာတော် တာတုက ခေါင်းဆတ်ညိတ်ကာ ပြုံးရယ်နေ၏။

ထန်ဖေက ဝတ်စုံဖြူနှင့်လူကို မျက်လုံးမှေးကြည့်ကာ ...

"ရှင်ကကော ဘယ်သူလဲ"

ဝတ်စုံဖြူနှင့်လူက တည်ငြိမ်စွာပင် ရှိနေသည်။

"လူက အရှေ့ပင်လယ်မှာ ရှိနေတယ်၊ ပြည်မကြီးထဲကို ခေါက်တုံ့ခေါက်ပြန် သွားလာနေတယ်၊ ချူးရွေမှာ ကိစ္စရှိရင် သေသေ ရှင်ရှင် အတူတူလိုက်မယ်"

ထက်စင်းရွှဲ့ မျက်လုံးပြူးကျယ် ထွက်လာသည်။

"အရှေ့ပင်လယ်က ကိုယ်တော်လေး လင်လား"

"ဟုတ်တယ်၊ ဝေ့ကျိုးနယ်ကို လာလည်တဲ့ ကိုယ်တော်လေး လင်ပဲ"

ဗိုက်ကြီးဆရာတော် တာတုက ဝင်ရောက်ဖြေဆိုသည်။

ချူးနန်ကုက ဝမ်းသာအားတတ်သည့် အမူအရာဖြင့် ...

"ဝမ်းသာလိုက်တာဗျာ၊ ကျုပ်တို့ ... ကျုပ်တို့ အတူတူ ဆုံစည်းမိကြပြီ"

ထက်စင်းရွှဲ့မှာမူ ပြည့်ပြည့်ဝဝ ဝမ်းမသာနိုင်။ မြေပြင်ပေါ်တွင် ကွဲပြန့်နေသော ပန်းကန်းခွက်ယောက် အကွဲအစများ၊ စားပွဲခုံ အကျိုးအပျက်များကို ကြည့်ကာ နှာခေါင်းရှုံ့မဲ့နေသည်။

"ဒုက္ခပါပဲဗျာ၊ ဒီအတိုင်းဆိုရင် တို့ရိုက်ခွဲခဲ့တဲ့ ပစ္စည်းတွေကို ဘယ်လိုလုပ်ကြမလဲ"

ဗိုက်ကြီးဆရာတော် တာတုကလည်း ယခုမှပင် သူတို့ ဝင်လာကာစက ချူးနန်ကုနှင့် ထက်စင်းရွှဲ့တို့၏ လှုပ်ရှားမှုများကို သတိရလာကာ ...

"နေစမ်းပါဦး၊ မင်းတို့က ဘာကိစ္စကြောင့် ဒီပစ္စည်းတွေကို ဝုန်းဒိုင်းကြဲ ရိုက်ခွဲရတာလဲ"

"မင်းတို့ကို ဩဇာအာဏာဂိုဏ်းက လူတွေခိုင်းပြီး တိုက်ခိုက်ကြမလို့ လုပ်လိုက်တာလေ"

"ဟား ... ဟား ... ဟား ... မင်းတို့က တော်တော် အဆင်ခြင်တရားနည်းတဲ့ ကောင်တွေပဲ၊ မင်းတို့ ဖျက်ဆီးထားတဲ့ ပစ္စည်းတွေအတွက် မင်းတို့ဘာသာ မင်းတို့ပဲ လျော်ကြေးပေးလိုက်"

"ဟ ... ဟ ... တို့မှာ ပိုက်ဆံမပါဘူး"

"ပိုက်ဆံမပါရင် ကျွန်ခံပြီး ဆပ်လိုက်ပေါ့ကွ၊ ဟား ... ဟား ... ဟား ..."

ထက်စင်းရွှဲ့နှင့် ချူးနန်ကုတို့နှစ်ယောက် မျက်နှာငယ်လေးတွေနှင့် ဖြစ်ကုန်တော့သည်။ ထန်ဖေကို အားကိုးတကြီး အကြည့်ဖြင့် လှမ်းကြည့်လိုက်သည်။ ထန်ဖေက မသိကျိုးကျွန်ပြုကာ တစ်ဖက်သို့ လှည့်နေ၏။

"ထန် ... ထန်ဖေ ... တို့ ... တို့အတွက် စိုက်ရှင်းပေးလိုက်ပါနော်"

ထက်စင်းရွှဲ့က မျက်နှာချိုသွေးကာ ပြောသည်။

ချူးနန်ကုကလည်း သွားဖြဲပြ၏။

ထန်ဖေ သူတို့ဘက်သို့ လှည့်ကြည့်လာသည်။

သူ့အကြည့် သူ့အပြုံးက ထက်စင်းရွှဲ့ထံသို့လှမ်းခြုံထားသည်။

"နောက်ဆိုရင် စိတ်လိုက်မာန်ပါ ဘယ်တော့မှ မလုပ်နဲ့နော်၊ ဒီတစ်ခါပဲ စိုက်လျော်ပေးနိုင်မယ်"

ပြောပြောဆိုဆိုပင် အင်္ကျီအိတ်ထဲမှ ငွေတုံးတစ်တုံး ထုတ်ကာ ဆိုင်ရှင်အား ကမ်းပေးလိုက်တော့သည်။

Scanned with ACE Scanner

ထို့နောက် ဗိုလ်ကြီးကိုယ်တော် တာတု၊ ကိုယ်တော်လေးယ လင်တို့နှင့် ပူးပေါင်းကာ ထွက်ခွာလာခဲ့ကြလေတော့သည်။

❋ ❋ ❋

ထန်ဖန်းသည် ရောက်ချူးရွှေ မသေဘူးဆိုသည့် စကားကို ကြားလိုက်ရပြီးကတည်းက ရောက်ချူးရွှေအတွက် အသက်ရှင်နေ ချင်သေးသည်။

ထန်ချမ်းတောင် ကျောက်စေတီကလေးရှေ့တွင် ဖြစ်ပျက်ခဲ့ သည့် တိုက်ပွဲကို လက်ရှောင်ခဲ့သည်။

မိမိ သူရဲဘော နည်းပြီလားဟူသော အသိဖြင့် နောက်ကြောင်း ပြန်လှည့်ကာ တိုက်ပွဲဖြစ်ပွားရာသို့ ပြန်လာသည်။

တိုက်ပွဲက ချုပ်ငြိမ်းသွားပြီ။

ပန်းချောင်းဓား ဂိုဏ်းသားများ အားလုံး အတုံးအရုံးကျဆုံး သလို ဩဇာအာဏာဂိုဏ်းသားများ၏ အလောင်းများကလည်း မြင်မကောင်း။

ထိုအလောင်းများထဲတွင် ကျိုချူးချောက်လန်၊ ထက်စင်းရွှ ချူးနန်ကု၊ မာကျင်ကျုံး၊ အို့ယန်စန်းယိနှင့် ထန်ဖိန်တို့ကို ရှာကြည့် လိုက်သည်။

မတွေ့ ... ။

သို့နှင့် လှည့်ပြန်အလာတွင် ထန်ဖိန်နှင့် ဆုံသည်။

ထန်ဖိန်ကလည်း ပြင်းထန်လှသော တိုက်ပွဲကို ရှောင်ရှားသွား ပြီးမှ လှည့်ပြန်လာခဲ့ခြင်း ဖြစ်သည်။

ထန်ဖန်းနှင့် ထန်ဖိန်တို့ မောင်နှမနှစ်ယောက်လည်း မည်သို

ဖြစ်စေ ရောက်ချူးရွှေ မသေလျှင် ပန်းချောင်းဓားဂိုဏ်း ရောက်ဂေဟာသို့ ပြန်လာလိမ့်မည်ဟု တွက်ဆကာ ချန်တူမြို့သို့ ထွက်ခွာလာခဲ့ကြသည်။

သူတို့နှစ်ယောက်သည် သွားရင်းလာရင်းမှ ရောက်ချူးရွှေ၊ ကျိုချူးချောက်လန်၊ ထက်စင်းရွှဲ့နှင့် ချူးနန်ကု၊ မာကျင်ကျူးနှင့် အို့ယန်စန်းယိတို့၏ သတင်းကို စုံစမ်းလာခဲ့သည်။

တိုက်တိုက်ဆိုင်ဆိုင်ပင် သူတို့နှစ်ယောက်သည် မာကျင်ကျူးနှင့် အို့ယန်စန်းယိတို့ နှစ်ယောက်နှင့် တွေ့ဆုံရသည်။

မာကျင်ကျူးတို့နှစ်ယောက်က လွတ်လွတ်လပ်လပ် အခြေအနေတော့ မဟုတ်။ ကြိုးဖြင့် အတုပ်နှောင်ခံရကာ အကျဉ်းသားအဖြစ် ဆုံတွေ့ရခြင်း ဖြစ်သည်။

ဆုံတွေ့ရသည့်နေရာက စီးစန်းနယ် တာ့တုမြစ်ပေါ်မှ ကြိုးတံတားအပေါ်တွင် ဖြစ်သည်။

မာကျင်ကျူးနှင့် အို့ယန်စန်းယိတို့ နှစ်ယောက်ကို ဩဇာအာဏာဂိုဏ်းသား ခုနစ်ယောက်က ကြိုးဖြင့် တုပ်နှောင်ကာ တစ်ဖက်တံတားထိပ်မှ လျှောက်လာသည်။

ထိုလူ ခုနစ်ယောက်မှာ ယန့်ရောက်ဆူ၊ ချိချန်ချိ၊ သန်မာထွားကျိုင်းသော ယောကျ်ားကြီးလေးယောက်နှင့် အမြဲတမ်း ရယ်ပြုံးနေတတ်သော လူလတ်ပိုင်း ယောကျ်ားကြီးတစ်ယောက်တို့ ဖြစ်ကြသည်။

မာကျင်ကျူးတို့က တစ်ဖက်မှ လျှောက်လာသလို ထန်ဖိန်နှင့် ထန်ဖန်းတို့နှစ်ယောက်လည်း တစ်ဖက်တံတားထိပ်မှ လျှောက်လာကြသည်။

ကြိုးတံတား အလယ်သို့အရောက်တွင် မျက်နှာချင်း ဆိုင်မိကြခြင်း ဖြစ်၏။

မာကျင်ကျုံးနှင့် အို့ယန်စန်းယိတို့ နှစ်ယောက်မှာ သွေးကြောပိတ်ခံထားရသော်လည်း ထန်ဖန်းနှင့် ယင်ဖိန်တို့ကို တွေ့လိုက်ရလျှင် ဝမ်းသာ ပျော်ရွှင်စိတ် ဖြစ်သွား၏။

ရုတ်ခြည်းပင် သူတို့၏ မျက်နှာထက်၌ စိုးရိမ်ထိတ်လန့်သည့် အသွင်များ ပေါ်ပေါက်လာသည်။

သူတို့နှစ်ယောက်အား ထန်ဖန်းတို့မှ မကယ်တင်နိုင်လျှင် မကယ်တင်နှင့် ဆိုသည့်သဘော။ ထန်ဖန်းတို့ကလည်း ထိုအချက်ကို သိသည်။

သို့သော် သူတို့အနေဖြင့် မဖြစ် ဖြစ်အောင် ကယ်တင်ရမည်ဟု ဆုံးဖြတ်ချက် ချလိုက်သည်။

ယန်ရှောက်ဆူနှင့် ချိုချန်ချိုတို့ နှစ်ယောက်ကို သူတို့အင်အားနှင့် တားဆီးကာကွယ်နိုင်သည်။

မာကျင်ကျုံးကဲ့သို့သော ဒေါင်ဒေါင်မြည် သိုင်းသမားကြီးတစ်ယောက် အဖမ်းဆီး အချုပ်နှောင် ခံထားရသည်မှာ ကိုယ်ဝန်သည်ဇနီး အို့ယန်စန်းယိကြောင့် ဖြစ်သည်ကိုလည်း တွက်ဆမိသည်။

မည်သို့ပင်ဖြစ်စေ သူတို့အနေနှင့် ပိုင်နိုင်သည်ဟု ယူဆကြ၏။ ပြုံးရွှင်နေသော လူလတ်ပိုင်း ယောကျာ်းကြီးကိုမူ မည်သူမည်ဝါမှန်း သူတို့ မသိ။

ဘယ်သူဖြစ်ဖြစ် မိတ်ဆွေကောင်းအတွက် ကယ်တင်ရန် သူတို့ လက်မတွန့်နိုင်။

ထန်ဖိန်က စတင် လှုပ်ရှားသည်။

Scanned with ACE Scanner

လက်တစ်ဖက် လှုပ်လိုက်သည်နှင့် ငွေရောင်အလင်းတန်းများ ဖြာထွက်သွားသည်။

ထန်ဖိန်၏ လက်နက်ပုန်း ပစ်ခတ်သည့် ပညာက နှယ်နှယ် ရရ မဟုတ်။

အဆိပ်ရောဂါပိုးနတ်ဆိုး ယီခုယကျာ တစ်ကိုယ်လုံး အပ်များ စိုက်ကာ သင်းခွေချပ် တစ်ကောင်အဖြစ် ပြောင်းလဲနိုင်စွမ်း ရှိသူ ဖြစ်သည်။

သို့သော် ယခု ထန်ဖိန် ပစ်လွှတ်လိုက်သည့် လက်နက်ပုန်း များက တစ်ဖက်သားကို မထိခိုက်။ ရုတ်ခြည်းပင် ပျောက်ကွယ်သွား သည်။

အမြဲတမ်း ပြုံးရယ်နေသည့် လူလတ်ပိုင်း ယောကျာ်းကြီး၏ လက်တွင်းသို့ မှိုပွင့် လဲပွင့်လေးများပမာ ကျရောက်သွားသည်။

ထန်ဖိန် အံ့အားသင့်ကာ မျက်မှောင်ကြီး ကြုတ်လိုက်မိသည်။

"ခင်ဗျား ဘယ်သူလဲ"

ထိုသူက သဘောကျစွာ ရယ်မောလိုက်သည်။

"အပြုံးဆေးပိုင်ရှင် ဆေးဘုရင်ဆိုတာ မင်း ကြားဖူးသလား"

ထန်ဖိန် အံ့ကြိတ်လိုက်မိသည်။

"ဆေးဘုရင် မိုဖေယန်းလား"

"ဟား ... ဟား ... ဟား ... မင်းက ငါ့နာမည်ကိုတောင် သိ နေပြီဆိုတော့ သေရရင်လဲ သေသင့်တဲ့ လူတစ်ယောက် ဖြစ်သွားပြီ"

မိုဖေယန်းက ပြောပြောဆိုဆိုပင် လက်တစ်ဖက်ကို မြှောက် လိုက်သည်။

"ရော့ ... မင်းပစ္စည်းတွေ မင်းပြန်ယူ".

ထန်ဖိန် ပစ်လွှတ်ခဲ့သော လက်နက်ပုန်းများကို ဖမ်းယူထားခဲ့ရာမှ ထန်ဖိန်ထံသို့ ပြန်လည် ပစ်လွှတ်လိုက်ခြင်း ဖြစ်သည်။

ထန်ဖိန်က သူ့ငွေအပ်လက်နက်ပုန်းများကို ဖမ်းဆီးရန် လက်ဟန် ပြင်သည်။

ထန်ဖန်းက သူ့လက်ကို ဆတ်ခနဲ ပုတ်ချလိုက်သည်။

"မဖမ်းနဲ့၊ ဆေးဘုရင်ရဲ့ ပစ္စည်းကို ဖမ်းလို့ မရဘူး"

ထန်ဖိန် လက်ရုပ်ပြီး ရှောင်တိမ်းလိုက်သည်။

ငွေအပ်များက ထန်ဖိန်တို့ကို ကျော်လွန်ကာ တာတုမြစ်ထဲသို့ တစ္စပ်စွပ် ထိုးကျသွားသည်။

အပ်ကျသွားသော ရေပြင်တစ်နေရာတွင် ရုတ်ခြည်းပင် စိမ်းပြာပြာအရောင်များ ပြောင်းလဲသွား၏။

"ဒီ မိန်းကလေး သိပ်ဉာဏ်ကောင်းတယ်၊ ဟဲ ... ဟဲ ... ဟဲ ငါက ဉာဏ်ကောင်းတဲ့ မိန်းကလေးကို အကြိုက်ဆုံးပဲ၊ ဒီလို မိန်းကလေးမျိုးကိုမှ ငါရဲ့ ထူးခြားတဲ့ဆေးကို ကျွေးချင်တာ"

မိုဖေယန်းက ထန်ဖန်းကို စူးစူးရဲရဲ မျက်လုံးများဖြင့် ကြည့်ကာ ပြောလိုက်သည်။ သူ့စကား မဆုံးခင်မှာပင် ထန်ဖိန်နောက်ထပ် လက်နက်ပုန်း ပစ်လွှတ်လိုက်ပြန်သည်။ သည်တစ်ခါ သူ့ တိုက်ကွက်က အပြင်းထန်ဆုံး ဖြစ်၏။

မိုဖေယန်းမျက်နှာ ကွက်ခနဲ ပျက်သွား၏။

မာကျင်ကျိုးကို ဆတ်ခနဲ ဆွဲယူလိုက်ကာ သူ့ရှေ့မှ ကာထားလိုက်လေ၏။

ထန်ဖိန် အကြီးအကျယ် တုန်လှုပ်သွား၏။ သူ့ လက်နက်ပုန်းများက မာကျင်ကျိုးကို ထိမှန်ပေတော့မည်။

Scanned with ACE Scanner

ရုတ်ခြည်းပင် ခုန်ပျံလျက် ပစ်လွှတ်ခဲ့သော လက်နက်ပုန်းများ ကို ပြန်ရုပ်သိမ်းသည်။

မိုဖေယန်းကလည်း မာကျင်ကျုံးကို ရှေ့သို့ တွန်းထုတ်လိုက်ကာ ထန်ဖိန်နှင့် ထိပ်တိုက် ဆောင့်စေ၏။ သူကိုယ်တိုင်ကမူ ထန်ဖန်း ဆီသို့ ခုန်အုပ်သည်။

ထန်ဖန်းမှာ ကိုယ်ဖော့ပညာ ကောင်းမွန်သူမို့ မိုဖေယန်း ရောက်မလာခင် သူက ခုန်ပျံလိုက်သည်။ မိုဖေယန်း ခြေထောက် တံတားပေါ်တွင် ခိုင်မြဲစွာ မရပ်နိုင်ခင်မှာပင် မြားပျံလက်နက်ပုန်း သုံးခုကို မိုဖေယန်း၏ ဦးခေါင်းထက်သို့ ပစ်လွှတ်လိုက်၏။

မိုဖေယန်းမှာ မရှောင်တိမ်းနိုင်။ မြားပျံထိမှန်လု ဆဲဆဲတွင် ချီချန်ချိက လက်တစ်ဖက်ကို ဝှေ့ယမ်းကာ ဖမ်းယူလိုက်၏။

ထန်ဖန်း လေဟာပြင်ထဲမှ အောက်သို့ ပြန်ကျလာ၏။ သူမ ပြန်ကျလာလျှင် မိုဖေယန်း၏ အဆိပ်နှင်းပြု တစ်တန်းက ပြေးဝင် လာ၏။ ထန်ဖန်း နှာခေါင်းကိုအုပ်၍ ခုန်လွှားကာ ရှောင်ရှား၏။ ချီချန်ချိ၏ လခြမ်းဓားကွေးက သူ့ကျောပြင်ပေါ်သို့ ရောက်လာသည်။

ထိုအချိန်မှာပင် ထန်ဖိန်က လက်နက်ပုန်း အမျိုးနှစ်ဆယ်ခန့် မိုဖေယန်းနှင့် ချီချန်ချိထံသို့ ပစ်လွှတ်လိုက်၏။ ထန်ဖန်း သေတွင်းမှ လွတ်သွား၏။ သို့တိုင် ချီယန်ချိ၏ ဓားအပြားနှင့် တစ်ချက်လွဲ၍ အရိုက်ခံလိုက်ရသေးသည်။

ထန်ဖိန်သည်လည်း ရှေ့တွင်သာ အာရုံ စူးစိုက်နေသည်မို့ နောက်ဘက်မှ ယန်ရှောက်ဆူ၏လက်ဝါးတစ်ချက်အရိုက်ခံလိုက်ရ၏။

ထန်ဖိန်ရှေ့သို့ ခြေလှမ်း နှစ်လှမ်းသုံးလှမ်းခန့် ယိုင်းယိုင် လွင့်စဉ်သွားကာ သွေးတစ်လုတ်စာ ဝေါခနဲ အန်ကျလာ၏။

ထန်ဖိန်နှင့် ထန်ဖန်းတို့ နှစ်ယောက်စလုံး ထိခိုက်ဒဏ်ရာ ရကြပြီ။ ထိုအချိန်မှာပင် ယန်ရှောက်ဆူ၊ ချီချန်ချို၊ မိုဖေယန်းတို့ သုံးယောက် သူတို့အနီးသို့ ဝန်းရံလာကြ၏။

သို့သော် ကြီးမားလှသော လက်သီးကြီးတစ်ချက်က ချီယန်ချို ၏ မျက်နှာကို ဝုန်းခနဲ ထိုးချလိုက်တော့၏။ ချီချန်ချို လက်သီး တစ်ချက်မိကာ လခြမ်းဓားကို မြှောက်လျက် ခုတ်ပိုင်းချရန် ဟန် ပြင်လိုက်၏။

သူလက်,လှုပ်၍ပင် မရ။ တင်းကြပ်ခိုင်မြဲသော လက်တစ် ချောင်းက သူ့ ဓားကိုင်လက်ကို ဖမ်းချုပ်ထားသည်။ တစ်ဆက်တည်း ပင် ခုနစ်လက်မခန့် အရှည်ရှိသော ဓားပြန်တစ်စင်း စွပ်ထားသည့် ပလွေတစ်ချောင်းက ချီချန်ချို၏ ဝမ်းဗိုက်တွင်းသို့ လျှပ်တစ်ပြက် တိုးဝင်လာ၏။

ချီချန်ချို ပျော့ခွေကျသွား၏။

ယန်ရှောက်ဆူက သွားရောက်ကယ်တင်ရန် ပြင်စဉ် ထန်ဖန်း က တားဆီးထားသဖြင့် ရှေ့တိုး၍ မရတော့။ ဆေးဘုရင်သည်လည်း ထန်ဖန်း၏ လက်နက်ပုန်းများကို ကာကွယ်နေရသဖြင့် မည်သို့မျှ မတတ်သာ။

ချီချန်ချို သေဆုံးသွားရသဖြင့် သူတို့နှစ်ယောက် အကြီး အကျယ်ပင် ထိတ်လန့် အံ့သြသွားရတော့သည်။

❊ ❊ ❊

ထန်ဖိန်နှင့် ထန်ဖန်းတို့နှစ်ယောက်မှာ ချီချန်ချို သေဆုံးရ ခြင်းအတွက် မအံ့သြမိကြ။ တံတားအလယ်တွင် သူတို့နှင့် ဆုံဆည်း

Scanned with ACE Scanner

စဉ်ကတည်းက ချိုချုန်ချိုတို့၏ နောက်ဘက်မှ လူတစ်ယောက် ခြေသံ လုံလုံနှင့် ချဉ်းကပ်လာသည်ကို သတိထားမိခဲ့သည်။ ထိုသူကို ကြည့် ပြီး စိတ်ထဲတွင် ကျိတ်၍ ဝမ်းသာအားတက်မိခဲ့သည်။ ထိုသူကား အခြားသူ မဟုတ်၊ ကျိုချူးချောက်လန်ပင် ဖြစ်ပေသတည်း။

ကျိုချူးချောက်လန်သည် မာကျင်ကျူးနှင့် အိုယန်စန်းယိတို့ အဖမ်းဆီးခံနေရသည်ကို သိသဖြင့် ကယ်တင်ရန် အခွင့်အလမ်းကို ချောင်းကာ နောက်မှလိုက်ပါလာခဲ့၏။ တာ့တုမြစ်ကမ်းတံတားသို့ အရောက်တွင် တစ်ဘက်မှ ထန်ဖိန်နှင့် ထန်ဖန်းတို့ ရောက်လာခဲ့ သဖြင့် သူ့အတွက် အခွင့်သာခဲ့၏။

နောက်မှ ခြေသံမကြားရအောင် အသာ ချဉ်းကပ်၏။

အနီးဆုံးမှ သန်မာထွားကျိုင်းသော ဩဇာအာဏာဂိုဏ်းသား တစ်ယောက်ကို အသံမထွက်ဘဲ လည်ပင်း ညှစ်သတ်လိုက်၏။

ထို့နောက် ကျန်လူသုံးယောက်ကိုလည်း အလွယ်တကူပင် သတ်ပစ်လိုက်ပြန်၏။ ပြီးသည်နှင့် မာကျင်ကျူးနှင့် အိုယန်စန်းယိတို့ နှစ်ယောက်၏ သွေးကြောကွက်ကို ဖြေဖွင့်ပေးလိုက်သည်။ အိုယန် စန်းယိသည် ဂိုဏ်းသားတစ်ယောက်ထံမှ သူမ၏ ပလွေဓားကို ပြန် ယူ၏။ မာကျင်ကျူးက ချိုချုန်ချိုအား လက်သီးနှင့် ထိုးချလိုက်ပြီး ကျိုချူးချောက်လန်က ဓားကိုင်လက်ကို ဖမ်းချုပ်၏။ အိုယန်စန်းယိ ကမူ ပလွေဓားဖြင့် ချိုချုန်ချို၏ ဗိုက်တွင်းသို့ ထိုးသွင်းသတ်လိုက်၏။

သို့နှင့် လုပ်ကြံနတ်ဆိုး ချိုချုန်ချိုတစ်ယောက် ကျိုချူးချောက် လန်တို့၏ လုပ်ကြံသတ်ဖြတ်ခြင်းကို ခံရကာ သေဆုံးသွား၏။ သူ သေဆုံးသွားသဖြင့် အခြေအနေ တစ်မျိုးတစ်ဖုံ ပြောင်းလဲသွား၏။ သို့တိုင် ထန်ဖန်းတို့မှာ အထက်စီး မရရှိနိုင်သေးချေ။

မာကျင်ကျုံး၏ တစ်ကိုယ်လုံးတွင် ဒဏ်ရာများ ပြည့်နှက်နေသဖြင့် ခွန်အားအရာ စိတ်ဓာတ်အရာတို့တွင် အကြီးအကျယ် ယုတ်လျော့ကျဆင်းနေ၏။

အို့ယန်စန်းယိမှာ ကိုယ်ဝန်ရှိနေသဖြင့် ကြာရှည်စွာ မတိုက်ခိုက်နိုင်။

ထန်ဖိန်းသည်လည်း ချိချန်ချိ၏ လခြမ်းကွေးဓားဒဏ်ရာ ရရှိထားသည်။

ကျိုချူးချောက်လန်နှင့် ထန်ဖိန်တို့နှစ်ယောက်သာ အစိက တိုက်ခိုက်ရသူများ ဖြစ်နေ၏။

ငါးယောက်စလုံး အခြေအနေကောင်းသော်မှ ဆေးဘုရင် မိုဖေယန်းနှင့် ယန်ရှောက်ဆူတို့ကို အောင်နိုင်ရန် မလွယ်ကူ။

နှစ်ယောက်တည်းသာ ဒေါင်ဒေါင်မြည် ရှိနေသောအခါ အဘယ်သို့ ရင်ဆိုင်အနိုင်ရရန် သေချာနိုင်ပါမည်နည်း။

"တို့တတွေ ဟောဒီကြိုးတံတားပေါ်မှာ တိုက်တိုက်ဆိုင်ဆိုင် ဆုံတွေ့ရတာ ဘာကြောင့်လဲ မင်းတို့ သိသလား"

ဆေးဘုရင် မိုဖေယန်းက ပြောသည်။

ကျိုချူးချောက်လန်က ခနဲ့ပြုံးပြုံးကာ ...

"ကျုပ် ခင်ဗျားတို့ကို နောက်ယောင်ခံလိုက်နေတာ ကြာပြီ၊ အစ်ကိုမာတို့ လင်မယားကို ကယ်တင်ဖို့ အခွင့်အရေးကို အခုမှပဲ ကြုံရတော့တယ်"

"ဟား ... ဟား ... ဟား ... မင်းက ဒီလောက်တောင် လွယ်လွယ်ကလေးနဲ့ ဖြစ်လာလိမ့်မယ်လို့ ထင်နေသလား၊ တို့က သူတို့နှစ်ယောက်ကို ဒီလို ဖမ်းခေါ်ပြီး လျှောက်သွားနေတာ အကြောင်းမဲ့

Scanned with ACE Scanner

သက်သက် မှတ်လို့လား၊ သူတို့နဲ့ ငါးစာပြပြီး မင်းကို ခေါ်ထုတ်လိုက်တာပဲ”

ကျိုချူးချောက်လန် မျက်နှာပျက်သွားပြီးမှ လှောင်ပြုံးပြုံးလျက် ...

“ဟဲ ... ဟဲ ... ဟဲ ... အခုတော့ သူတို့ကို ကျုပ်က ကယ်တင်လိုက်ပြီလေ၊ ခင်ဗျားတို့ဘက်က လူငါးယောက်ကိုတောင် သတ်လိုက်နိုင်သေးတယ်လေ”

“မှန်တယ်၊ တို့က ဒီနေရာမှာ ထန်မျိုးနွယ် မောင်နှမနဲ့ တွေ့ဆုံရလိမ့်မယ်လို့ မျှော်လင့်မထားခဲ့လို့ပဲ၊ ဒါပေမယ့် မင်းတို့ အခု ငါ့ကို မယှဉ်နိုင်ကြပါဘူး”

“ခင်ဗျား သိပ်ပြီးတော့လဲ ကိုယ့်ကိုကိုယ် အထင်ကြီးမနေပါနဲ့ဦး၊ မယှဉ်နိုင်ဘူး ယှဉ်နိုင်တယ်ဆိုတာက တိုက်ခိုက်ပြီးမှ သိမှာပါ”

မာကျင်ကျူးက ဝင်ပြောသည်။

ဆေးဘုရင်က ခေါင်းတဆတ်ဆတ် ညိတ်လိုက်ကာ ရယ်မောနေသည်။

ကျိုချူးချောက်လန်က စိတ်မရှည်နိုင်စွာဖြင့် ...

“ကဲ ... ပြောနေတာ ကြာတယ်ဗျာ၊ ခင်ဗျား စပြီး တိုက်ခိုက်ပေတော့”

“ငါ တိုက်ခိုက်ပြီးပြီပဲ”

“ဘယ်အချိန်က တိုက်လိုက်တာလဲ”

အို့ယန်စန်းယိက သိချင်စိတ်ကို မထိန်းနိုင်ဘဲ မေးသည်။

ဆေးဘုရင်က ဝင့်ကြွားမာန်ထည်စွာ ရယ်မောလျက် ...

“ခုနက ငါ မင်းတို့နဲ့ စကားပြောပြီးခါစ အချိန်ကပဲ”

Scanned with ACE Scanner

ထန်ဖန်းမျက်နှာ ရုတ်ခြည်းပင ဖြူဖတ်ဖြူရော် ဖြစ်သွားသည်။

"လူယုတ်မာ ဘာစကားမှ ပြောမနေနဲ့၊ အရှုံးအနိုင် သဲကွဲအောင် တိုက်ခိုက်ကြမယ်"

"ဟီး ... ဟီး ... ဟီး ... အရှုံးအနိုင် သဲကွဲစရာ မလိုတော့ဘူး၊ မင်းတို့ ရှုံးနိမ့်ပြီးပြီ"

ဆေးဘုရင် စကားအဆုံးတွင် အိုယန်စန်းယိ လဲကျသွားသည်။

မာကျင်ကျုံးက ထူမ,ရန် ပြင်လိုက်စဉ် သူ့ဦးခေါင်းတစ်ခုလုံး သွက်သွက်ခါယမ်းကာ မူးမိုက်သွားသဖြင့် တံတားလက်တန်းသံကြိုးကို ကမန်းကတန်း ဖမ်းဆွဲထားလိုက်ရ၏။

"ခင်ဗျား ... အဆိပ် ... အဆိပ်ခတ်လိုက်တာလား"

"ဟုတ်တယ်၊ စောစောက ငါ စကားပြောနေရင်း အရိပ်မဲ့အဆိပ် ပစ်လွှတ်လိုက်တာပဲ၊ မင်းတို့အားလုံး အခု အဆိပ်သင့်နေကြပြီ"

မာကျင်ကျုံးမှာ ဝုန်းခနဲ ပက်လက်လန်ကာ မြစ်ရေထဲသို့ ပြုတ်ကျသွားတော့သည်။

ကျိုချူးချောက်လန်မှာ ခေါင်းထဲတွင် မူးနောက်နောက် ဖြစ်လာသည်ကို အံကြိတ်ကာ တင်းထားသည်။

"ခင်ဗျား ဘယ်လိုလုပ် အဆိတ်ခတ်တာလဲ"

"ငါက စကားပြောရင်းနဲ့ မင်းတို့ဆီကို အဆိပ်တွေ လွှတ်လိုက်တယ်၊ မင်းတို့ ပါးစပ်ဟ စကားပြောမိကြလို့ အဆိပ်က လျှာဖျားကို ရောက်သွားတယ်"

ယန်ရှောက်ဆူက အမြင်ကတ်စရာ ကောင်းလောက်အောင် ရယ်မောကာ ...

"ဆေးဘုရင်ဆိုတာ သိုင်းလောကမှာ နယ်နယ်ရရ ပုဂ္ဂိုလ်တစ်ယောက်မှ မဟုတ်ဘဲ၊ မင်းတို့လို ပါချိုပါချက် ချာတိတ်ကလေးတွေလောက်တော့ ဘယ်လိုနည်းနဲ့ အဆိပ်ခတ်ခတ် သိပ်လွယ်ကူတာပဲပေါ့"

ထန်ဖန်းမှာ မုန်းတီးနာကြည်းလွန်းသဖြင့် မြားပျံလက်နက်ပုန်းကို အားတင်းကြိုးစားကာ ပစ်လွှတ်သည်။

မြားပျံက လိုရင်းသို့ မရောက်။

ခရီးတစ်ဝက်မှာပင် အားအင်ကင်းမဲ့စွာ ပြုတ်ကျသွားသည်။

ထို့အတူ ထန်ဖန်းမှာလည်း မူးမေ့ လဲကျသွားတော့သည်။

ထန်ဖိန်တစ်ယောက်တည်းသာ မူးမေ့ခြင်း မရှိဘဲ ရပ်နေနိုင်သေးသည်။

သို့သော် သူသည်လည်း မျက်နှာ ဖြူဖပ်ဖြူရော် ဖြစ်ကာ ဒယီးဒယိုင်နှင့် လဲကျတော့မည်။

ယန်ရှောက်ဆူ ကောက်ကျစ်စွာ ရယ်မောလိုက်ပြန်သည်။

"လဲကျစမ်း ... လဲကျစမ်း၊ မင်း ဘယ်လောက်ပဲ တောင့်ခံထားတောင့်ခံထား အခုတော့ ငါ့ရဲ့ ခြေထောက်အောက် ရောက်ရတာပဲ မဟုတ်လား"

ထန်ဖုန် လဲမကျသေး။

ထို့ပြင် ရုတ်တရက် လှုပ်ရှားမှုတစ်ခုပင် ပြုလိုက်သေးသည်။

အဖြူရောင် အလင်းတန်းနှစ်တန်းက လျှပ်စီးပြက်သကဲ့သို့ ဝင်းလက်ကာ ပြေးထွက်သွားသည်။

သားအမိ ဝိညာဉ်ချွာမြား။

ဆေးဘုရင် မိုဖေယန် အကြီးအကျယ် ထိတ်လန့်သွားသည်။

ထိုမြားနှစ်ခုကို သူ မဖမ်းနိုင်ကြောင်း သိသည်။

သားမြား ရောက်လာစဉ်မှာပင် ရိုပ်ခနဲ မြစ်တွင်းသို့ ခုန်ဆင်းကာ ရှောင်ရှားသည်။

အမိမြားကမူ ယန်ရှောက်ဆူထံသို့ ဦးတည်ဝင်လာသည်။

ယန်ရှောက်ဆူမှာ ကိုယ့်ကိုကိုယ် သဘောကျ ကျေနပ်စွာ ဝင့်ကြွားနေစဉ် အမိမြားက သူ့ဝိညာဉ်ကို ခန္ဓာကိုယ်မှ ဖဲ့ခွာ ထုတ်ပစ်လိုက်တော့သည်။

ထို့အတူ ထန်ဖိန်သည်လည်း မူးမေ့ သတိလစ် လဲကျသွားတော့သည်။

※ ※ ※

# အခန်း (၅)

ရောက်ချူးရှေသည် အတွင်းအားလှိုင်းများ အဆက်မပြတ် တိုးဝင်စီးဆင်းနေမှုကြောင့် ရင်ထဲတွင် မခံမရပ်နိုင်အောင် ဖြစ်လာရသည်။

ကမန်းကတန်းပင် တင်ပျဉ်ခွေထိုင်ကာ အသက်ရှူလေ့ကျင့်ရင်း အတွင်းအားများကို တစ်နေရာတည်းတွင် စုစုရုံးရုံးဖြစ်အောင် စုစည်းသည်။

အချိန်မည်မျှ ကြာအောင် အတွင်းအား လေ့ကျင့်စဉ် ပြုလုပ်နေမိသည်ကို သူကိုယ်တိုင်ပင် မသိ။

စိတ်တဲတွင် ကြည်လင်ကာ သက်သောင့်သက်သာ ဖြစ်လာချိန်တွင် သူ့ ခန္ဓာကိုယ်အတွင်း၌ မှန်းဆ၍ မရနိုင်လောက်အောင် အတွင်းအားများ တိုးတက် ပွားများလာသည်ကို သတိပြုမိသည်။

မျက်စိဖွင့်ကြည့်လိုက်လျှင် နေက အနောက်သို့အတော်ကလေး ရွေ့စောင်းသွားခဲ့ပြီကို သိ၏။

ထက်ချီနှင့် ယင်ဖိန်တို့ နှစ်ယောက်ကမူ ယှဉ်ပြိုင် တိုက်ခိုက်နေကြဆဲ။

တိုက်ခိုက်ခြင်းက ဓားသိုင်းတိုက်ခိုက်ခြင်း မဟုတ်တော့။

ဒုတိယ ယှဉ်ပြိုင်ပွဲ လက်ဝါးသိုင်း အဖြစ်သို့ ရောက်ရှိသွားခဲ့ကြပြီ။

Scanned with ACE Scanner

သူတို့ နှစ်ယောက်စလုံး၏ ခေါင်းပေါ်တွင် ဦးသျှောင်များ မရှိတော့။ ဆံပင်များက ဖိုးရိုဖားရား ရှုပ်ထွေးနေကြပြီ။

အဝတ်အစားများတွင်လည်း ချွေးတရွှဲရွှဲ နစ်နေပြီ။

ရောက်ချူးရွှေ သတိရ၍ ကြည့်နေစဉ်အတွင်း သူတို့ နှစ်ယောက်၏ လက်ဝါးနှစ်စုံက ဝုန်းခနဲ ထိပ်တိုက် ရိုက်မိကြသည်။

ဖုန်မှုန့် သဲမှုန့်များ လွင့်စဉ်ထွက်ကုန်ကာ နောက်သို့ ခြေလှမ်း ခုနစ်လှမ်းခန့်စီ ဆုတ်ပေး လိုက်ကြရသည်။

"ဟူး ... ဒီတစ်ပွဲလည်း အရှုံးအနိုင် မပေါ်ပြန်ဘူး"

ထက်ချိုက စိတ်ဓာတ်ကျစွာ ရေရွတ်ပြောဆိုသည်။

ယင်ဖိန်က သက်ပြင်းလေပူ မှုတ်ထုတ်ကာ ...

"တတိယပွဲ တစ်ပွဲ ရှိသေးတယ်"

"ပထမပွဲတုန်းက မင်းရဲ့ ဓားသိုင်းက တကယ့်ကို ကောင်း တာပဲ"

"ဒါပေမယ့် အရှုံးအနိုင် မပေါ်ဘူး မဟုတ်လား"

"အေး ... လက်ဝါးသိုင်း အတွင်းအားအရ ပြောရင်တော့ ငါက မင်းထက် တစ်ဝက်လောက် မြင့်တယ်"

"ငါ့ရဲ့ လက်ဝါးသိုင်းကွက်ကလဲ မင်းထက်ပိုပြီး ကျယ်ပြန့် ရှုပ်ထွေးတယ်၊ နောက်ဆုံးတော့ အရှုံးအနိုင် မရှိပြန်ဘူး"

"အင်း ... တတိယပွဲ တစ်ပွဲပဲ ကျန်တော့တယ်"

"ဟုတ်တယ်၊ အဲဒီပွဲဟာ အရှုံးအနိုင် ဆုံးဖြတ်တဲ့ပွဲပဲ"

နှစ်ယောက်သား နှုတ်ဆိတ်ငြိမ်သက် သွားကြပြန်သည်။

အတန်ကြာမှ ယင်ဖိန်က ရောက်ချူးရွှေကို သတိပြုမိကာ ရယ်မောလိုက်သည်။

Scanned with ACE Scanner

"ဟ … ဒီချာတိတ် အခုထက်ထိ ရှိနေသေးတာပဲ"

"အေး … နောက်တစ်ပွဲက အတွင်းအားချင်း ယှဉ်ပြိုင်ရမှာဆိုတော့ အတော်ပဲ၊ ဒီချာတိတ်ကို ဒိုင်လူကြီး လုပ်ခိုင်းရမယ်"

ယင်ဖိန်က ရှောက်ချူးရှွေကို အသံပြုလိုက်သည်။

ရှောက်ချူးရှွေက ခေါင်းမော့ကြည့်လိုက်လျှင် …

"တို့နှစ်ယောက်ရဲ့ အတွင်းအားက အထွတ်အထိပ်ကို ရောက်နေပြီ၊ ဆယ့်သုံးနှစ်သားတုန်းက ထိုက်ပေါင် ကန့်လန့် ကိုယ်ခံအတွင်းအား အောင်မြင်ခဲ့တယ်၊ အသက်နှစ်ဆယ်မှာ လူပျိုကလေးအတွင်းအားကို အောင်မြင်တယ်"

ထက်ချီကလည်း ဆက်လက်၍ …

"လွန်ခဲ့တဲ့ နှစ်ပေါင်းငါးဆယ်လောက်က ရွှေခေါင်းလောင်းအုပ်ဆောင်း ကိုယ်ခံအတွင်းအား အောင်မြင်ခဲ့တယ်၊ လွန်ခဲ့တဲ့ အနှစ်လေးဆယ်လောက်က အကြောပေါင်းတစ်ရာပွင့်ပြီး သံအင်္ကျီ ကိုယ်ခံအားပါ အောင်မြင်ခဲ့တယ်"

ရှောက်ချူးရှွေ တအံ့ရသြပင် ဖြစ်သွားမိသည်။

ရွှေခေါင်းလောင်းအုပ်ဆောင်း ကိုယ်ခံ အမာအားတို့သည် သိုင်းလောက၏ အတွင်းအား အပြင်အား အထွတ်အထိပ် ပညာရပ်များ ဖြစ်ကြသည်။

တစ်မျိုးကို အောင်မြင်တတ်ကျွမ်းလျှင်ပင် အတွင်းအား အရာ၌ထိပ်တန်းသို့ ရောက်ရှိနေပေပြီ။

ယခု ထိုပညာရပ် အားလုံးကို အောင်မြင် တတ်ကျွမ်းထားပြီဆိုသောအခါ အတွင်းအားပညာတွင် မည်သို့မျှ ပြောဖွယ်ရာ မရှိတော့။

Scanned with ACE Scanner

ထက်ချိုက ဆက်လက်၍ ပြောပြန်သည်။

"တို့နှစ်ယောက်ရဲ့ အတွင်းအား ပညာသည်ရိုးတွေက ကုန်နေပြီ၊ ဒါတွေကိုချည်း ထပ်ခါထပ်ခါ လေ့ကျင့်ရတာ ကြာတော့ ပျင်းခြောက်ခြောက်တောင် ဖြစ်လာတယ်၊ ရှောင်လင်ဂိုဏ်းချုပ်ကြီး ထင်းချင့်ဆရာတော်က ကမ္ဘောဒ္ဓာန်း အတွင်းအားမှာ နဂါးဆင်ပန်လို့ နတ်အတွင်းအား အဆင့်အထိ ရောက်တာကလွဲလို့ ထန်ခွမ့်ဟူရဲ့ မုန်တိုင်းပြင်းထန်သလို အတွင်းအား အပြင်အားကလွဲလို့ ဒီလောကမှာ တို့ကို ယှဉ်နိုင်တဲ့လူ သိပ်မရှိတော့ဘူး"

ယင်ဖိန် အထိတ်တလန့် အမူအယာဖြင့် ကြားဖြတ်ကာ ...

"ဂိုဏ်းချုပ်ထိုက်ရှိန်ရဲ့ နဝမ ကမ္ဘာဦးတည်စ အတွင်းအားကလဲ နက်နဲထူထပ်လွန်းတယ်၊ နောက်ပြီး ဩဇာအာဏာဂိုဏ်းရဲ့ ဂိုဏ်ချုပ် လီချန်ကြိုးရဲ့ အတွင်းအားကျင့်စဉ်ကလဲ ထူးခြားနက်နဲတယ်၊ အတွင်းအား ပညာရပ် အာလုံးလောက်နီးနီး တတ်ကျွမ်းတယ်၊ ဘယ်လောက် ကောင်းမွန် နက်ရှိုင်းသလဲဆိုတာ ခန့်မှန်းလို့တောင် မရဘူးတဲ့၊ တစ်ခါမှ မတွေ့ဆုံဘူးတာ စိတ်မကောင်းစရာပဲ"

ဝူတန်းဂိုဏ်းချုပ် ထိုက်ရှန်မှာ ဝါစဉ်အရ ထက်ချိုနှင့် ယင်ဖိန်တို့၏ တူတော်ပေသည်။ သို့သော် အကျင့်စာရိတ္တ၊ သိုင်းပညာ စွမ်း၊ အမည်ဂုဏ်သတင်းတို့ကြောင့် ဂိုဏ်းချုပ်ရာထူး ရရှိလာခဲ့ခြင်း ဖြစ်သည်။

"ကဲ ... တို့အခု အတွင်းအား ပြိုင်ကြမယ်၊ တစ်ယောက်ရိုက်တာကို တစ်ယောက်က ခံရမယ်၊ မခံနိုင်ရင် အရှုံးလို့ သတ်မှတ်ရမယ်၊ မင်းက ဒိုင်လူကြီးလုပ်ပြီး အဆုံးအဖြတ်ပေး"

Scanned with ACE Scanner

ထက်ချီက ရှောက်ချူးရွှေကို ပြောသည်။

ရှောက်ချူးရွှေ ငြိမ်ကြည့်နေ၏။ ယင်ဖိန်က အကြံတစ်ခု ရပဲ့ဖြင့် ...

"ဒီလိုလုပ်မယ်၊ တစ်ချက်ချင်း မရိုက်ဘူး၊ များများရိုက်မယ်၊ အနိုင်မရိုက်နိုင်ဘူးလို့ သိရင် ရိုက်တာကို ရပ်လိုက်ရမယ်"

"ကောင်းပြီ၊ မင်းပြောသလို လုပ်ကြစို့"

ယင်ဖိန်သည် မြင်းထိုင်ထိုင်ကာ အတွင်းအား လည်ပတ်မှု ပြုသည်။

အာရုံကို စူးစိုက်ထားပြီး ...

"ကဲ ... ကဲ ... မင်းအရင်ဆုံး ရိုက်၊ ငါခံမယ်"

"အေး ... ဒါဆိုရင်လဲ ငါကပဲ အရင်စရိုက်မယ်"

ထက်ချီက အတွင်းအား စုစည်းကာ လက်ချောင်းနှစ်ချောင်း ပူးလျက် ယင်ဖိန်၏ နှလုံးသွေးကြောကွက်ကို ထိုးသည်။ ယင်ဖိန်ကား ရပ်မြဲ ရပ်နေဆဲ။ ထက်ချီက လက်ပြန်ရုပ်ကာ လက်ဝါးရိုက် ချက် ရှစ်ချက် ရိုက်ချပြန်သည်။ လက်ဝါးရိုက်ချက်က ရင်ဘတ်ပေါ် သို့ ရိုက်ချလိုက်သော်လည်း လက်ဝါးအသံက နောက်ကျောဘက်မှ ထွက်ပေါ်လာသည်။

ယင်ဖိန်မှာမူ မလှုပ်မြဲမလှုပ် ရပ်မြဲရပ်လျက်။

ထက်ချီ မျက်နှာတစ်ချက် ပျက်သွားသည်။

လက်နှစ်ကျောင်းကို ဆောက်ကဲ့သို့ ကွေးကာ ယင်ဖိန်၏ ဘယ်ညာ နားထင်နှစ်ဖက် သွေးကြောကွက်ကို ထိုးသည်။

"ဒုတ် ... ဒုတ် ..."

Scanned with ACE Scanner

ယင်ဖိန် မျက်နှာတစ်ချက်ကလေး မပျက်။

ထက်ချိ စိတ်ထဲတွင် မချင့်မရဲ ဖြစ်လာသည်။

လက်ချောင်းကို ပူးဆန့်ပြီး ယင်ဖိန်၏ မျက်လုံးအစုံကို ထိုးစိုက်ချလိုက်သည်။

ရက်စက် ကြမ်းကြုတ်လှသော တိုက်ကွက်။

ရောက်ချူးရွှေ ရင်တဲတွင် ထိတ်ကာ အော်ဟစ်တားဆီးရန် ဟန်ပြင်လိုက်သည်။

ထက်ချိ၏ လှုပ်ရှားမှုက အလွန်ပင် မြန်ဆန်လှသည်။

တစ်ဖက်သား မျက်လုံးအစုံ ကန်းသွားအောင် အားကုန် အင်ကုန်ပင် ထိုးချလိုက်သည်။

ယင်ဖိန် မျက်လုံးနှစ်လုံးကို ဖျတ်ခနဲ ပိတ်လိုက်သည်။

ထက်ချိ၏ လက်ချောင်းနှစ်ချောင်းက ယင်ဖိန်၏ မျက်ခွံကို ကြက်ပေါင်တုံး တစ်တုံးဖေါ်သို့ ထိုးစိုက်လိုက်မိသလို ပြန်ကန်ထွက်လာသည်။

ထက်ချိသည် သက်ပြင်းရှည် တစ်ချက်ချကာ လက်ကိုရုပ်သိမ်းလိုက်သည်။

တစ်ဆက်တည်းပင် အင်္ကျီလက်အိုးစကိုလည်း ယမ်းခါလိုက်၏။ အင်္ကျီစက ခြေသလုံးခန့်တုတ်သော ထင်းရှူးပင်ကို ရိုက်ခတ်မိသည်။

"ဖြောင်း ..."

ထင်းရှူးပင်မှာ ပုဆိန်ဖြင့် ခုတ်ပိုင်းခံရသည့်နှယ် ခါးလယ်မှ ထက်ပိုင်း ကျိုးကျသွားသည်။

ရှောက်ချိုးရွှေမှာ သည်တော့မှပင် ထက်ချီ၏ အတွင်းအား မည်မျှ ပြင်းထန်ပြီး ယင်ဖိန်၏ ကိုယ်ခံအတွင်းအား မည်မျှ ကြောက်စရာကောင်းသည်ကို ချင့်တွေး သဘောပေါက်မိတော့သည်။

❋ ❋ ❋

ထက်ချီ သူ့အလှည့် ကျရောက်လာပြီမို့ မျက်လုံးစုံမှိတ် အာရုံစူးစိုက်ကာ မြင်းစီးထိုင် ထိုင်လိုက်သည်။

ယင်ဖိန်လည်း မျက်လုံးဖြေးညင်းစွာ ဖွင့်လျက် အသက်ကို မျှင်းရှူသည်။

မျက်နှာ အရောင်အသွေးက ဖြူရော်နေရာမှ တဖြည်းဖြည်း အနီရောင်သို့ ပြောင်းလဲလာခဲ့သည်။

ထို့နောက် ကျယ်လောင်စွာ အော်ဟစ်လျှက် ထိုးခုတ်၊ ရိုက်နှက် ကန်ကျောက်သည်။ လက်သီး၊ တံတောင်၊ လက်ဝါး၊ လက်ချောင်း ခြေဖျားတို့ ဖယ်စက်သလို လှုပ်ရှားသွားသည်။ ထက်ချီ၏ ပိုင်ရှေ့၊ ထင်မိန်ချူချီ၊ ယင့်ယန်၊ လင်ကျူး စသော အဓိက သွေးကြောကွက်များပေါ်သို့ မိုးစက် မုန်တိုင်းများပမာ တရစပ် တိုးဝင်သည်။

ထက်ချီ လဲကျမသွား၊ မျက်နှာပေါ်တွင် ဝါရွှေသော အလင်းတန်း တစ်ချက်ပင် လက်ဖြာသွားသည်။

ယင်ဖိန် စိတ်ပျက်စွာ သက်ပြင်းချလိုက်သည်။ မရိုက်နှက်တော့။

“ဒီတစ်ခါ ယှဉ်ပြိုင်တာ အရှုံးအနိုင် မရှိပြန်ဘူး”

ထက်ချီ မျက်လုံး ဖြေးညင်းစွာ ပွင့်လာသည်။

Scanned with ACE Scanner

"တို့နှစ်ယောက် ဒီလိုပဲ ယှဉ်ပြိုင်ခဲ့ကြတာ နှစ်ပေါင်း ငါးဆယ်ကျော်လာပြီ၊ အရှုံးအနိုင် မပေါ်တော့ ယှဉ်ပြိုင်ရတာ အချည်းနှီးပဲ"

ယင်ဖိန်က မရယ်မပြုံးနှင့် ရှောက်ချူးရွှေကို စူးစိုက်ကြည့်လိုက်သည်။ ရှောက်ချူးရွှေ မနေတတ် မထိုင်တတ်အောင် ဖြစ်သွားမိသည်။

"ခဏနေဦး၊ ငါ စောစောက အတွင်းအားထုတ် အော်ဟစ်လိုက်တဲ့အချိန်မှာ ဒီချာတိတ်က ဘာကြောင့် လဲကျမသွားရတာလဲ၊ ကြည့်ရတာ သူ့ အတွင်းအား အခြေခံ မဆိုးဘူးထင်တယ်"

စောစောက ယင်ဖိန် မတိုက်ခိုက်ခင် အော်ဟစ်လိုက်သံမှာ တော်ရုံတန်ရုံ သူဆိုလျှင် နားစည်မှ အမှေးပါးကွဲသွားကာ နားပင်းတစ်ယောက် ဖြစ်သွားနိုင်ပေသည်။ စတုတ္ထတန်း သိုင်းသမားတစ်ယောက်ဆိုလျှင် အတွင်းအား ရိုက်ခတ်မှု ဒဏ်ကြောင့် တုန်ခါလဲကျသွားစေနိုင်ပေသည်။ ရှောက်ချူးရွှေတစ်ယောက် ဘာမျှ မဖြစ်သည်ကို ကြည့်ပြီး ယင်ဖိန် မှတ်ချက်ချသလို ထက်ချီကလည်း သဘောပေါက် နားလည်လာသည်။

"အင်း ... ဟုတ်တယ်၊ ဒီချာတိတ်ရဲ့ အတွင်းအားက သိပ်ဆိုးမှာ မဟုတ်ဘူး၊ တို့နှစ်ယောက်ကို ဓားနဲ့ ထိုးကြည့်ခိုင်းမယ်၊ မခံနိုင်တဲ့လူ အရှုံးပဲ"

ရှောက်ချူးရွှေမှာ ထက်ချီနှင့် ယင်ဖိန်တို့က သူ့ကို စံထားကာ ယှဉ်ပြိုင်ကြတော့မည်ဖြစ်ကြောင်း ယခုမှပင် နားလည်သဘောပေါက်မိသည်။

သိုင်းလောက အဆင့်မြင့် သိုင်းသမားအချင်းချင်း ယှဉ်ပြိုင်

Scanned with ACE Scanner

ရာတွင် လက်ဝါးရိုက်ချက်ကိုသာ တောင့်ခံနိုင်ကြမည်၊ လက်နက်ကိုမူ မခံနိုင်ကြ။

ဗုံမျက်နှာပြင်ပေါ်သို့ လက်ဝါးနှင့် တီးခတ်လျှင် တင်းမာတွန်းကန်သော အားအဟုန်ကြောင့် ပျက်စီး ယိုယွင်းသွားနိုင်ခြင်း မရှိသော်လည်း အပ်တစ်ချောင်းဖြင့် ထိုးစိုက်ကြည့်ပါက ပေါက်ထွက်သွားသကဲ့သို့ ပင်တည်း။

သို့သော် ထိပ်တန်းအဆင့်လွန် သိုင်းသမားများအဖို့မူ ဒုတိယတန်းစား၊ တတိယတန်းစား သိုင်းသမားတစ်ယောက်၏ လက်နက်ကို တင်းခံနိုင်စွမ်း ရှိကြပေသည်။

ရှောက်ချူးရွှေမှာ ဒုတိယတန်းစား၊ တတိယတန်းစား သိုင်းသမားတစ်ယောက် မဟုတ်။ စတုတ္ထတန်းစား အဆင့်ကိုပင် မရောက်နိုင်သေးသည့် နောက်တက် သိုင်းသမား ချာတိတ်တစ်ယောက်သာ ဖြစ်သည်။

ခုနက ယင်ဖိန်၏ မာန်သွင်းအော်ဟစ်လိုက်သံကို ခံနိုင်ရည်ရှိသောကြောင့်သာ တတိယတန်းစား သိုင်းသမားတစ်ယောက် ဖြစ်ရမည်ဟု ယင်ဖိန်နှင့် ထက်ချီတို့က သတ်မှတ်လိုက်မိကြခြင်း ဖြစ်ပေသည်။

"ရွှမ်း…"

ယင်ဖိန်က ဓားအိမ်ထဲမှ ဓားရှည်ကို ဆွဲထုတ်လိုက်သည်။ ဓားအလင်းရောင်က သက်တန့်တစ်ခုပမာ လင်းလက်သွားသည်။

ရှောက်ချူးရွှေအား လှမ်းပေးလိုက်ရင်း …

"ရော့… မင်း ဟောဒီဓားနဲ့ ငါတို့ရဲ့ အဓိက သွေးကြောကွက်

ကို အစွမ်းကုန် ထိုးချလိုက်၊ ပြင်းပြင်းထန်ထန် မထိုးရင် တို့အတွက်
ဘာမှ အကျိုးရှိ အရာရောက်မှာ မဟုတ်ဘူး"

ထက်ချီကလည်း သူ့ဓားရှည်ကို ဆွဲထုတ်လိုက်သည်။

ရှောက်ချူးရွှေကို လှမ်းပေးရင်း ...

"ရော့ ... မှုမှုတတ ဖြစ်သွားအောင် မင်း ဒီဓားနှစ်ချောင်း
စလုံးနဲ့ ထိုး၊ နှစ်ယောက်ကို ပြိုင်တူသာ ထိုးပေတော့"

ရှောက်ချူးရွှေမှာ ဓားရှည်နှစ်လက်ကို ကိုင်ပြီး ငေးကြောင်
ကြည့်နေမိသည်။

ထက်ချီနှင့် ယင်ဖိန်တို့နှစ်ယောက် အတွင်းအား စုစည်းလျက်
အဆင်သင့် ပြင်ဆင်ထားပြီးကြလေပြီ။

"ထိုးလေ ... ဘာလုပ်နေတာလဲ၊ မြန်မြန်ထိုး"

"ဖြည်းဖြည်းမထိုးနဲ့နော်၊ တအားကုန်ထိုးချ"

ထက်ချီနှင့် ယင်ဖိန်တို့ နှစ်ယောက်က အလောတကြီး တိုက်
တွန်းကြသည်။

ရှောက်ချူးရွှေ ချီတုံချတုံ ဖြစ်နေ၏။

တစ်ခဏမျှ စဉ်းစားလိုက်ပြီးလျှင် သက်ပြင်းရှည်တစ်ချက်
ချလိုက်သည်။

ထို့နောက် ဓားရှည်နှစ်လက်ကို လွှတ်ချကာ လက်ဝါးနှစ်ဖက်
ကိုသာ ပုတ်ချလိုက်သည်။

ရှောက်ချူးရွှေစိတ်ထဲတွင် သိပ်မသန့်။

အဓိပ္ပာယ်မရှိဘဲ လူတစ်ယောက်ကို ထိခိုက်သွားမှာ စိုးရိမ်
မိသည်။

ထို့ကြောင့် ကိုယ်ပိုင်လက်ဝါး အတွင်းအားဖြင့် အရင်ဆုံး စမ်းသပ်ကြည့်ရန် ဆုံးဖြတ်ချက် ချလိုက်ခြင်း ဖြစ်သည်။

ရှောက်ချူးရှွေ သူ့လက်ဝါးကို သူယုံသည်။ အတွင်းအား မည်မျှ နည်းပါးကင်းမဲ့သည်ကို သိသည်။

တစ်ဖက်လူ နှစ်ယောက် မည်သို့မျှ ထိခိုက်မှု မရှိနိုင်ကြောင်းလည်း သူ နားလည်သည်။

သို့သော် သူ့လက်ဝါးနှစ်ဖက် ရိုက်ထုတ်လိုက်ချိန်တွင် ကြီးမားလှသော အားလှိုင်းကြီး တစ်ခုက သူ့ခန္ဓာကိုယ်ထဲမှ ထွက်သွားသည်ဟု သူ ခံစားမိသည်။

လေထုကို ထိုးဖောက်ထွက်သွားသည့် လက်ဝါးရိုက်ချက်က တဟူးဟူး မြည်လာသည်။

ရှောက်ချူးရှွေ ကိုယ်တိုင်ပင် အံ့အားသင့် တုန်လှုပ်သွား၏။

လက်ထွက်ပုံ၊ လှုပ်ရှားပုံကလည်း သူ့ကိုယ်သူပင် နားမလည်နိုင်အောင် မြန်ဆန် သွက်လက်နေ၏။

ထက်ချီနှင့် ယင်ဖိန်တို့ကို အထင်မသေးဝံ့သဖြင့် လက်ဝါးတဲတွင် အတွင်းအား ဆယ်ပုံကိုးပုံခန့် ထည့်သွင်း ရိုက်ချလိုက်ခြင်းဖြစ်ရာ လေထုကို ထိုးခွဲ ဖောက်ထွက်သွားသံက အတော်ကြီး ပြင်းထန်လွန်းလှပြီး သူ့လက်ဝါးကို ပြန်လည် ရုတ်သိမ်းရန် ပြင်သည်။

အချိန်မမီတော့။

ထက်ချီနှင့် ယင်ဖိန်တို့ နှစ်ယောက်လည်း ရှောက်ချူးရှွေ၏ လက်ဝါး ထွက်လာပုံကို တွေ့ရလျှင် မျက်နှာအသီးသီး ပျက်သွားမိကြသည်။

သို့သော် အရှုံးအနိုင် ကွဲပြားလိုသောစိတ်ကြောင့် မည်သို့မျှ မရှောင်တိမ်းကြ။ ကြိတ်မှိတ်ကာ တောင့်ခံကြသည်။

ရှောက်ချူးရွှေ လက်ဝါး သူတို့၏ ခန္ဓာကိုယ်ကို ထိမှန်လျှင် အသံထွက်မသွား၊ ထက်ချီ၏မျက်နှာ ဖြူဖပ်ဖြူရော် ဖြစ်သွားပြီး ယိမ်းယိုင်သွား၏။

နေရာမှ တစ်လက်မမျှ မရွေ့။

ယင်ဖိန်မှာ လက်ဝါးထိချိန်တွင် မျက်နှာမပျက်သော်လည်း နောက်သို့ ခြေလှမ်း သုံးလှမ်း ဆုတ်လိုက်ရသည်။

ခြေလှမ်းတိုင်း ခြေလှမ်းတိုင်းသည် မြေပြင်တွင် ချိုင့်ခွက်များ ဖြစ်လျက် ကျန်ရစ်ခဲ့သည်။

ထက်ချီ ရယ်မောလိုက်သည်။

သူ့ ရယ်သံက ဝမ်းနည်းသံ ပါနေသည်။

"တကယ်ကောင်းတဲ့ လက်ဝါး အတွင်းအားပဲ"

နှစ်ယောက်စလုံး ပြိုင်တူပင် ရေရွတ်မိကြပြီး သွေးတစ်လုတ်စီ အန်ထုတ်လိုက်ကြရ၏။

ရှောက်ချူးရွှေ အကြီးအကျယ်ပင် စိုးရိမ် ထိတ်လန့်သွား၏။

"ဆရာကြီးတို့ ကျွန် ... ကျွန်တော် ..."

ထက်ချီက နှုတ်ခမ်းကို သွားဖြင့် ဖိကိုက်ကာ ...

"ကိစ္စမရှိဘူး၊ မင်းကို တို့ အပြစ်မတင်ဘူး၊ မင်း လက်ကို ရုပ်သိမ်းပြီး အားကုန်အင်ကုန် မရိုက်ထုတ်တာ ငါ သိတယ်"

ယင်ဖိန်ကလည်း သူ့ရင်ဘတ်ကို လက်ဖြင့် ပွတ်သပ်လိုက်လေ၏။

"တို့က မင်းကိုဓားနဲ့ အထိုးခိုင်းတာ၊ မင်း ဓားနဲ့မထိုးသတ်တာကိုပဲ တို့အပေါ်မှာ ကျေးဇူးကြီးမားလှပြီ၊ တို့က မင်းကို အကြည့်မှားခဲ့တာ၊ မင်းမှာ အပြစ်မရှိဘူး"

ထက်ချီနှင့် ယင်ဖိန်တို့ တစ်ယောက်ကိုတစ်ယောက် ပြိုင်တူပင် ကြည့်လိုက်မိကြသည်။

ယင်ဖိန်က သက်ပြင်းတစ်ချက် ချကာ ...

"မင်းရဲ့ အတွင်းအားဟာ အနည်းဆုံး နှစ်တစ်ရာကျော်အထက်မှာ ရှိနေပြီ၊ မင်းဟာ အသက်ငယ်ငယ်လေးနဲ့ ဒီလောက်အတွင်းအားရှိတာ အံ့ဩစရာပဲ"

"မင်းရဲ့ မျက်လုံး မျက်ဖန်မှာ ကြီးမားတဲ့ စွမ်းအင်သတ္တိတွေရှိနေတယ်၊ နောင်တစ်ချိန်မှာ သိုင်းလောကရဲ့ လူချွန်လူကောင်းတစ်ယောက် ဖြစ်လိမ့်မယ်၊ ဒါပေမယ့် မင်းရဲ့ သိုင်းပညာက အတွင်းအားလောက် မမြင့်မားဘူး"

ထက်ချီစကားကို ခဏရပ်လိုက်ပြီး လက်တစ်ချက် ဝေ့ယမ်းလျက်က ...

"ငါတို့ ဘာမှ မပြောချင်တော့ဘူး၊ ငါ့ ဒဏ်ရာက ပြင်းထန်သွားပြီ၊ ကဲ ... တို့ သွားတော့မယ်"

ပြောပြောဆိုဆိုပင် မတ်တပ်ထရပ်လိုက်သည်။

နှစ်ယောက်စလုံး၏ မျက်နှာက ပို၍ပင် သွေးဆုတ် ဖြူရော်လာ၏။

ထို့နောက် ကိုယ်ဟန်တစ်ချက်လှုပ်ကာ တောင်အောက်သို့ ရိပ်ခနဲ ပြေးဆင်းသွားတော့သည်။

Scanned with ACE Scanner

ရှောက်ချိုးရွှေမှာ အံ့အားသင့်လွန်းမက အံ့အား သင့်နေမိကာ အော်ဟစ်တားဆီးရန်ပင် သတိမရတော့။

သူ့စိတ်ထဲတွင် ဝမ်းနည်းကြေကွဲသလို ခံစားလာရသည်။

သက်တန့်မှိ တောင်ပေါ်တွင် သူတစ်ယောက်တည်းသာ ကျန်ရစ်ခဲ့တော့သည်။

ဝင်လုဆဲဆဲ နေမင်းက သူ့ဘဝကို လှုပ်ခတ်စေသည်။

ပန်းချောင်းစားဂိုဏ်း ရှောက်ဂေဟာကို ကယ်တင်ရဦးမည်၊

ထိုအသိ ဝင်လာသည်နှင့် ရှောက်ချိုးရွှေလည်း တောင်ပေါ်မှ အောက်သို့ ပြေးဆင်းသွားတော့သည်။

✳ ✳ ✳

Scanned with ACE Scanner

## အခန်း (၆)

ထန်ဖန်းနှင့် ထန်ဖိန်တို့ ပြန်လည် သတိရလာသောအခါ· စကားမပြောနိုင်ကြ၊ မလှုပ်ရှားနိုင်ကြတော့။

ထိုအပြင် သူတို့ တစ်ယောက်နှင့်တစ်ယောက်လည်း မမှတ်မိ၊ မသိရှိကြတော့။ ရုပ်ပြောင်း ရုပ်လွှဲထားခြင်း ခံနေကြရသည်။

ထန်ဖိန်သည် ကုန်သည် ယောကျာ်းကြီးတစ်ယောက် အသွင် ဖြစ်ကာ ထန်ဖန်းက အသက်အရွယ် အိုမင်းသော အဘွားအိုတစ် ယောက်အသွင် ဖြစ်နေပေ၏။

ကျိုချူးချောက်လန်နှင့် အိုယန်စန်းယီတို့ နှစ်ယောက်မှာ ဝတ် သတ်သမားနှင့် ဆေးရောင်းသူ အသွင်သဏ္ဍာန် ဖြစ်နေ၏။

သူတို့သည် အခြားသူများ၏ သယ်ပိုးသွားခြင်း ခံနေကြရ၏။

လမ်းမကြီးများကို ဖြတ်ခဲ့ရသည်။ လမ်းသေး လမ်းမွှားများ ကို ကျော်ခဲ့ရသည်။

ခြောက်သွေ့သော သဲကန္တာရ၊ တောင်ကုန်း တောင်တန်း၊ အင်းအိုင် ချောင်းမြောင်းတို့ကို ကျော်ဖြတ်ခဲ့ရသည်။

လူနေ ကျဲပါးရာမှ လူနေ ထူထပ်သော နေရာသို့ ရောက်ရှိလာ ကြသည်။ မည်သည့် အရပ်ဆိုသည်ကိုမူ သူတို့ မသိကြ။

သူတို့နောက်သို့ နောက်ယောင်ခံကာ လိုက်နေသူ တစ်ဦးသာ ရှိသည်။

ထိုသူကား မာကျင်ကျုံးပေတည်း။

မာကျင်ကျုံးသည် ထန်ဖိန်၊ ထန်ဖန်းတို့ကဲ့သို့ပင် ဆေးဘုရင်၏ အဆိပ်သင့်ခံခဲ့ရသည်။

သို့သော် အားလုံးထဲမှ သူ၏ အတွင်းအားက ထူးကဲနက်ရှိုင်းလှသည်ဖြစ်ရာ မူးမေ့လဲကျခါနီးတွင် မြစ်ရေထဲသို့ ကိုယ်ကို လွှဲချသက်ဆင်းစေလိုက်သည်။

မြစ်ရေထဲသို့ ရောက်လျှင် ရေအနည်းငယ်ကို စုပ်ငုံကာ လျှာအရင်းမှ အဆိပ်ကို ဆေးကြောညှစ်ထုတ်၏။

ထိုအဆိပ်က ပြင်းထန်သော အဆိပ်မဟုတ်။ ဆေးဘုရင်ကလည်း သူတို့အား သတ်ဖြတ်ရန် ရည်ရွယ်ချက် မရှိ။

မူးမေ့နေစဉ် ဖမ်းဆီး ခေါ်ဆောင်သွားရန်သာ အစီအစဉ်ရှိသည်။

မာကျင်ကျုံး အဆိပ်ပြေ၍ ကြိုးတံတားပေါ် ပြန်တက်လာနိုင်သောအခါ လူအားလုံး မရှိကြတော့။

ဆေးဘုရင်က မြစ်တွင်းမှ ခုန်တက်ကာ ဖမ်းဆီးခေါ်ဆောင်သွားခဲ့ပြီ ဖြစ်သည်။

ဆေးဘုရင်သည် မာကျင်ကျုံတစ်ယောက် လျော့နည်းနေသည်ကို သိသော်လည်း ရေနစ်သေဆုံးပြီဟု ထင်မှတ်ခဲ့၏။

ထိုရေပြင်ထဲ ဆင်းရှာရမည့် အလုပ်ကိုလည်း သူ မလုပ်လို။ ရှိသည့် သူများကိုသာ ခေါ်ဆောင်ကာ ထွက်လာခဲ့တော့သည်။

မာကျင်ကျုံးလည်း ဆေးဘုရင်နောက်သို့ နောက်ယောင်ခံလိုက်တော့သည်။

သို့သော် မဆင်မခြင်ကား မလုပ်ရဲ။

သူ့အတွင်းအားက ပြန်လည်ပြည့်ဝခြင်း မရှိသေးသလို အဆိပ်ကလည်း ကိုယ်ခန္ဓာအတွင်း၌ မကုန်စင်သေး။

ခပ်လှမ်းလှမ်းမှသာ မထင်မရှား လိုက်လာခဲ့သည်။

ဆေးဘုရင် မိုဖေယန်းသည် ထိုလူ စုကို တစ်နေရာရာသို့ ပို့ဆောင်မည်ကို သိသော်လည်း မည်သည့်နေရာ ဖြစ်မည်ကို မခန့်မှန်းတတ်ပါ။

ခန်းတိန့်သို့ ရောက်လျှင် ဆေးဘုရင် မိုဖေယန်းက ထန်ဖန်းတို့ လေးယောက်ကို မီးဘုရင် ကျူကျောင်းခန့်လက်သို့ အပ်၏။

ကျူကျောင်းခန့်နှင့်အတူ အပေါက်တစ်ခု နတ်ဆိုး ကျိုချန်စင်းနှင့် ခန်းကျိစင်းတို့ ပါလာကြ၏။

သူတို့သည် လိုတိန်တံတားကြီးကို ဖြတ်ကာ ရွှဲ့ချွမ်းနယ်ချင်းရှေ့မြစ်တစ်ဝိုက်သို့ ရောက်လာကြသည်။

မာကျင်ကျူးမှာ ကျူကျောင်းချန့်တို့၏ ရည်ရွယ်ချက်ကို အတွေးမပေါက်နိုင်၊ အဘယ်ကြောင့် သုံ့ပန်းအဖြစ် သယ်ဆောင်ကာ ရွှဲ့ချွမ်းနယ်သို့ ဝင်ရောက်လာကြသည်ကို မခန့်မှန်းတတ်။

တစ်လမ်းဝင် တစ်လမ်းထွက်၊ တစ်တောင်ကျော် တစ်တောင်ဖြတ်၊ တစ်ချောင်းဆန် တစ်မြစ်ကူးကာ အဆက်မပြတ်ပင် နောက်ယောင်ခံလိုက်နေမိ၏။ မည်သည့်နေရာတွင် ရပ်တန့်မည်ကို သူမသိ။

ကံကြမ္မာက မည်သို့ ဖန်တီးလာမည်ကို သူ မတွေးမိ။

❋ ❋ ❋

ထန်ဖန်းသည် အလွန်ဝေးလံသော ခရီးတစ်ခုသို့ မိမိအားသယ်ဆောင်သွားနေကြသည်ကို သိသည်။

မည်သည့်နေရာသို့ ရောက်နေပြီ ဆိုခြင်းကိုမူ မခန့်မှန်းတတ်၊ သူမကို ဖမ်းဆီး ခေါ်ဆောင်လာသူမှာ ရှောက်ယီလင်နှင့် သူ့ရဲကောင်း တစ်ရာ့ရှစ်ယောက်တို့အား အနိုင်ယူခဲ့သူ မီးဘုရင် ကျူးကျင်းချန့် ဖြစ်သည်ကိုမူ သိထားသည်။

ထို့ပြင် ကျူးကျင်းခန့်နှင့်အတူ ဩဇာအာဏာ ဂိုဏ်းသား အယောက်သုံးဆယ်ကျော်၊ အပေါက်တစ်ခု နတ်ဆိုး ကျိုချန်စင်း၊ သွေးရိပ်နတ်ဆိုးနှင့် ခန်းကျိစင်းတို့ ပါဝင်လာကြသည်ကိုလည်း သူ သတိထားမိ၏။

တည်းခိုဆိုင်ကလေး တစ်ဆိုင်သို့ ရောက်ရှိလာကြလေသည်။

ဆိုင်က သာမန်တည်းခိုဆိုင်ဟု ထင်မှတ်စရာ ရှိသော်လည်း ဩဇာအာဏာဂိုဏ်း၏ စခန်းခွဲတစ်ခုဖြစ်ကြောင်း ထန်ဖန်း အကဲခတ်မိသည်။

ကျူးကျင်းချန့် ဆိုင်အတွင်းသို့ ဝင်မိသည်နှင့် ဆိုင်ရှင်အား လျှို့ဝှက် အချက်ပြ ဆက်သွယ်ကာ လျှို့ဝှက်စကားများကို အပြန် အလှန် ပြောဆိုနေကြသည်ကို သူ မြင်တွေ့ ကြားသိလိုက်ရသော ကြောင့်ပင်တည်း။

ကျူးကျင်းချန့်သည် တည်းခိုဆိုင်၏ စားပွဲတစ်ခုတွင် ဝင် ထိုင်လိုက်သည်။

ထန်ဖန်း၊ ထန်ဖိန်၊ ကျိုချူးချောက်လန်နှင့် အို့ယန်စန်းယိတို့ ကိုလည်း နေရာထိုင်ခင်း ပေး၏။

သူ့အသွင် သဏ္ဌာန်က ပျော်ရွှင် တတ်ကြွနေသည်။

ဆိုင်ရှင် တည်ခင်းပေးသော ထမင်းဟင်းလျာနှင့် အရက် အနည်းငယ်ကို သောက်စားပြီးသည်နှင့် ...

"ငါတို့က မင်းတို့ကို မသတ်ဘဲ အဘိုးကြီး အဘွားကြီးတွေလို ဒီနေရာကို ဘာဖြစ်လို့ ဂရုတစိုက် သယ်မ လာရတယ်ဆိုတာ သိလား"

ထန်ဖန်းတို့ ဘာမျှမပြောသာ။ ပြောရန်လည်းစကားသံမထွက်။

ကျူကျောင်းခန့်က လှောင်ရယ်ရယ်ကာ ဆက်ပြောသည်။

"မင်းတို့ အခုထက်ထိ မသေကြရသေးတာ မင်းတို့ရဲ့ မိသားစု ကျောထောက် နောက်ခံ ကောင်းနေကြလို့ပဲ"

ထန်ဖန်းတို့ လေးယောက်မှာ ရုပ်ဖျက်ခံထားရပြီး ခြေလက်မလှုပ်ရှားနိုင်သည်မှ လွဲ၍ ထူးခြားသော အသွင်သဏ္ဌာန် မရှိ။

ကျူကျောင်းချန့် လေသံခပ်အုပ်အုပ် စကားပြောနေပြန်ရာ ဘေးလူများအနေနှင့် မည်သို့မျှ သံသယဝင်နိုင်စရာ အကြောင်းမရှိ။

သူငယ်ချင်း မိတ်ဆွေများ ဝိုင်းဖွဲ့ စကားပြောဆိုနေသည့် အသွင်သဏ္ဌာန် ရှိနေသည်။

"တုကျူးနယ် ထန်မျိုးနွယ် မိသားစုဟာ တို့ ဂိုဏ်းချုပ်ကြီးလီ အလျင်ဆုံး ချေမှုန်းချင်တဲ့၊ အန္တရာယ်ကြီး ရန်သူကြီးတစ်ခုပဲ၊ မင်းတို့ နှစ်ယောက်ကို ဖမ်းဆီးထားလိုက်ရင် အနည်းဆုံး ထန်ပင်ပင်နဲ့ ထန်ထူထူတို့ လှုပ်ရှားသွားကြလိမ့်မယ်၊ ထန်မျိုးနွယ် ရဲတိုက်ရဲ့ ဩဇာတိက္ကမ အကြီးမားဆုံး မယ်တော်ကြီးထန်က မင်းကို သိပ်ချစ်တယ်ဆိုတာလဲတို့ သိထားတယ်၊ မင်းတို့ဟာ တို့အတွက် အသုံးဝင်တဲ့ ပစ္စည်းတွေပဲ"

ထန်မျိုးဆက်တွင် ထန်လောက်စွန်သည် ထန်တာ၏ ဖခင်ဖြစ်ပြီး ထန်ကျင်းချူးမှာ ထန်ဖိန်၏ဖခင် ဖြစ်သည်။

ထန်မျိုးဆက် လူလတ်ပိုင်း ဒုတိယခေတ် အဆင့်မြင့် သိုင်း

Scanned with ACE Scanner

သမား စုစုပေါင်း ငါးယောက်သာ ရှိသည်။ ယောကျ်ားလေးယောက်၊ မိန်းမတစ်ယောက် ဖြစ်၏။

ထန်လောင်စွန့်မှာ အကြီးဆုံးဖြစ်ပြီး ထန်ကျင်းချူး၊ ထန်မား မား၊ ထန်သန်းကျီးနှင့် ထန်ကျင်းစန်းဟူ၍ ဖြစ်သည်။

ထန်ကျဲ၊ ထန်ဆုန့်၊ ထန်ဖေ၊ ထန်မုံ၊ ထန်လို၊ ထန်ကန်းတို့ သည် သူတို့မွေးဖွားလာသော တတိယခေတ် မျိုးဆက်ဖြစ်ကြသည်။

ထန်မျိုးဆက်၏ ပထမခေတ် ကျန်ရစ်သူများမှာ မယ်တော်ကြီးထန် တစ်ယောက်သာ ရှိသည်။ သူမသည် သိုင်းလောကတွင် ဩဇာတိက္ကမ အရှိဆုံး မိန်းမ တစ်ယောက်ဟု ဆိုကြသည်။

ထန်မျိုးဆက်၏ ဘိုးဘေး အကြီးအကဲတစ်ယောက် ရှိသေးသည်ဟုလည်း ဆိုကြသည်။ သူ့ကို ဆရာကြီးထန်ဟု ခေါ်သည်။

လွန်ခဲ့သည့် နှစ်ရှစ်ဆယ်ခန့်က ထန်မျိုးဆက် ရဲတိုက်ကို တိုးချဲ့ ဆောက်လုပ်ခဲ့သည့် ပုဂ္ဂိုလ်လည်း ဖြစ်သည်။

သို့သော် လွန်ခဲ့သော နှစ်ပေါင်း ငါးဆယ်ခန့်ကပင် ဆရာကြီး ထန်မှာ သိုင်းလောကထဲသို့ မဝင်တော့။ ထန်မျိုးနွယ် သားတပည့်များပင် မမြင်ဘူးကြ၊ မတွေ့ဘူးကြ၊ လူ့လောကတွင် အသက်ရှင်လျက် ရှိသေးသလား၊ မရှိတော့ဘူးလား ဆိုသည်ကို မည်သူမျှ တပ်အပ်မပြောနိုင်ကြ။

ထိုဆရာကြီးထန်ကို ထည့်မတွက်လျှင် မယ်တော်ကြီးထန်၏ ဝါစဉ်နှင့် အဆင့်အတန်းက အမြင့်မားဆုံး ဖြစ်သည်။ မယ်တော်ကြီးထန်၏ အစေအပါး ထန်အဲအိုသည်ပင် လက်နက်ပုန်းပညာ၌ ပြောင်ကျန်းနယ် လက်တစ်သောင်းဘုရင် ကျိုထင်းတဲ့၏ အထက်တွင် ရှိသည်ဟု အသိအမှတ် ပြုကြသည်။

Scanned with ACE Scanner

မယ်တော်ကြီးထန်သည် တည်ကြည်လေးနက်ကာ စည်းကမ်းကြီးသည်။

အလွယ်တကူ ချဉ်းကပ်ခင်မင်ရန် မဖြစ်နိုင်။ သို့သော် သူမသည် ဉာဏ်ပညာ ထက်မြက်သလောက် ခေါင်းမာသော ထန်ဖန်းကိုမူ အသည်းစွဲ ချစ်ခင်လှသည်။

ကျူကျောင်းချန့်သည် မယ်တော်ကြီးထန်၏ ပျော့ကွက်ကို ဖမ်းမိထားသဖြင့် အကျေနပ်ကြီး ကျေနပ်နေသည်။ ထန်မိသားစု ရဲတိုက်ကို ဖြိုခွဲ အောင်မြင်နိုင်ရန်မှာ ထန်ဖန်းသည် အညာတစ်ခု ဖြစ်သည်ဟု သူ ယုံကြည်ထားသည်။

သူသည် ကျိုချူးချောက်လန်နှင့် အို့ယန်စန်းယိတို့ နှစ်ဦးကို ယက်ညှိုးညွှန်ကာ ...

"မင်းတို့ နှစ်ယောက်ကို ချန်ထားတာကကော ဘာကြောင့်လဲ သိလား၊ ကျိုချူးချောက်လန်ရဲ့အဖေ ကျိုချူးတောက်တိန်ဟာ ဖမ်းချုပ်လက်သိုင်း ပညာရှင် နံပါတစ် ရှမ့်ဝဲလူရဲ့ တပည့်အရင်း ဖြစ်သလို သိမ်းငှက် လက်သည်းဘုရင် လှေ့ဖုန်းနဲ့လဲ ပတ်သက်နေတယ်၊ သူဟာလဲ တို့အတွက် နည်းနည်းတော့ တန်ဖိုးရှိတဲ့ လူတစ်ယောက်ပဲ၊ အို့ယန်စန်းယိကတော့ သူ့ယောက်ျားကို ငါးစာအဖြစ် မျှားခေါ်ချင်လို့ ဖမ်းထားတာပဲ၊ မကြာခင် မင်းယောက်ျားကို တို့ပိုက်ကွန်ထဲ ဆွဲထည့်တော့မယ်ဆိုတာ မင်း ယုံသလား"

အို့ယန်စန်းယိ ထိတ်လန့်သွားသည်။

ထိုအချိန်မှာပင် သူမသည် လူတစ်ယောက်ကို ဖျတ်ခနဲ တွေ့လိုက်ရသည်။ အလှကုန် ပစ္စည်းအချို့ကို လိုက်လံလှည့်လည် ရောင်းချနေသောသူ။

ထိုသူ၏ အသွင်သဏ္ဍာန် မည်သို့ပင် ရှိပါစေ။ အရိပ်အငွေ့ကို သူမ မြင်ယုံနှင့် ကောင်းစွာ မှတ်မိသည်။

သူမ၏ ချစ်လင် မာကျင်ကျုံး။

အို့ယန်စန်းယိ စိုးရိမ် ထိတ်လန့်နေသည်မှာ ရင်ဘတ်ထဲရှိ နှလုံးသားတစ်ပြို ပါးစပ်အတွင်းမှ ခုန်ထွက်သွားလုမတတ်။

သို့သော် သွေးကြော ပိတ်ဆို့ထားသဖြင့် အော်ဟစ် သတိပေးရန် မတတ်သာတော့။

※ ※ ※

မာကျင်ကျုံးသည် တည်းခိုဆိုင်အတွင်းသို့ ဝင်လိုက်မိသည်နှင့် ရုပ်ဖျက်ခံထားရသော ဆေးရောင်းသမား တစ်ယောက်ကို တွေ့လိုက်ရသည်။

ထိုဆေးရောင်းသမား နှုတ်ခမ်းဖျားမှ စကားတစ်စုံတစ်ရာ ထွက်ပေါ်လာခြင်း မရှိသော်လည်း မျက်ဝန်းရိပ်မှ ပြောဆိုလိုက်သော စကား အဓိပ္ပာယ်ကို သူ သိသည်။

ဆေးရောင်းသမားအသွင် ဖြစ်ပေါ်နေသူမှာ သူ့ဇနီးသည် အို့ယန်စန်းယိ။

အို့ယန်စန်းယိ၏ ဘေးအန္တရာယ် ကျရောက်တော့မည်ဟူသော မျက်ဝန်းစကားကို သူ့နှလုံးသားမှ နားကြားလိုက်ရသည်။

မာကျင်ကျုံး ချက်ချင်းပင် ခေါင်းလှည့်ကာ ပြန်ထွက်လိုက်သည်။

ထို့နောက် တုံ့ဆိုင်းခြင်းမရှိဘဲ အစွမ်းကုန်ထွက်ပြေးတော့သည်။

လမ်းမကြီး တစ်ခုပြီးတစ်ခု ဖြတ်ခဲ့သည်။

Scanned with ACE Scanner

လမ်းသွယ် လမ်းမွှားများ ဝ၂စ်ခုပြီးတစ်ခု ကျော်ခဲ့သည်။

တစ်နေရာသို့ ရောက်လျှင်မူ သူရှေ့ဆက်ပြေး၍ မရတော့။

နံရံတစ်ခုက ဆီးကြိုတားဆီးထားသဖြင့် ခြေလှမ်းတုံ့ခနဲ ရပ်လိုက်ရ၏။

ထွက်လမ်းမရှိသော နေရာသေတစ်ခု။

ဘာလုပ်ရမည်နည်း။

မာကျင်ကျူး နောက်သို့ ခေါင်းမလှည့်နိုင်ခင်မှာပင် နောက်ဘက်မှ အရှိန်လျှော့ချလိုက်သော ခြေသံကို ကြားရ၏။

ဆတ်ခနဲ လှည့်ကြည့်လျှင် မီးခိုးရောင် ဝတ်စုံပွပွကြီး ဝတ်ဆင် ထားသူတစ်ယောက်ကို တွေ့လိုက်ရသည်။

ထိုသူ၏ မျက်နှာက ပွရောင်းရောင်း ရှိသလောက် မျက်လုံးပေါက်က အပ်ခြစ်ရာ တစ်ခုကဲ့သို့ သေးသွယ်ကျဉ်းမြောင်းလွန်းလှသည်။

"မင်းရဲ့ ဘွဲ့နာမည်က မြေကျမြစ်ပေါက် ရေသောက်မြစ်မြေကကွာလို့ ခေါ်သလား"

ထိုသူက မေးသည်။

မာကျင်ကျူး ခေါင်းညိတ်ပြလိုက်သည်။

မြင်ရုံနှင့်ပင် ထိုသူ၏ သိုင်းပညာ အဆင့်အတန်း မနိမ့်ကြောင်း ခန့်မှန်းမိ၏။

ကိုယ့်ကိုကိုယ်လည်း အသင့် ပြင်ထားလိုက်သည်။

"ငါ့နာမည် ကျိုချန်စင်း၊ ဘွဲ့နာမည် အပေါက်တစ်ခု နတ်ဆိုးလို့ ခေါ်တယ်၊ မင်း ကြားဖူးသလား"

မာကျင်ကျူး နဖူးမှ ချွေးသီးချွေးပေါက်များ စိမ့်ထွက်လာသည်။

အပေါက်တစ်ခု နတ်ဆိုး ဘယ်လိုလူစားမျိုးဆိုတာ သူ ကောင်းကောင်းသိ၏။

"ငါအခု အပေါက်တစ်ခု ဖောက်မယ်၊ ပြီးရင် မင်းရဲ့ ရေသောက်မြစ်ကို မြှုပ်နှံ့ပစ်လိုက်မယ်"

ကျိုချန်စင်းကပြောရင်း အင်္ကျီအိတ်ထဲမှ ကြေးလင်းကွင်းတစ်စုံကို ဖြည်းညင်းစွာ ဆွဲထုတ်လိုက်သည်။

လင်းကွင်းအရောင်က နေရောင်တွင် တလက်လက်။

မာကျင်ကျုံး၏ မျက်စိ ပြာဝေသွား၏။

နောက်ကျောလုံခြုံမှု ရရှိရန်အတွက် အရင်ဆုံး နောက်ကျောကို နံရံတွင် ပြေးကပ်သည်။

ပြီးမှ ကျိုချန်စင်းအား တိုက်ခိုက်ရန် ဆုံးဖြတ်သည်။

သို့သော် နံရံကို ကျောဖြင့် ပြေးကပ်လိုက်သည်နှင့် သူ့နောက်ကျောတွင် စစ်ခနဲ နာကျင်ပြီးလျှင် ရင်ဘတ်ရှေ့သို့ ဓားဦးချွန်တစ်ခုက ထုတ်ချင်းခတ် ပေါ်ထွက်လာသည်။

"အား . . ."

မာကျင်ကျုံး နာကျင်စွာ အော်ဟစ်လိုက်သည်။

သူ့မျက်လုံး အစုံသည် ပေါက်ကွဲလုမတတ် ပြူးကျယ်သွား၏။

ခန္ဓာကိုယ်ကလဲ စပရိန်ကဲ့သို့ ရှေ့သို့ ခုန်ထွက်လိုက်သည်။

သွေးများက ရင်ဘတ်မှ ရဲခနဲ လွင့်စဥ်ထွက်သွားသည်။

ဓားဦးချွန်လည်း မရှိတော့။

နံရံက ဓားဆွဲနုတ်ပြီးသည်နှင့် ရုတ်တရက် ပြိုကျသွား၏။

အုတ်နံရံ မဟုတ်။

သဏ္ဍာန်လုပ်ထားသော နံရံအတု တစ်ခုသာ။

Scanned with ACE Scanner

ထိုနံရံမှ လူတစ်ယောက် ထွက်လာသည်။

သူ့ လက်ထဲတွင် ဓားရှည်တစ်စင်း ကိုင်ဆောင်ထား၏။

ဓားအလင်းရောင်က နေအလင်းတန်းကဲ့သို့ ဖြာထွက်နေပြီး ဓားဦးချွန်တွင် သွေးများ ပေကျံနေသည်။

ဓားကိုင်ထားသူ၏ မျက်နှာပြင်တွင် ကောက်ကျစ်သော အပြုံးကို ပြုံးထားသည်။

"ကျုပ်နာမည် ခန်းကျိစင်း၊ အရင်ကတော့ ရှောက်ချူးရွှေရဲ့ သူငယ်ချင်း၊ တကယ်တော့ ဩဇာအာဏာဂိုဏ်းသား တစ်ယောက်ပါပဲ"

မာကျင်ကျူး အကြီးအကျယ် ဒေါသထွက်သွားသည်။

ဒေါသတကြီး အော်ဟစ်ကာ လက်သီးအစုံကို ဝှေ့ယမ်းလျက် ခန်းကျိစင်းထံ ခုန်ဝင်လိုက်၏။

သူ နှစ်ပေါင်းများစွာ ကြိုးစား အပင်ပန်းခံ လေ့ကျင့်ထားသော အတွင်းအားက သူ့အသက်ကို အောင့်အည်းထိန်းချုပ်ထားနိုင်၍ ရုတ်တရက် မသေသေး။

သို့သော် ရုတ်ခြည်းပင် သူ့နံရိုးနှစ်ဖက်ကို သံလွှကဲ့သို့သော အရာဝတ္ထုတစ်ခုက လှီးဖြတ်နေသည်ဟု ခံစားလိုက်ရသည်။

ခန်းကျိစင်းထံသို့ ဒေါသတကြီးနှင့် လက်တုံ့ပြန်မှု မပြုနိုင်တော့ပါ။

ကျိုချန်စင်း၏ ကြေးလင်းကွင်းတစ်စုံက သူ့နံပါးကို လှီးဖြတ်ချေပြီတကား။

❋ ❋ ❋

Scanned with ACE Scanner

ယွန်နန်နယ် (သို့မဟုတ်) စီးစန်းမှ ချန်တူးမြို့သို့ သွားလိုလျှင် ဝိုမေတောင်ကို ဖြတ်ကျော်ရပေမည်။

ဝိုမေတောင်၏ အောက်ခြေတွင် ဗှာယန်မြို့ ရှိသည်။

ဗှာယန်မှတစ်ဆင့် ချန်တူးမြို့ကို သွားရောက်နိုင်ပေသည်။

ရှောက်ချူးရွှေသည် သက်တန့်နီတောင်ပေါ်မှ ဆင်းကာ ထိုခရီးစဉ်အတိုင်း ထွက်လာခဲ့သည်။ ရွှဲ့ချွမ်းနယ်၏ ရွာငယ်တစ်ရွာကို ရောက်လျှင် သူသည် လူတစ်ယောက်နှင့် တွေ့ဆုံခဲ့ရသည်။

သူသည် ထိုရွာထဲသို့ လှမ်းဝင်ဟန်အပြုတွင် ရွာအဝင် စည်းရိုးတံခါးပေါ်မှ လူရိပ်တစ်ရိပ် ခုန်ပျံ ဆင်းလာသည်ကို တွေ့လိုက်ရ၏။

ထိုသူ၏ ကိုယ်ဖော့ပညာက ခြေသံတစ်သံ မကြားရလောက်အောင်ပင် ထက်မြက်မြင့်မားသည်။

ရှောက်ချူးရွှေ အစက သိပ်ဂရုမထား။ သို့သော် နေ့ခင်းကြောင်တောင် ကိုယ်ဖော့ပညာကို ထုတ်သုံး ပြေးလွှားလာသလို အန္တရာယ် တစ်စုံတစ်ခု ကျရောက်နေဟန်။ ထိုလူ၏ အဝတ်အစားများ ဖရိုဖရဲ ဖြစ်နေသည်ကို သတိထားလိုက်မိသည်။

ဟန်ပန်အမူအရာက တည်ကြည်ရဲရင့် ခံ့ညားသဖြင့် နာမည်ကြီး မိသားစုတစ်စုမှ ပေါက်ဖွားလာသူ ဖြစ်မည်ဟုလည်း တွက်မိပြန်သည်။

ထိုသူ မြေပေါ်သို့ ခြေချပြီးသည်နှင့် ရွာစည်းရိုးဘေးဘက်မှ လူ လေးငါး ယောက် ရုတ်တရက် ထွက်ပေါ်လာပြီး ထိုသူကို ဝန်းရံထားလိုက်ကြသည်။

ထိုသူမှာ လူငါးယောက်ကို ထိုးဖောက်နိုင်ခြင်း မပြုနိုင်သဖြင့် မလှုပ်မရှား ငြိမ်သက်စွာပင် ရပ်နေမိသည်။

Scanned with ACE Scanner

"ကျွန်တော်နဲ့ ယန်ရှောက်ဆူ၊ ချီချန်ချီတို့ဟာ ဘာမှရန်ငြိုးရန်စ ရှိကြတာ မဟုတ်ဘူး၊ ခင်ဗျားတို့ ကျွန်တော့်ကို အကြိမ်ကြိမ်ဖိနှိပ်တိုက်ခိုက်နေကြတာ ဘာအဓိပ္ပာယ်လဲ"

ထိုသူမှာ ရန်သူ ဝန်းရံခံနေရသော်လင်း ဟန်ပန်အမူအရာက တည်ငြိမ် ခံ့ညားနေသည်။ စကားသံကလင်း ယဉ်ကျေးသိမ်မွေ့ကာ အေးဆေး တည်ငြိမ်နေသည်။

ဝန်းရံထားသူ ရန်သူငါးယောက်မှာ တအံ့တသြဖြစ်ဟန်နှင့် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်မိကြသည်။

တောင်ဝှေးလက်နက် ကိုင်ဆောင်ထားသူ ယောကျ်ားကြီး တစ်ယောက်က ...

"ငါ့ကိုကော မင်းသိသလား၊ ငါ ဘယ်သူလဲ"

ဝန်းရံထားသူက တောင်ဝှေးလက်နက် ကိုင်ဆောင်ထားသူအား တစ်အောင့်ကြာမျှ ကြည့်လိုက်ပြီး ...

"ကျွန်တော်နဲ့ ဖန်ကျိုလဲ သိကျွမ်းတာ မဟုတ်ဘူး၊ ရန်ငြိုး ရန်စလဲ မရှိဘူး"

ထိုအချိန်မှာပင် စည်းရိုး နံရံပေါ်မှ လူတစ်ယောက် ခုန်ဆင်းလာသလို ကင်းမျှော်စင်ပေါ်မှလည်း လူတစ်ယောက် ခုန်ဆင်းလာသည်။

နံရံပေါ်မှ ဆင်းလာသူ၏လက်ထဲတွင် ကြိုးတစ်ချောင်း ကိုင်ဆောင်ထားပြီး မျှော်စင်မှလူ၏ လက်ထဲတွင် သားရေမြင်း ကုန်းနှီး တစ်ခု ကိုင်ဆောင်ထားသည်။

နှစ်ယောက်စလုံး၏ အရုပ်အမောင်းက မြင့်မားသလို ကိုယ်ခန္ဓာ ထွားကျိုင်းလှသည်။

Scanned with ACE Scanner

ဝန်းရံထားသူများထဲမှ လခြမ်းကွေး ငွေစားကိုင်ဆောင်သူ လူနှစ်ယောက်အနက် တစ်ယောက်က ...

"ဟုတ်တယ်၊ တို့ဟာ ချိချန်ချိရဲ့ လက်အောက်တပည့်တွေပဲ၊ သူက ကောင်းကျူး၊ ငါက ချန်မြောင်ပဲ"

အခြား အမြွှာကဲ့သို့ ယောကျာ်းကြီး နှစ်ယောက်ကလည်း ...

"မင်း ခန့်မှန်းတာ မှတ်တယ်၊ တို့ဟာ ဂိုဏ်းခွဲမှူး ယန်ရှောက် ဆူရဲ့ တပည့်နှစ်ယောက်ပဲ၊ ငါက ဟိုစဲ့၊ သူက ခန်းထိန်၊ တို့သုံး ယောက်က မျိုးပြုတ်တုတ်သိုင်း၊ ဒီ လက်နက်ကို မင်းတို့ မုံယုံမျိုး နွယ် မိသားစုက ပညာသာရှိပေမယ့် သုံးတတ်ချင်မှ သုံးတတ်မယ်"

ရှောက်ချူးရွှေမှာ သူတို့ပြောစကားများကို ကြားမိပြီး ထိတ် လန့် တုန်လှုပ်သွားသည်။

ဝိုင်းဝန်း ခံထားရသူမှာ မုံယုံ မျိုးနွယ်ထဲမှ လူတစ်ယောက် ဖြစ်သလို နောက်ထပ် ခုန်ဆင်းလာသူ နှစ်ယောက်မှာ အူကျန်းမြစ် တွင် ယန်ကွေကွေနှင့် တိုက်ခိုက်စဉ်က ထွက်ပြေးလွတ်မြောက်သွား ခဲ့သော တရားသူကြီး အန်းနှင့် တရားသူကြီး ကျဲတို့ ဖြစ်နေသော ကြောင့်ပင်တည်း။

ရှောက်ချူးရွှေ အလွန်ပင် စိတ်ဝင်စားသွားမိသည်။

အခြေအနေကို အသေအချာ စောင့်ဆိုင်းကြည့်ရှုနေတော့သည်။

"မုံယုံယင်း ... မင်း ဒီနေ့တော့ သေပြီလို့သာ မှတ်လိုက်ပေ တော့"

တရားသူကြီး အန်းက မြေပြင်ပေါ်သို့ ရောက်သည်နှင့် အော် ဟစ် ခြိမ်းခြောက်လိုက်သည်။

မုံယုံယင်း မဲ့ပြုံးပြုံးလိုက်၏။

"ကျွန်တော်နဲ့ ခင်ဗျားတို့ သိကျွမ်းဖူးကြတာမှ မဟုတ်ဘဲ၊ ဘာဖြစ်လို့ ကျွန်တော့်ကို ဒီလောက်တောင် ခြိမ်းခြောက်နေရတာလဲ"

"မသိကျွမ်းဘူးဆိုရင် ဘာဖြစ်လို့ ငါတို့ရဲ့ သိုင်းပညာတွေကို တတ်မြောက်နေရတာလဲ"

"ဒါကတော့ ကျွန်တော်တို့ မုံယုံမိသားစုက ဘယ်သိုင်းပညာကိုမဆို အာလုံး တတ်မြောက်ကြတာပဲ"

ချန်မြောင်က တဟီးဟီး ရယ်မောလိုက်သည်။

"ဒီစကားကို မင်းတို့ မုံယုံမိသားစုရဲ့ အရှင်သခင် မုံယုံစုံချင်က ပြောရင် ဒါမှမဟုတ် မုံယုံလို့ယုံနဲ့ မုံယုံရှောင်ယိတို့က ပြောရင်တို့ လက်ခံတယ်၊ မင်းက ပြောလာတယ်ဆိုတော့ အရင်ဆုံး ငါ့လက်ထဲက လခြမ်းကွေးဓားကို ပြန်မေးကြည့်ရလိမ့်မယ်"

မုံယုံစုံချင်သည် မိယုံမိသားစု၏ အရှင်သခင်တစ်ယောက်ဖြစ်သည်။ မုံယုံလို့ယုံနှင့် မုံယုံရှောင်ယိတို့ နှစ်ယောက်မှာမူ မုံယုံမိသားစု၏ စီမံခန့်ခွဲရေးမှူးများ ဖြစ်ကြ၏။ မုံယုံယင်းကား မုံယုံကား မုံယုံမိသားစု၏ မြေးအဆင့်လောက်သာ ရှိသူ တစ်ယောက်ဖြစ်ပေသည်။

ရှောက်ချူးရွှေသည် ထိုအချက်ကို သိရှိထားသဖြင့် ထွက်ခွာသွားခြင်း မရှိသေးဘဲ သစ်ပင်ကြီး တစ်ပင်နောက်ကွယ်တွင် ပုန်းအောင်းကာ အခြေအနေကို စောင့်ဆိုင်း ကြည့်ရှုနေလိုက်သည်။

တရားသူကြီး အန်းက ထပ်မံ အော်ငေါက်လိုက်ပြန်သည်။

"မုံယုံယင်း ... မင်း ဘာမှ ဟန်ဆောင်မနေနဲ့၊ မင်းတို့ မုံယုံမိသားစုက ဩဇာအာဏာကိုကျား်ကို ရန်မူမယ်ဆိုတာ ငါ မသိဘူးများ အောက်မေ့နေသလား"

"ခင်ဗျား ဘယ်လိုများ ပြောလိုက်တာပါလဲဗျာ"

"ဒီမှာ မင်းကို ငါမေးမယ်၊ သေသေချာချာ နားထောင်၊ မင်းတို့ မုံယုံမိသားစုမှာ မျက်စိက ပွေးမျက်လုံးလို သေးသေးရှည်ရှည် မျှောမျှော၊ ခေါင်းက ကြီးကြီး၊ ပါးစပ်က မေးရိုးကြီးအောက်ကို ငေါထွက်ပြီး နှာခေါင်းက ကောက်ကောက်၊ စကားပြောရင် ရိုင်းရိုင်းစိုင်းစိုင်း ပြောတတ်တဲ့သူ ရှိလား"

တရားသူကြီး အန်း၏ အမေးစကားကို မုံယုံယင်းအပြင် သစ်ပင်ကြီးနောက်ကွယ်တွင် ပုန်းအောင်းနေသော ရှောက်ချူးရှွေကိုပါ အံ့အားတသင့် ဖြစ်သွားစေတော့သည်။

တရားသူကြီးအန်း မေးမြန်းလိုက်သူ၏ ပုံပန်းသဏ္ဍာန်က ချူးနန်ကုနှင့် တစ်ထပ်တည်း ကျနေသောကြောင့်ပင်တည်း။

မုံယုံယင်းမှာ အထူးအဆန်းဟန်ဖြင့် ...

"ခင်ဗျား ပြောတဲ့သူ ရှိသလား၊ မရှိဘူးလားဆိုတာ ကျွန်တော် မသိဘူး၊ ကျွန်တော်တို့ မုံယုံမိသားစုမှာ လူငါးရာနီးပါး ရှိတာပဲ၊ ဘယ်လိုလုပ်ပြီး ကျွန်တော် ..."

"တော် ... ထပ်မပြောနဲ့တော့၊ မင်း မသိဘူးဆိုရင် မင်း သူ့အစား သေလိုက်ရုံပဲ"

ရှောက်ချူးရှွေမှာ ဤကိစ္စအနည်းငယ် ကွေ့ကောက်ရှုပ်ထွေးမှု ရှိရမည်ဟု နားလည်လိုက်သည်။

သို့သော် ... အာလုံးကိုကား တဒင်္ဂအတွင်း နားမလည်နိုင်ပေ။

တကယ်တမ်းမှာ ရှောက်ချူးရှွေတို့သည် ပြည်မကြီး သွေးသောက်ဖွဲ့စည်းပြီးနောက် အုကျန်းမြစ်ပေါ်တွင် ပထမဆုံးအကြိမ် ယန်ကွေကွေတို့နှင့် တိုက်ခိုက်ခဲ့ရသည်။

ထိုတိုက်ပွဲတွင် ချူးနန်ကသည် တရားသူကြီး ကျဲနှင့် တရားသူကြီး မော်တို့နှစ်ယောက်ကို တာဝန်ယူ တိုက်ခိုက်ခဲ့ရသည်။ သူ့အနေနှင့် ထိုနှစ်ယောက်ကို ရုတ်တရက် အနိုင် မတိုက်ခိုက်နိုင်သဖြင့် သူ့ကိုသူ မုံယုံမိသားစုမှ လူဟု လိမ်လည်ကာ တစ်ဖက်သားအား တုန်လှုပ်သွားစေခဲ့သည်။

ထိုတိုက်ပွဲတွင် တရားသူကြီး မော်ကို သတ်ဖြတ် အနိုင်ယူခဲ့သော်လည်း တရားသူကြီး ကျဲမှာမူ ထွက်ပြေးလွတ်မြောက်သွားခဲ့သည်။

တရားသူကြီး ကျဲသည် ထွက်ပြေး လွတ်မြောက်သွားသည်နှင့် ထိုအကြောင်းအရာ အဖြစ်အပျက်များကို ခြေပျံနတ်ဆိုး ကုခွမ်းချင်းအား တင်ပြခဲ့သည်။

ကုခွမ်းချင်းက မြေဘုရင်ကို ပြန်လည် အစီရင်ခံသည်။ မြေဘုရင်က လူလွှတ်ကာ လျှိုရွှေဖုန်းထံ အကြောင်းကြားသည်။

လျှိုရွှေဖုန်းလည်း မုံယုံမိသားစုသည် သိုင်းလောက၏ မိသားစုကြီး လေးစုတွင် ထိပ်ဆုံးမှ ပါဝင်သည်ဖြစ်သောကြောင့် ဩဇာအာဏာဂိုဏ်းကို ရန်မူမည်ဆိုလျှင် ကိုယ်က လက်ဦးမှု အရင်ယူထားရမည်ဟု ဆုံးဖြတ်ကာ မုံယုံမိသားစု၏ သားတပည့်များကို ကြုံလျှင်ကြုံသလို တိုက်ခိုက် သတ်ဖြတ်တော့သည်။

မုံယုံယင်းသည် လျှိုရွှေဖုန်း၏ အစီအစဉ်တွင် တစ်ယောက် အပါအဝင် ဖြစ်ပေတော့သည်။

သူသည် မုံယုံမိသားစု၏ နံပါတ်လေး ပုဂ္ဂိုလ် မုံယုံကုန်းထံမှ သိုင်းပညာ သင်ကြားခဲ့သဖြင့် သိုင်းလောကတွင် အမည်သတင်း ကျော်ကြားသည်။

Scanned with ACE Scanner

သိုင်းပညာ အဆင့်အတန်း နည်းသူတစ်ယောက် မဟုတ်၊ မိုးမြေ နတ်ဆိုး ဆယ့်ကိုးပါးထဲမှ နတ်ဆိုးသုံးယောက်၏ တပည့်များ ဝန်းရံတိုက်ခိုက်ခြင်း ခံရသည့်တိုင် တုန်လှုပ် ပျာယာခတ်ခြင်း မရှိခဲ့။

ရှောက်ချူးရှေက ဤကိစ္စသည် အူကျန်းမြစ် တိုက်ပွဲတွင် ချူးနန်ကု၏ အမှတ်မထင် ပြောဆိုမိရာမှ ဖြစ်ပေါ်လာသော အကျိုးဆက်တစ်ခု ဖြစ်ကြောင်း လုံးဝ သိရှိမထားခဲ့ပေ။

မုံယုံမိသာစုသည် 'သူ့အရိုးနဲ့ သူပြန်ထိုး'ဟူသော ပြိုင်ဘက်၏ သိုင်းပညာဖြင့် ပြိုင်ဘက်ကို အနိုင်တိုက်ခိုက်သည့် ပညာဖြင့် သိုင်းလောကတွင် ထင်ရှား ကျော်ကြားသည်။

ထိုကဲ့သို့သော အရှိန်အဟုန် ကြီးမားသည့် အဖွဲ့အစည်းတစ်ခုကို ရန်ငြိုးဖွဲ့ခြင်းသည် ဩဇာအာဏာဂိုဏ်းအတွက် အခြေအနေ မကောင်း။

သူတို့ဂိုဏ်းကြီး နှစ်ဂိုဏ်း တိုက်ခိုက်လျှင် သိုင်းလောကကြီးတွင် အကြီးအကျယ် ဂယက်ထမည်။ ရှောင်လင်၊ ဝူတန်းနှင့် သိုင်းဂိုဏ်းအသီးသီးက ဩဇာအာဏာဂိုဏ်းကို ဝိုင်းဝန်း တိုက်ခိုက်ကြလိမ့်မည်။

အနက်ရောင်ဂိုဏ်းမှ မိုးဘုရင်ကြီး ကျူး၏ လူများကလည်း ဝင်လာဦးမည်၊ ထန်မိသားစု ရဲတိုက်နှင့် ပန်းချောင်းဓားဂိုဏ်းတို့ကမူ ဆိုဖွယ်ရာ မရှိတော့။

ဩဇာအာဏာဂိုဏ်းသည် ဤမျှ များပြားလှသော ရန်ငြိုးများဖွဲ့နေလေရာ ကိုယ့်အန္တရာယ်ကိုပင် ကိုယ် မသိလေရော့သလား၊ သို့မဟုတ် သူတို့၏ အင်အားစုများက မခန့်မှန်းနိုင်လောက်အောင်

Scanned with ACE Scanner

ကြီးမား ခိုင်ခန့်နေသောကြောင့်ပေလားဟူ၍ ရှောက်ချူးရွှေ တွေး တောနေမိတော့သည်။

❋ ❋ ❋

မုံယုံယင်းက အေးတိအေးစက်ပင် ရယ်မောလိုက်သည်။

သူ့အသွင်သဏ္ဌာန်က ဟိတ်ဟန်မာန အပြည့်အဝပင်ရှိနေ၏။

"ကျွန်တော်တို့ မုံယုံမိသားစုမှာ ဒီလို လူထူးလူဆန်း မရှိဘူး၊ ခင်ဗျားတို့က မဟုတ်မမှန်တဲ့ စကားတွေနဲ့ စွပ်စွဲနေတာပဲ၊ ဒါဟာ နန်ကုံးမိသားစုက ခိုင်းစေတာလား၊ ဒါမှမဟုတ် ဆန့်ကွမ်းဝမ်ရဲ့ တပည့်တွေက အကြံပေးလိုက်တာလား"

မုံယုံ၊ မက်၊ နန်ကုံး၊ ထန် မိသားစုတို့မှာ သိုင်းလောက၏ နာမည်ကြီး မိသားစု လေးစု ဖြစ်ပေသည်။

မုံယုံမိသားစုသည် ရုပ်ပြောင်း ရုပ်လွှဲပညာတွင်လည်း မုံယုံ၊ ဆန့်ကွမ်း၊ ဖေ့မိသားစု သုံးစုတွင် ထိပ်ဆုံးမှ ပါဝင်နေပြန်သည်။

"နန်ကုံးမိသားစုဟာ စောစောကတည်းက ဩဇာအာဏာဂိုဏ်း နဲ့ ပူးပေါင်းခဲ့ပြီးပြီ၊ ဆန့်ကွမ်း မိသားစုကလဲ ဩဇာအာဏာဂိုဏ်းထဲ ဝင်ပြီးပြီ၊ မင်း ဘာတတ်နိုင်သေးလဲ"

ခန်းထိန်က ကျယ်လောင်စွာ ရယ်မောပြောဆိုလိုက်သည်။

ရှောက်ချူးရွှေ ထိတ်လန့် တုန်လှုပ်သွားမိသည်။

ချန်တူးမြို့ ရှောက်ဂေဟာမှာတုန်းက နန်ကုံးရှုံဟွမ်ကို အဆိပ် တစ်ရာ နတ်ဆိုး ဝှာကူးဖန်၏ လက်အောက်တွင် ဝင်ရောက်နေ ကြောင်း တွေ့ခဲ့သဖြင့် ရှောက်ချူးရွှေသည် သူ့အား နန်ကုံးမိသားစု ၏ သစ္စာဖောက် တစ်ယောက်ဟုသာ ထင်မှတ်ခဲ့သည်။

နန်ကုံးမိသားစု အားလုံးက ဩဇာအာဏာဂိုဏ်းနှင့် ပူးပေါင်းပြီဟု မထင်မိခဲ့။

ထို့ပြင် ဆန့်ကွမ်းမိသားစုသည်လည်း ဩဇာအာဏာဂိုဏ်း၏ သိမ်းသွင်းခြင်း ခံရလိမ့်မည်ဟု စိတ်ပင် မကူးမိခဲ့။

ယခုမူ အခြေအနေက မမော်ကာမတွေ ဖြစ်နေချေပြီ။

မုံယုံယင်း ဒေါသကို မထိန်းချုပ်နိုင်ဘဲ ...

"မုံယုံမိသားစုဟာ ဘယ်သူ့ကိုမှ အမိုပြုနေတာ မဟုတ်ဘူး၊ သိုင်းလောကမှာ နှစ်ပေါင်း သုံးရာလောက် ကတည်းက တည်ရှိခဲ့တာ၊ ဘယ်သူ့ကို ကြောက်ခဲ့ဖူးလို့လဲ"

"မင်း ဘာမှ လာကြွားမနေနဲ့၊ တို့ ထွက်လာတာ မင်းကို ရှာဖို့ မဟုတ်ဘူး၊ မုံယုံယင်းရှုံကို အမိက ရှာဖို့ ထွက်လာတာ၊ တို့ လူတွေ ထွက်လာလောက်အောင် မင်း အဆင့်အတန်းနဲ့ မထိုက်တန်သေးဘူး"

"ယင်းရှုံဟာ မုံယုံမိသားစုရဲ့ ပဋ္ဌမပုဂ္ဂိုလ်တင် မကဘူး၊ သိုင်းလောက ထိပ်သီးတစ်ယောက်လဲ ဖြစ်တယ်၊ ခင်ဗျားတို့ အင်အားလောက်နဲ့ သူ့ကို သွားရင်ဆိုင်ရင် မြင့်မိုရ်တောင်ကို ဆီးစေ့နဲ့ ပေါက်သလို ဖြစ်နေမှာပေါ့"

"အေး ... မင်းကလဲ ယမမင်းနဲ့ပဲ သွားတွေ့ထိုက်တယ်"

"ကောင်းပြီ"

မုံယုံယင်း လျှပ်တစ်ပြက်ပင် လက်လှုပ်လိုက်သည်။

ကောက်ကျုံးက ခုခံရန် ဟန်ပြင်သည်။

အချိန် မမီတော့။ ရင်ဘတ်တွင် ငွေအပ်တစ်ချောင်း စိုက်ဝင်ကာ လက်ယမ်းခါနေ၏။

ရုတ်ခြည်းပင် သူ့မျက်နှာလည်း ညိုမည်းသွားသည်။

"မုံယုံမိသားစုရဲ့ ပန်းကို ဖုန်ခါ ကုက္ကိုရွှယ်ကိုယ်ခွဲ သွေးကွက်ထိုးနည်းပါလား"

ဟိုစဲ့ လွှတ်ခနဲ ရေရွတ်လိုက်သည်။

မုံယုံယင်း စတင်လှုပ်ရှားလာပြီမို့ ခန်းထိန်၊ ချန်မြောင်တို့လည်း စတင် လှုပ်ရှားသည်။

ဓားကွေးက တိမ်ပင်လယ်တွင် လတစ်ခြမ်းပဲ့ လှုပ်ရှား လွင့်မြောနေသည်သို့။

အလင်းအရိပ်များ တလက်လက်ဖြာကာ မုံယုံယင်းအား လွှမ်းခြုံလာသည်။

ကြောက်စရာ ကောင်းသည်က ဓားရှည်မဟုတ်။

ချန်မြောင်၏ ဓားတိုဖြစ်သည်။

ဓားတို၏ အရှည်က အသွား သုံးလက်မလောက်သာ ရှိသည်။

ဓားချက်တစ်ချက်ထိလျှင် သေသည့်ထက်ပင် အခံရခက်ချေဦးမည်။

သို့သော် တစ်ခဏအတွင်းမှာပင် ဓားတိုသည် မုံယုံယင်း၏ လက်တွင်းသို့ ကျရောက်သွားရသည်။

မုံယုံယင်း လက်ထဲမှ ဓားတိုက လှုပ်ရှားမှု တိုက်ကွက်တိုင်း ချန်မြောင်၏ တိုက်ကွက်ပုံစံနှင့် တစ်ထပ်တည်း ကျနေ၏။

ဟိုစဲ့ မနေသာတော့။

ဓားရှည်ကို ဝှေ့ယမ်းကာ တိုက်ကွင်းထဲသို့ ခုန်ဝင်လာသည်။

သူ့ဓားရှည်က ချန်မြောင်နှင့် ဆန့်ကျင်ဘက်။ ခုနစ်ပေခန့်ပင် ရှည်လျားသည်။

Scanned with ACE Scanner

ဟိုစဲ့ ဝင်လာသည်နှင့် မုံယုံယင်းလည်း တစ်ချက် ခုန်ပျံကာ သစ်ကိုင်းတစ်ကိုင်းကို ချိုးယူလိုက်သည်။

ညာဘက်လက်တွင် ချန်မြောင်၏ ဓားတိုကို အသုံးပြုလျက် ဘယ်လက်တွင် သစ်ကိုင်းတုတ်ရှည်ကို ကိုင်ကာ ခုခံ တိုက်ခိုက်သည်။

သူ့ တိုက်ကွက်များက လျှို့ဝှက်ဆန်းကြယ်သလို တစ်ဖက်သား၏ တိုက်ခိုက်နည်းများ ဖြစ်နေသဖြင့် ဟိုစဲ့ ဘာမျှ မတတ်နိုင်။

ထိုအချိန်တွင် တရားသူကြီး ကျဲနှင့် တရားသူကြီး အန်းတို့လည်း သားရေမြင်းကုန်းနှီး၊ သံချိန်ကြိုးရှည်ကို ဝှေ့ယမ်းကာ ဝင်လာကြပြန်သည်။

သို့တိုင် မုံယုံယင်းမှာ တည်ငြိမ်စွာပင် တိုက်ခိုက်နေနိုင်သည်။

အားပြောင်း အားယူနည်းဖြင့် မြင်းကုန်းနှီးကို တန်ပြန် တိုက်ဆောင့်သည်။

သံချိန်းကြိုးကို ဆွဲယူ၍ ရန်သူကို ပြန်လည် လွှဲရိုက်သည်။

တစ်ဖက်က ဓားတိုဖြင့် ခန်းထိန်ကို တိုက်ခိုက်ပြီး တစ်ဖက်က တုတ်ရှည်ဖြင့် ဟိုစဲ့ကို လွှဲရိုက်သည်။

ခြေနှစ်ဖက်ကမူ ချန်မြောင်ကို ပတ်ကန်သည်။

လှုပ်ရှားမှုက ပျံလွှားငှက်တစ်ကောင် လေထဲမှ ပိုးကောင်မွှားကောင်ကလေးများအား ဖမ်းယူ စားသောက်နေသည့်နှယ် အလွန်ပင် အကွက်ကျ လှပလေသည်။

ပထမပိုင်းတွင် မုံယုံယင်းမှာ ရန်သူကို နိုင်နင်းစွာ ခုခံနိုင်သော်လည်း အချိန်အနည်းငယ် ကြာလာသည်နှင့် ချွေးထွက်များပြီး အမောဖောက်လာကာ ထိခိုက်ဒဏ်ရာ ရလာတော့သည်။ ဒဏ်ရာမှ သွေးများလည်း တရစပ် ယိုစီးကျလာသည်။

Scanned with ACE Scanner

ရှောက်ချူးရွှေမှာ ပုန်းကွယ် စောင့်မကြည့်နိုင်တော့။

ဝင်ရောက်ကူညီရန် ဟန်ပြင်မိသည်။

ထိုအချိန်မှာပင် စည်းရိုးနံရံထက်မှ လူရိပ်တစ်ရိပ် ခုန်ဆင်းလာသည်။

မုံယုံယင်းက ချက်ချင်းပင် အကွက်ပိတ်ဆို့ နောက်ဆုတ်လိုက်ရင်း ...

"ခင်ဗျား ဘယ်သူလဲ"

"ငါပါကွ ... ငါ့တူရ"

ရောက်လာသူက မုံယုံယင်းအား တရင်းတနှီး နှုတ်ဆက်လိုက်သည်။

ရှောက်ချူးရွှေမှာ ထိုသူကို မတွေ့နိုင်။

မုံယုံယင်း၏ ခန္ဓာကိုယ်က ရှေ့မှ ပိတ်ဆီးနေသဖြင့် မည်သူမည်ဝါ မသဲကွဲ။

မုံယုံယင်း ရောက်လာသူကို ဦးညွှတ် အရိုအသေ ပြုသည်။

"ဩော် ... ဦးလေးတော်ပါလား"

သူ စကားဆုံးအောင် ပြောမထွက်နိုင်။

နေရှိန်တက်လာသကဲ့သို့ ဓားအလင်းတန်း တစ်ချက် ဝင်းခနဲလက်ကာ သူ့လည်မျိုသို့ ထိုးစိုက်ချလိုက်တော့သည်။

ရှောက်ချူးရွှေမှာ ရောက်လာသူမှာ ဘယ်သူဆိုတာကို သိလိုက်၏။

သူသိသည့်အချိန်က နောက်ကျသွားပြီ။

မုံယုံယင်းမှာ ထိုသူ၏ လက်ချက်ဖြင့် အသက် သေဆုံးသွားခဲ့ရလေပြီတကား။

Scanned with ACE Scanner

"ခန်းချွတ်ယိ ... လူယုတ်မာ"

ရောက်ချူးရွှေ ဒေါသတကြီး အော်ဟစ်ကာ သစ်ပင်နောက်ကွယ်မှ ပြေးထွက်သွားတော့သည်။

မုံယုံယင်းအား အကောက်ကြံ သတ်ဖြတ်ခဲ့သူမှာ နေရောင်ခြည်ဓားသမား ခန်းချွတ်ယိ ဖြစ်နေလေသည်။

ရောက်ချူးရွှေသည် ခန်းချွတ်ယိကို အရိုးစွဲအောင် မုန်းတီးနာကြည်းသည်။

သူတော်ကောင်းအသွင် ဟန်ဆောင်ကာ သူယုတ်မာ ဖြစ်နေသည့် ခန်းချွတ်ယိ၏ စိတ်ထားကို သူ မုန်းတီးသည်။

မိမိနှင့် သက်ဆိုင်သည် ဖြစ်စေ၊ မသက်ဆိုင်သည် ဖြစ်စေ တရားမဲ့စွာ ကောက်ကျစ်လာလျှင် ထိုသူ့ဘက်မှ ဝင်ရောက် ကာကွယ်ရမည်ဟု သူ့ စိတ်ထဲတွင် မှတ်ယူထားသည်။

မာန်သွင်းအော်ဟစ်ကာ ပြေးထွက်လာပြီးလျှင် မုံယုံယင်းအားပွေ့ထူထားလိုက်သည်။

⁕ ⁕ ⁕

ရောက်ချူးရွှေ၏ အော်ဟစ်လိုက်သံ ကျယ်လောင်တုန်ခါလွှန်းလှတာ ခန်းချွတ်ယိမှာ ရုတ်တရက် ထိတ်လန့်သွားမိသည်။

သို့သော် ရောက်ချူးရွှေ ဖြစ်နေသည်ကို တွေ့ရလျှင် အတော်ကလေး စိတ်အေး သက်သာသွားမိပြန်သည်။

"ဟား ... ဟား ... ဟား ... ငါက ဘယ်သူများလဲလို့၊ မင်းကိုး၊ ကောင်းတယ် ... ကောင်းတယ် မင်းရောက်လာတော့ ငါက မင်းကို မရှာရတော့ဘူးပေါ့"

Scanned with ACE Scanner

ခန်းချုတ်ယီက ရယ်မော ပြောဆိုသည်။

ချန်မြောင်က လခြမ်းဓားကွေးကို တစ်ချက်ဝှေ့ယမ်းကာ ...

"သူက ဘယ်သူလဲ"

တရားသူကြီး အန်းက အေးစက်စက် ရယ်မောလလိုက်သည်။

"ချန်တူးမြို့ ပန်းချောင်းဓားဂိုဏ်းက ရှောက်စီးလိုရဲ့ သားရှောက်ချူးရွှေပဲ"

"ဘယ်သူပဲဖြစ်ဖြစ် တို့အထဲကို ဝင်ရှုပ်လာရင် ရိုက်သတ်ပစ်ရမယ်"

ဟိုစဲ့က ပြောပြောဆိုဆိုပင် အမျိုးပြုတ် တုတ်တစ်ချက် မြှောက်ရင်း လက်တစ်ဖက်က ရှောက်ချူးရွှေ၏ လည်ကုတ် သွေးကြောမကို ဖမ်းကုတ်၏။

ရှောက်ချူးရွှေ ဒေါသထွက်သွား၏။

လက်ဝါးစောင်းဖြင့် ခုတ်ဖြတ်ရိုက်ချသည်။

ယိုစဲ့မှာ ရှောက်ချူးရွှေ၏ တုံ့ပြန် လှုပ်ရှားမှုကို ဤမျှ မြန်ဆန်လိမ့်မည်ဟု မထင်မှတ်သဖြင့် ရင်ထဲတွင် ထိတ်ခနဲဖြစ်ကာ လက်ကို ပြန်ရုပ်သည်။

တစ်ဆက်တည်း အမျိုးပြုတ်တုတ်ဖြင့် ရိုက်ချသည်။

ရှောက်ချူးရွှေကလည်း လက်ဝါးစောင်း ခုတ်ချက်မထိသဖြင့် လက်ဝါးရိုက်ချက် ဆက်ထုတ်သည်။

လက်ဝါးရွှေ့လျားပုံက အားအင်မရှိသကဲ့သို့ လျင်မြန်မှု အရှိန်အဟုန်က ရှောက်ချူးရွှေ ကိုယ်တိုင်ပင် မယုံ။

စိတ်ထဲတွင် ကြံရွယ်ရုံမျှပင် လက်ဝါးက အလိုလျှောက် ရိုက်ပုတ်ပြီး ဖြစ်နေ၏။

Scanned with ACE Scanner

"ဝုန်း ..."

လက်ဝါးမှတစ်ဆင့် အတွင်းအားများ ကူးဝင်သွားသဖြင့် ဟိုစဲ့မှာ ဒူါရကိုးပေါက်မှ သွေးများ ယိုစီးထွက်ကာ သေဆုံးသွားတော့သည်။

ရှောက်ချူးရွှေ၏ လက်ဝါးရိုက်ချက် တစ်ချက်တည်းဖြင့် ဟိုစဲ့လို အဆင့်မြင့် သိုင်းသမားတစ်ယောက်ကို သတ်ဖြတ်နိုင်လိုက်သည့်အတွက် လူအားလုံးမှာ ငေးကြောင်ကာ ကြည့်နေမိကြတော့သည်။

ရှောက်ချူးရွှေပင်လျှင် မိမိကိုယ်မိမိ မယုံကြည်နိုင်သည့်အလား လက်ဝါးနှစ်ဖက်ကို ငုံ့ကြည့်နေမိ၏။

ထိုအချိန်တွင် တရားသူကြီး အန်းက သူ့နောက်ကျောသို့ ရောက်လာပြီး မြင်းကုန်းနှီးဖြင့် ရိုက်ချလိုက်၏။

"ဖုန်း ..."

အလစ်အငိုက်တွင် ရိုက်ချလိုက်သဖြင့် ရှောက်ချူးရွှေ မကာကွယ် မရှောင်တိမ်းနိုင်။

ထိထိမိမိ အရိုက်ခံလိုက်ရကာ ရှေ့သို့ ခြေလှမ်း လေးငါးလှမ်း ယိမ်းယိုင်ထွက်သွား၏။

တရားသူကြီး အန်းမှာမူ ရှောက်ချူးရွှေ၏ ကျောပြင်မှ အလိုအလျောက် တွန်းကန်အားကြောင့် ထိတ်လန့်တကြား အော်ဟစ်ပြီး နောက်သို့ ခုနစ်ပေကျော်ခန့် လွင့်စဉ်ထွက်သွား၏။

ရှောက်ချူးရွှေသည် ခြေလှမ်းမြဲမြဲစွာ ထိန်းချုပ်ရပ်လိုက်နိုင်သည်နှင့် မိမိ လုပ်ကြံခံရသည်ကို ဒေါသဖြစ်မိ၏။

နောက်ပြန် ခြေလှမ်းဆုတ်ကာ ခြေကန်ချက်တစ်ချက် ထုတ်လိုက်သည်။

Scanned with ACE Scanner

အမှတ်မထင် တိုက်ကွက်မို့ တရားသူကြီး အန်းမှာ မကာကွယ်နိုင်။

ရှောက်ချူးရွှေ၏ ကျားမြီးခြေထောက် တိုက်ကွက်က သူ့ရင်ဘတ်ကို ဖုန်းခနဲ ထိမှန်ခံရသည်။

နောက်သို့ ထပ်မံလွင့်စဉ်ကာ ရွာစည်းရိုး နံရံနှင့် တိုက်ဆောင့်ပြီး သေဆုံးသွားတော့သည်။

တရားသူကြီး အန်း သေဆုံးသွားသည်နှင့် သံကြိုးတစ်ခုက ရှောက်ချူးရွှေ၏ ညာဘက်ပေါင်ကို ရိုက်ချလာသည်။

"ခြွမ်း ... "

ရှောက်ချူးရွှေ နာကျင်ကာ မြေပြင်ပေါ်သို့ ထိုင်ချလိုက်ရလေသည်။

ထို့အတူ တရားသူကြီး ကျဲ့၏ သံချိန်းကြိုးလည်း အပိုင်းပိုင်း ကျိုးပြတ် ထွက်ကုန်သည်။

တရားသူကြီး ကျဲ့၏ သံချိန်းကြိုးမှာ ငါးမူးလုံးခန့် တုတ်ခိုင်သော သံကြိုးကွင်းဆက်များ ဖြစ်သည်။

ကျောက်ဆောင်တစ်ခုကို ရိုက်ချလျှင်ပင် ကျောက်သားများ မွကြေ လွင့်စဉ်စေနိုင်၏။

ယခု ရှောက်ချူးရွှေကို ရိုက်ရာ သံချိန်းကြိုး ပြတ်တောက်ထွက်သွားသဖြင့် ရှောက်ချူးရွှေ၏ အတွင်းအားကို သတိထားမိကာ မျက်နှာပျက်သွားတော့၏။

ရှောက်ချူးရွှေသည် ခြေထောက်နာကျင်သွားသော်လည်း သတိမလစ်။

ဖင်ထိုင်ချလိုက်မိသည်နှင့် ဝုန်းခနဲ လက်သီးတစ်ချက် ထိုး

တွက်၏။ သူ့လက်သီးချက်က ပြတ်တောက်သွားသော သံချိန်းကြိုးကွင်းဝကို ထိုးမိ၏။

သံချိန်းကြိုးကွင်းဝမှာ ရောက်ချူးရွှေ၏ လက်သီးချက်ကြောင့် ထောင်းခနဲ လွင့်စဉ်ထွက်ကာ တရားသူကြီး ကျဲ့၏ နဖူးပြင်ထဲသို့ စိုက်ဝင်သွားတော့၏။

"အား ..."

နာကျင်စွာ အော်ဟစ်သံနှင့်အတူ တရားသူကြီး ကျဲ့ မြေပြင်ပေါ်သို့ မှောက်ကျ သေဆုံးသွားတော့သည်။

တစ်ခဏ အတွင်းမှာပင် ရောက်ချူးရွှေသည် ယန်ရောက်ဆူ၏တပည့် ဟိုစဲ့၊ ယန်ကွေကွေ၏တပည့် တရားသူကြီး ကျဲ့နှင့် အန်း၊ အဆင့်မြင့် သိုင်းသမား သုံးယောက်ကို သတ်ဖြတ်ခဲ့ရာ ခန်းချွတ်ယီမှာ အံ့အားသင့် ငေးကြောင်ကြည့်နေမိသည်။

သူ့မျက်စိရှေ့မှ ရောက်ချူးရွှေသည် ရောက်ချူးရွှေမှ ဟုတ်ရဲ့လားဟုပင် မျက်လုံးမှေးစင်း ကြည့်နေမိ၏။

"မင်းရဲ့ အတွင်းအားတွေ တိုးတက်လာတာ မြန်ဆန်လှချည်လားကွ"

ခန်းချွတ်ယီက မထိတရိ အမူအရာဖြင့် ပြောသည်။

ရောက်ချူးရွှေက နှာခေါင်းရှုံ့ပြသည်။

ချန်မြောင်က စိတ်မထိန်းနိုင်ဘဲ ...

"သူ ... သူက တကယ်ပဲ ရောက်ချူးရွှေ ဟုတ်ရဲ့လား"

သူ့စိတ်ထဲတွင် ရောက်ချူးရွှေ၏ အတွင်းအား မြင့်မားလွန်းနေသည်ကို မယုံကြည်နိုင်။

ခန်းချွတ်ယီက ဂရုမစိုက်သလို ပြုံးကာ ...

Scanned with ACE Scanner

"ဟုတ်တယ်၊ သူ ရှောက်ချူးရွှေပဲ၊ ကဲ ... မင်းလဲ ငါ့လက်ဝါး ရိုက်ချက် တစ်ချက်ကို ခံကြည့်စမ်း"

ပြောပြောဆိုဆိုပင် လက်ဝါးရိုက်ချက် တစ်ချက်ဖြင့် ရှောက်ချူးရွှေအား ရိုက်ချသည်။

သူ့ စိတ်ထဲတွင် ရှောက်ချူးရွှေ၌ မိမိလောက် အတွင်းအား ကောင်းမွန်ခြင်း မရှိဟု ယုံကြည်၏။

ငါးကြိမ်တိုင် တိုက်ခိုက်ခဲ့ဖူးသဖြင့် ရှောက်ချူးရွှေ၏ အရည်အချင်းကို သူ သိသည်။ သို့အတွက် ဓားရှည်ကို မသုံးဘဲ တမင်ပင် လက်ဝါးရိုက်ချက် စမ်းသပ်ကြည့်ခြင်း ဖြစ်၏။

ရှောက်ချူးရွှေကလည်း သူ့လက်ဝါးချက် ရောက်လာသည်နှင့် ချက်ချင်းပင် လက်ဝါးဖြင့် တန်ပြန်သည်။

ခန်းချွတ်ယိသည် သူ့ အတွင်းအား အကုန်အစင်ကို လက်ဝါးထဲတွင် ထည့်သွင်းကာ ရှောက်ချူးရွှေအား အသေရိုက်သတ်ရန် ကြံစည်ခြင်း ဖြစ်သည်။

လက်ဝါးနှစ်ဖက် ထိပ်တိုက် ဆုံမိသောအခါ သူ့ စမ်းသပ်မှုမှားယွင်းသွားပြီ ဖြစ်ကြောင်း သိလိုက်ရတော့သည်။

သူ့လက်ဝါးက မီးတောင်ချော်ရည်ကို ရိုက်မိသကဲ့သို့။

အပူအားလိုင်းများက အဆက်မပြတ် တိုးဝင်လာရာ သူ၏ လက်ဖဝါး အချိန်မရွေး ပူလောင်ကာ ပျော်ဝင်သွားမည်ကို စိုးရိမ်လာသည်။

သို့သော် လက်ဝါးကို ပြန် မရုပ်သိမ်းရဲ။

ရုပ်သိမ်းလိုက်သည်နှင့် တစ်ဖက်သား၏ အတွင်းအားက ဒီလှိုင်းတံပိုးများသဖွယ် လိမ့်ဝင်လာမည် ဖြစ်သည်။

ရောက်ချူးရွှေမှာ ခန်းချွတ်ယိလို အဆင့်မြင့် သိုင်းသမားကြီး တစ်ယောက်နှင့် ယှဉ်ပြိုင်မိသော အခါမှ မိမိ၏အတွင်းအား မည်မျှ နက်ရှိုင်းသည်ကို သိလာရသည်။

ခန်းချွတ်ယိ၏ အတွင်းအား တွန်းပို့ နှိုးဆော်မှုကြောင့် သူ့ အတွင်းအားစီးကြောင်း လည်ပတ်ကာ သွေးကြောတစ်ရာကို ထွင်း ဖောက်လျက် အတွင်းအားကို စိတ်တိုင်းကျ အသုံးချနိုင်အောင် ဖြစ် လာသည်။

ကျောပြင်နှင့် ပေါင်တို့မှ ဒဏ်ရာသည်လည်း နာကျင်မှု ပေါ့လျော့ကာ စိတ်ထဲတွင် သက်သောင့်သက်သာ ရှိလာသည်။

ခန်းချွတ်ယိမှာ အကြီးအကျယ်ပင် ဒုက္ခတွေ့နေရတော့သည်။

မိမိသည် နှစ်ပေါင်းတစ်ရာကျော် အတွင်းအား လေ့ကျင့်ထား သူတစ်ယောက်နှင့် ရင်ဆိုင်နေရသည့်နှယ် အသက်ရှူကျပ်လာသည်။

ချန်ပြောင်နှင့် ခန်းထိန်တို့ နှစ်ယောက်မှာ ခန်းချွတ်ယိကို စိတ်ချလက်ချ ရှိနေခဲ့သည်။

ခန်းချွတ်ယိ၏ မျက်နှာတစ်ခုလုံး သွေးရောင်လွှမ်း နီရဲလာ သည်ကိုတွေ့လျှင် အနိုင်ရနေပြီး ရောက်ချူးရွှေမှာ မုချသေတော့မည် ထင်မှတ်ကာ ဝမ်းသာပီတိ ဖြစ်နေမိသည်။

လက်ဝါးနှစ်ဖက်မှာ ဖိကပ်မှု အချိန်ကြာလာလေလေ ခန်း ချွတ်ယိ၏ မျက်နှာက တဖြည်းဖြည်း ဝါလာသည်။

ခြေထောက်နှစ်ဖက်မှာလည်း အဆက်မပြတ် တုန်ယင်လာ တော့သည်။

သည်တော့မှ ခန်းချွတ်ယိ အခြေအနေ မဟန်တော့ကြောင်း သိလာကြသည်။

Scanned with ACE Scanner

ခန်းထိန်က မာန်သွင်းအော်ဟစ်ကာ ရှောက်ချူးရွှေ၏ ခေါင်းပေါ်သို့ အမျိုးဖြုတ်တုတ်ဖြင့် ရိုက်ချလိုက်သည်။

ထိုရိုက်ချက်က ခန်းချွတ်ယိ၏ အသက်ကို အချိန်မီ ကယ်တင်လိုက်ခြင်းဖြစ်၏။

သူ့ အခြေအနေက မီးစာကုန် ဆီခန်းအဆင့်သို့ ရောက်နေပြီ။

ကယ်တင်မည့်သူ မရှိလျှင် ရှောက်ချူးရွှေ၏ အတွင်းအားများက တရဟော တိုက်ဆောင့်ကာ ခုခံနိုင်စွမ်း မရှိတော့။ ပွဲချင်းပြီးသေဆုံးသွားရမည် ဖြစ်သည်။

ခန်းထိန်၏ အမျိုးဖြုတ်တုတ်က ရှောက်ချူးရွှေ၏ ဦးခေါင်းပေါ်သို့ ကျရောက်လုနီးပြီ။ ရှောက်ချူးရွှေက ရုတ်တရက် ခန်းချွတ်ယိကို ဆွဲကာ ထိုတုတ်ချက်ကို ခံဆောင်ပေးလိုက်သည်။

ခန်းထိန် အကြီးအကျယ် ထိတ်လန့်သွားသည်။

တုတ်ချက်ကို ကမန်းကတန်းပင် ပြန်ရုပ်သိမ်းလိုက်ရ၏။

ရှောက်ချူးရွှေက တစ်ဆက်တည်းပင် ခန်းချွတ်ယိကို ခန်းထိန်ထံသို့ တွန်းလွှတ် တိုက်ဆောင့်သည်။

ခန်းထိန် သေလုမြောပါး ရှောင်တိမ်းသည်။

သို့သော် ရှောက်ချူးရွှေ၏ လက်ဝါးအတွင်းအားလှိုင်း အရိုက်ခံရကာ စည်းရိုးနံရံနှင့် တိုက်ဆောင့်မိပြီး သေဆုံးသွားတော့သည်။

ခန်းထိန်ကား ခန်းချွတ်ယိကိုယ်စား သေဆုံးသွားရခြင်းပင်ဘည်း။

ချန်မြောင်သည် အခြေအနေ မဟန်တော့ပြီမို့ ထွက်ပြေးသည်။

ရှောက်ချူးရွှေက ခုန်လွှားကာ တားဆီးသည်။

ချန်မြောင်က ဓားကို ဝှေ့ယမ်းကာ ...

"ဖယ်စမ်း ... ရှေ့က လမ်းဖယ်ပေးစမ်း၊ သေချင်လို့လား"

ရောက်ချူးရွှေမှာ သူ့ကိုယ်သူ ယုံကြည်မှု ရှိလာခဲ့ပြီမို့ လက်နှစ်ဖက်ကို ပိုက်ကာ အေးတိအေးစက် အမူအရာဖြင့် ...

"အေး ... ငါသေချင်လို့ လာခဲ့တာပဲ၊ မင်း ငါ့ကို ရအောင်သတ်စမ်း"

ချန်မြောင်မှာ ခြိမ်းခြောက်၍ မရသဖြင့် စိုးရိမ်ထိတ်လန့်လာသည်။ လေသံကလည်း ပျော့ပျောင်းလာသည်။

"ကျုပ်တို့နှစ်ယောက် ရန်ငြိုးမှ မရှိဘဲ၊ ဘာလို့ ကျုပ်ကို ဒီလောလက်အထိ ဖိနှိပ်တားဆီးနေတာလဲ"

"ခုနက မင်းတို့လူ ခြောက်ယောက် ရှိနေတုန်းက ဘာဖြစ်လို့ ဒီလိုစကား မပြောလဲ"

ချန်မြောင် ထိတ်ထိတ်ပျာပျာ ဖြစ်သွားသည်။

သူ့အနေနှင့် ရောက်ချူးရွှေကို မည်သို့မျှ မယှဉ်နိုင်ကြောင်း သိသဖြင့် ခန်းချွတ်ယီအား အော်ဟစ် အကူအညီ တောင်းသည်။ ခန်းချွတ်ယီက ရှိမနေတော့။

ရောက်ချူးရွှေမှာ ခန်းချွတ်ယီကို လက်လွှတ်လိုက်ရသဖြင့် ကိုယ့်ကိုကိုယ် မကျေမနပ် နောင်တရသွားမိသည်။

"ဒီနယ်က မင်းတို့ရဲ့ ဆက်သွယ်ရေးစခန်း ဘယ်မှာရှိသလဲ"

ချန်မြောင် လိမ်ပြာလွှင့်စဉ်မတတ် ပျာယာခတ်နေသည်။

"ကျွန် ... ကျွန်တော့်ကို မသတ်ပါနဲ့ဗျာ၊ ကျွန်တော် ခင်ဗျားကို ခေါ်သွားပါ့မယ်"

"ခန်းချွတ်ယီ ဘယ်နေရာမှာ ပုန်းနေတယ်ဆိုတာ မင်းသိသလား"

ချန်မြောင်မှာ ကိုယ့် ခြေထောက်ပေါ်တွင် တည်ငြိမ်အောင် အနိုင်နိုင်ပင် ရပ်နေရရှာသည်။

ကြောက်ရွံ့လွန်းသဖြင့် ဒူးများပင် တဆတ်ဆတ် တုန်ယင်နေသည်။

"သူ ... သူ ဘယ်ကို သွားရှောင်နေတယ် ဆိုတာကိုတော့ ကျွန်တော် မပြောတတ်ဘူး၊ ဟိုနေရာမှာ ရှိချင်လဲ ရှိလိမ့်မယ်၊ ဩဇာအာဏာဂိုဏ်းရဲ့ ဆက်သွယ်ရေး စခန်းကိုတော့ ကျွန်တော် ခင်ဗျားကို တကယ်ပဲ အရောက် ခေါ်သွားပေးပါ့မယ်"

"ကောင်းပြီ၊ မင်း ဓားကို ချထားလိုက်၊ မင်း ငါ့ကို ခေါ်သွားရင် ငါ မင်းကို အသက်ချမ်းသာခွင့် ပေးမယ်"

ချန်မြောင် လခြမ်းကွေးဓားကို အောက်သို့ ပစ်ချလိုက်သည်။

ရှောက်ချူးရွှေအား ရှေ့မှ ဦးဆောင်ကာ ဩဇာအာဏာဂိုဏ်း၏ ဆက်သွယ်ရေး စခန်းသို့ ခေါ်ဆောင်သွားတော့သည်။

※ ※ ※

Scanned with ACE Scanner

# အခန်း (၇)

တည်းခိုဆိုင်ကလေးအတွင်း၌ တဒင်္ဂမျှ ငြိမ်သက် တိတ်ဆိတ်နေသည်။

လူအားလုံး၏ မျက်လုံးများက မီးဘုရင် ကျူကျောင်းချန့်ထံသို့ အာရုံစူးစိုက် ကြည့်နေကြသည်။

ကျူကျောင်းချန့်သည် သူ၏ တင်းပြောင်နေသော ခေါင်းတုံးကို အဝတ်စိုတစ်စဖြင့် အသာအယာ ပွတ်တိုက်နေသည်။

အို့ယန်စန်းယိမှာ ခင်ပွန်းသည် သေဆုံးသွားခဲ့ပြီမို့ မျက်ရည်တွေတွေ စီးကျနေသည်။

ကျူကျောင်းချန့်က အို့ယန်စန်းယိ အနီးသို့ သူ့မျက်နှာကို တိုးကပ်ကာ တဟီးဟီး ရယ်လိုက်သည်။

"ငိုမနေပါနဲ့ကွာ၊ ယောကျ်ားရှားတာမှ မဟုတ်ဘဲ၊ ဒီလောက်လှတဲ့ မင်းရုပ်ရည်နဲ့ နောက်ထပ် ယောကျ်ားတစ်ယောက်ရဖို့ မခဲယဉ်းပါဘူး၊ ဒါပေမယ့် ဟီး ... ဟီး ... မင်းဗိုက်ထဲက ကလေးရှိနေတာပဲ ခက်တယ်"

စင့်ကျန်းပေမှာ မိုးမြေနတ်ဆိုး ဆယ့်ကိုးပါးထဲတွင် အတော်ကလေး ရိုးဖြောင့်ပြီး စိတ်ကောင်းရှိသူ တစ်ယောက် ဖြစ်သည်။

Scanned with ACE Scanner

ကျူကျောင်းချန့်က အိုယန်စန်းယိအား ရိသဲ့သဲ့ လုပ်နေသည်ကို ကြည့်ရအောင် ဖြစ်နေမိသည်။

"မိုးဘုရင်"

ကျူကျောင်းချန့် ခေါင်းလှည့်ကြည့်လိုက်သည်။

"ဘာတုန်း"

"ဒီမိန်းကလေးမှာ ကိုယ်ဝန်လည်း ရှိနေတယ်၊ ယောက်ျားကလည်း သေသွားပြီဆိုတော့ သူ့ကို ပြန်လွှတ်ပေးလိုက်စေချင်ပါတယ်"

"လွှတ်ပေးလိုက်ရမယ် ဟုတ်လား"

မိုးဘုရင်က ပြောပြောဆိုဆိုပင် စင့်ကျန်းပေထံသို့ မိုးကွင်းတစ်ကွင်း ပစ်လွှတ်လိုက်သည်။

စင့်ကျန်းပေ ကျယ်လောင်စွာ အော်ဟစ်လျက် အထိတ်တလန့်နောက်သို့ ဆုတ်သည်။

သို့တိုင် မုတ်ဆိတ်မွေးများ အနည်းငယ် လောင်ကျွမ်းသွားသဖြင့် မျက်နှာကြီး နီရဲကာ ဒေါသထွက်လာသည်။

ကျူးကျောင်းချန့်က ရက်စက်စွာ ပြုံးလိုက်ပြီး ...

"ခင်ဗျားက မိန်းမသားမို့လို့ သနားနေတာလား၊ ဟွန်း...ကျုပ်ကို ဘာ အောက်မေ့နေသလဲ၊ ကျုပ် လုပ်ချင်တာ လုပ်မယ်၊ ခင်ဗျား ဘာမှ ဝင်ရှုပ်စရာ မလိုဘူး"

စင့်ကျန်းပေမှာ မိုးဘုရင်က သူ့ထက် အဆင့်မြင့်၊ ရာထူးကြီးနေသည်မို့ ဘာမျှ ပြန်မပြောသာ။ ဒေါသကိုသာ ချုပ်တည်းလျက်နှုတ်ဆိတ်နေသည်။

Scanned with ACE Scanner

ထိုအချိန်မှာပင် တောင်ဝှေးနှစ်ချောင်း ကိုင်ဆောင်ထားသူ တည်းခိုဆိုင်ထဲသို့ ထိတ်ထိတ်ပျာပျာ ပြေးဝင်လာသည်။

ကျူကျောင်းချန့်က မျက်နှာရိပ် မျက်နှာကဲ ပြလိုက်လျှင် ထိုလူက အနီးသို့ တိုးကပ်လာပြီး နှစ်ကိုယ်ကြား တီးတိုးစကား ပြောသည်။

ကျူကျောင်းချန့် မျက်နှာ တင်းမာသွားသည်။

"သူ့ကို အသက်ရှင်ခွင့် မပေးနဲ့၊ ကျူးဂူလီ၊ လှိုယိုခုံးတို့ကို ခေါ်သွားပြီး မင်း သူ့ကို ရှင်းပစ်လိုက်"

တောင်ဝှေးကိုင်ထားသူ မျက်နှာ ရှုံ့မဲ့သွားသည်။

သူ့မျက်နှာ အမူအရာ အပြောင်းအလဲကို ကျူကျောင်းချန့် သတိမပြုမိလိုက်။

"စင့်ကျန်းပေ၊ ကျူချန်စင်းနဲ့ ခန်းကျိစင်းတို့ သုံးယောက်က ဒီနေရာကနေ ခဏ ရှောင်နေကြ"

ကျူကျောင်းချန့် အမိန့်ပေးလိုက်သည်နှင့် စင်းကျန်းပေတို့ သုံးယောက်လည်း တည်းခိုဆိုင် အခန်းထဲမှ ထွက်သွားတော့၏။

ထန်ဖန်းတို့ အုပ်စုမှာ စိတ်ထဲတွင် အထူးအဆန်း တစ်ခုလို ဖြစ်နေမိသည်။

သွေးကြောကွက် အပိတ်ခံထားရသလို ရုပ်ပြောင်း ရုပ်လွှဲလုပ်ထားခြင်း ခံနေရသဖြင့် ဖြစ်ပေါ်ပြောင်းလဲလာမည့် အခြေအနေကို မျှော်လင့် စောင့်စားနေမိကြသည်။

ထိုအချိန်မှာပင် တည်းခိုဆိုင်အဝသို့ လူနှစ်ယောက် ခုန်ဝင်ရောက်ရှိလာသည်။

ထိုအထဲမှ တစ်ယောက်ကို မြင်မိသည်နှင့် ထန်ဖန်းမှာ မျက်လုံးအဝိုင်းသား ဖြစ်သွားတော့သည်။

သွေးကြောကွက် အပိတ်ခံမထားရလျှင် ဝမ်းသာအားရပင် အော်ဟစ် ခေါ်ဝေါ်လိုက်မိပေမည်။

သူမ တွေ့လိုက်ရသူမှာ သူမ နှလုံးသည်းပွတ်ထဲတွင် စွဲစွဲနစ်နစ် ချစ်ရသော ရှောက်ချူးရွှေ ဖြစ်နေသောကြောင့်ပင်တည်း။

ရှောက်ချူးရွှေသည် ချန်မြောင်ကို တွန်းလျက် ဆိုင်ခန်းထဲသို့ ဝင်လာသည်။

ဆိုင်ထဲမှ လူအများကို အသေအချာ ကြည့်မိသော်လည်း သူ့စိတ်ထဲတွင် ရင်းနှီးကျွမ်းဝင်နေသယောင် ထင်မှတ် ခံစားနေမိလေသည်။

"သူတို့ ... သူတို့ ဒီနေရာမှာ စုစည်းကြလိမ့်မယ်"

ချန်မြောင်က ကြောက်ရွံ့တုန်လှုပ်စွာ အသံခပ်အုပ်အုပ်ဖြင့် ပြောလိုက်သည်။

ရှောက်ချူးရွှေက အင်းခနဲ အသံပြုကာ ဆိုင်အတွင်းသို့ မျက်လုံး ကစားကြည့်မိ၏။

ဆိုင်ထဲမှလူများက သူ့ကို အထူးအဆန်းသဖွယ် ငေးစိုက်ကြည့်နေကြသည်ကို သူ့စိတ်ထဲတွင် အလိုလို ခံစားလာမိ၏။

အေးအေးချမ်းချမ်း စားသောက်နေကြသူများကို အနှောင့်အယှက် မပေးသင့်ဟု သူ ထင်မြင်မိသည်။

မျက်စိတစ်ပတ် လှည့်ကြည့်အပြီး မသင်္ကာစရာဆို၍ ဘာမျှ မတွေ့။

ဆိုင်ထဲမှ ပြန်ထွက်ရန် ခြေလှမ်းပြင်လိုက်သည်။

သူ့အနေနှင့် ခုနက မျက်နှာချင်းဆိုင် အလယ်စားပွဲဝိုင်းတွင် ခေါင်းတုံးပြောင်ပြောင်နှင့် လူတစ်ယောက် ရှိနေခဲ့သည်ဟု ထင်မှတ်မိသည်။

ယခု ရှိမနေတော့သဖြင့် မိမိ အမြင်မှားသလားဟု ထင်မှတ်ကာ နောက်တစ်ချက် ပြန်ကြည့်၏။

ဆေးရောင်းသမား တစ်ယောက်၊ ဈေးသည် တစ်ယောက်၊ အဘွားကြီး တစ်ယောက်ကို မြင်သည်။

ထိုသုံးယောက်ကိုမူ မသိကျွမ်း။ သတိမထားမိ။

သို့သော် ... ထိုသုံးယောက် လှုပ်ရှားမှု ရှိသည်ကိုမူ စိတ်ထဲတွင် တစ်မျိုးတစ်မည် ခံစားလိုက်ရသည်။

"ချူးရွှေ ... အစ်ကို ရောက်ချူးရွှေ၊ ကျွန်မ ... ကျွန်မ ထန်ဖန်းလေ၊ ကျွန်မ ဒီမှာရှိနေတယ်၊ ရှင် မသေသေးဘူးနော်၊ ဝမ်းသာလိုက်တာရှင်၊ သူများကသာ ရှင့်ကို သေပြီလို့ ယုံကြည်မယ်၊ ကျွန်မကတော့ ရှင် မသေနိုင်သေးဘူးဆိုတာ စိတ်ထဲက အလိုလို သိနေတယ်၊ ရှင့် ရည်မှန်းချက်တွေ မအောင်မြင်သေးသမျှ ရှင် မသေနိုင်သေးဘူးဆိုတာ ကျွန်မ နားလည်တယ်၊ အို ... ရှင် ... ရှင်ဟာလေ ကျွန်မ နှလုံးသားထဲမှာ ထဝရ မသေနိုင်တဲ့လူ၊ ကျွန်မ အသက်လောက် မြတ်နိုးရတဲ့လူ၊ ရှင် ကျွန်မကို မမှတ်မိတော့ဘူးလား၊ ကြည့်စမ်းပါဦး ... ရှင် ကျွန်မရဲ့ မျက်လုံးတွေကို ထပ်ပြီးတော့ ကြည့်လိုက်စမ်းပါဦး"

ထန်ဖန်းစိတ်ထဲမှ စကားလုံးပေါင်းများစွာ ပြောနေမိ၏။

Scanned with ACE Scanner

ရှောက်ချုံးရွှေ မကြားပါ။

သို့သော် သူ့စိတ်ထဲတွင် ထန်ဖန်းတို့ကို အလိုလို သတိရလာမိသည်။

စိတ်၏ စေ့ဆော်ချက်ကြောင့်လား မသိ။ ဤအခန်း ထဲတွင် ထန်ဖန်း ရောက်နေသလို ခံစားလာမိသည်။

သူ့ ဘေးနားတွင် ထန်ဖန်းက ထိုင်လျက် တွတ်တီးတွတ်တာ စကားပြောနေသည်ဟု ကြားယောင် ထင်ယောင်လာ၏။

သို့သော် သူ ခေါင်းကို ခါယမ်းပစ်လိုက်သည်။

သတိရစိတ် လွန်ကဲကာ စိတ်က ကယောက်ကယက် ဖြစ်နေသည်ဟုပင် သူ့ကိုယ်သူ ထင်မှတ်မိ၏။

စိတ်ထဲကမှ အခန်းထဲတွင် ထန်ဖန်းရှိနေလေသလားဟု ယူဆကာ တည်းခိုဆိုင်အတွင်းမှ လူတိုင်းကို အသေအချာ အကဲခတ်ရန် ဟင်ပြင်သည်။

ထိုစဉ် တံခါးအပြင်ဘက် လမ်းမဆီမှ မြင့်မားသော လူရိပ်တစ်ရိပ် ဖျတ်ခနဲ ကျော်လွှားသွားသည်ကို မျက်လုံးထောင့်တွင် တွေ့ မိလိုက်သည်။

သူ ချက်ချင်းပင် ထိုသူကို မှတ်မိလိုက်သည်။

လျှို့ယိုခုံး။

နန့်မိန်မြစ် ကျူရှူပျော်ပွဲစားရုံတွင် လုပ်ကြံခဲ့သော လျှို့ယိုခုံး။

လျှို့ယိုခုံး ရှိနေလျှင် ကျုံးဂူလီလည်း ရှိနေပေမည်။

သူတို့နှစ်ယောက်ကို ဖမ်းမိလျှင် ကျိုချန်စင်း၏ တည်ရှိရာကို မခက်ခဲ။

ကျိုချန်စင်းကို တွေ့လျှင် ချန်တူးမြို့ ပန်းချောင်းဓားဂိုဏ်း ရောက်ဂေဟာ၏ အခြေအနေ မည်သို့မည်ပုံ ရှိသည်ကို စုံစမ်း၍ ရချင်ရနိုင်မည်။

သို့ကြောင့် ရောက်ချူးရွှေသည် ချန်မြောင်အား ဂရုမစိုက်နိုင်တော့။ ချက်ချင်းပင် အပြင်ဘက် လမ်းမဆီသို့ ပြေးထွက်လိုက်၏။

ထိုသို့ ခုန်ထွက်လိုက်စဉ် သူ့ရင်တွင် လေးလံတင်းကျပ်သော ဝေဒနာတစ်ခုကို အမှတ်မထင် ခံစားလိုက်ရသည်။

မည်သည့် အကြောင်းရင်းကြောင့် လေးလံတင်းကျပ်စွာ ခံစားရသည်ကို သူ မဝေခွဲတတ်။

လူကမူ လမ်းမဘက်သို့ ရောက်ရှိ ပြေးထွက်သွားခဲ့ချေပြီ။

※ ※ ※

ထန်ဖန်းရင်ထဲ ဟာသွားသည်။

ရောက်ချူးရွှေကို မမြင်ရတော့သည်နှင့် သူ့ နှလုံးသားတစ်ပြုလုံး ဟင်းလင်းပြင်ထဲသို့ လွင့်မျောသလို ခံစားလိုက်ရ၏။

တစ်ပြိုင်နက်တည်းပင် သူ စကားပြောနိုင်သော သွေးကြောကွက် ပြေပွင့်သွားသည်ကို သိလိုက်သည်။

အချိန်ကာလ အပိုင်းအခြား တစ်ခုအတွင်းသာ ထိန်းချုပ်ထားသော သွေးကြောကွက် ပြေပွင့်သွားပြီ။

သူ စကားပြောလို့ ရပြီ။

ထန်ဖန်း ကျယ်လောင်စွာ အော်ဟစ်လျက် ရောက်ချူးရွှေအား

အသံပြုရန် ဟန်ပြင်သည်။

ထိုစဉ် သူ့ နောက်ကျောဘက်မှ လက်တစ်ချောင်းက ရုတ်တရက် ဆန့်ထွက်လာပြီး သူ စကားပြောနိုင်သည့် သွေးကြောကွက်ကို ထိုးပိတ်လိုက်တော့သည်။

ထိုသူကား ရှောက်ချူးရွှေ ဝင်လာစဉ်က နောက်ဘက်အခန်းဆီသို့ ခဏတစ်ဖြုတ် ဝင်ရောက် ပုန်းကွယ်နေခဲ့သော မီးဘုရင် ကျူကျောင်းချန့် ဖြစ်ပေသတည်း။

ကျူကျောင်းချန့်က ခနဲ့ပြုံး ပြုံးလိုက်သည်။

"မင်း အော်လို့လဲ ဘာမှ အကျိုးမထူးဘူး၊ တကယ်လို့ သူ ဒီအခန်းထဲကို ပြန်ဝင်လာရင် အခုချက်ချင်း သေသွားမယ်၊ ဝင်မလာရင်လဲ အပြင်ဘက်မှာ သေမှာပဲ"

ထန်ဖန်း ငိုင်ကျသွားသည်။

ရှောက်ချူးရွှေအတွက် စိုးရိမ်စိတ်ကြောင့်လား၊ မျက်နှာချင်းဆိုင် ဆုံမိပါလျက် တစ်ယောက်ကိုတစ်ယောက် အသိပေး နှုတ်မဆက်ခဲ့ရသောကြောင့်လားမသိ သူ့ မျက်ဝန်းအိမ်တွင် မျက်ရည်များ တသွင်သွင် စီးကျလာတော့သည်။

ထန်ဖိန်သည် ထန်ဖန်း မျက်ရည်စီးကျနေသည်ကို ကြည့်ပြီး နင့်နင့်နဲနဲ ခံစားလိုက်ရသည်။

သူသည် သူ့အစ်မဝမ်းကွဲ ထန်ဖန်းကို ရွှံရွှံငင်ငင်ပင် ချစ်ခင်မြတ်နိုးမိသည် မဟုတ်ပါလား။

ရှောက်ချူးရွှေ ထွက်သွားပြီးသည်နှင့် ချန်မြောင်က ချက်ချင်းပင် ကျူကျောင်းချန့်ရှေ့၌ ဒူးတုပ် ထိုင်ချလိုက်သည်။

Scanned with ACE Scanner

တုန်ယင်သော လေသံဖြင့် ...

"ကျွန်တော် ... ကျွန်တော် ... မီးဘုရင်ကို တင်ပြပါရစေ၊ ကျွန်တော့်ကို ရောက်ချူးရှေက ခြိမ်းခြောက်ခေါ်လာလို့ ..."

ကျူကျောင်းချန့်က အေးစက်သော မျက်လုံးဖြင့် စိုက်ကြည့်လိုက်ပြီး လက်ဝါး ကာပြလိုက်သည်။

"မင်းတို့ဟာ မုံယုံယင်းကို သွားသတ်ဖို့ စေလွှတ်လိုက်တာ မဟုတ်လား၊ ဂိုဏ်းခွဲမှူး ခန်းချွတ်ယီကော အခု ဘယ်မှာလဲ"

ချန်မြောင်၏မျက်နှာ သွေးဆုတ် ဖြူရော်လာသည်။

တစ်ကိုယ်လုံးလည်း တုန်တုန်ယင်ယင် ဖြစ်လာ၏။

မီးဘုရင်အား ကြောက်ရွံ့လွန်းသည့် အသွင်က အထင်အရှား။

"ဂိုဏ်းခွဲမှူး ခန်းချွတ်ယီ ထွက် ... ထွက်ပြေးသွားပါပြီ၊ ဟိုစုံ ခန်းထိန်၊ တရားသူကြီး အန်းနဲ့ ကျဲတို့ကိုလည်း ရောက်ချူးရှေက သတ်ပစ်လိုက်ပြီ"

ထန်ဖန်း ထိုစကားကြောင့် အံ့အားတသင့် ဖြစ်သွားသည်။

ရောက်ချူးရှေတွင် အဘယ်ကဲ့သို့သော စွမ်းအားတိုးပွား ဝင်ရောက် လာရလေသနည်းဟုလည်း စဉ်းစားမရ ဖြစ်နေမိ၏။

"ဂိုဏ်းခွဲမှူး အပါအဝင် မင်းတို့ လူဒီလောက် ရှိတာတောင် ရောက်ချူးရှေလို မဖြစ်စလောက် ကောင်လေးကို နိုင်အောင်မတိုက်နိုင်ဘူးလား၊ ကောင်းကျူးကော အခု ဘယ်မှာလဲ"

"ကောင်းကျူးကတော့ မုံယုံယင်းလက်ချက်နဲ့ သေဆုံးသွားခဲ့ရပါပြီ"

ကျူကျောင်းချန့် မျက်ခုံးကျုံ့လိုက်ပြန်သည်။

"မုံယုံယင်းကော ..."

"မုံယုံယင်းကတော့ ဂိုဏ်းခွဲမှူးခန်း သတ်လို့ သေသွားပါပြီ"

မီးဘုရင် ကျူကျူချင်းချန့် အားပါးတရပင် ရယ်မောလိုက်လေသည်။

"ကောင်းပြီ ဒါဆိုရင် အဖမ်းခံရတာ မင်းတစ်ယောက်တည်းပေါ့ ဟုတ်လား"

ချန်မြောင်သည် မီးဘုရင် ပြုံးရယ်လာသဖြင့် မိမိအား ခွင့်လွှတ်လိမ့်မည်ဟု ယူဆကာ စိတ်ထဲတွင် အနည်းငယ် တည်ငြိမ်လာသည်။

"ဟုတ်ကဲ့ ... ဟုတ်ကဲ့ ... ကျွန်တော် ရှောက်ချူးရှွေကို တမင်ဒီကို ခေါ်လာခဲ့တာပါ၊ မီးဘုရင် ရှိနေရင် သူ့ကို အလွယ်တကူဖမ်းဆီးနိုင်လိမ့်မယ်လို့ ယုံကြည်ပြီး ခေါ်လာခဲ့တာပါ"

"ဟဲ ... ဟဲ ... မင်း စိတ်ကူး သိပ်ကောင်းတယ်"

"ကျွန်တော် မီးဘုရင်ကို အတုခိုးပြီး လုပ်ကြည့်တာပါ"

"အေး ... မင်း ခေါင်းမော့လိုက်စမ်း"

ချန်မြောင် မော့ပေးလိုက်သည်။ မြောက်ပင့် ပြောဆိုသဖြင့် မီးဘုရင်က သူ့ကို ဂုဏ်ထူးတစ်ခုခု ချီးမြှင့်လိမ့်မည်ဟု ထင်မှတ်ကာ ရဲရဲဝံ့ဝံ့ ခေါင်းမော့ပေးလိုက်ခြင်း ဖြစ်၏။

မီးဘုရင် ချီးမြှင့်လိုက်သည်က မီးကွင်းတကွင်း။

ချန်မြောင် မကာကွယ်နိုင်၊ မီးတောက်က မျက်နှာပေါ်သို့ တဟူးဟူး စွဲငြိ လောင်ကျွမ်းသည်။

ချန်မြောင် မည်သို့ ငြိမ်းသတ် ငြိမ်းသတ် မရ။

Scanned with ACE Scanner

"အား ..."

ဆွေးဆွေးမြည့်မြည့် အော်ဟစ်လိုက်သံက မိုးမြေသိမ့်သိမ့်ပင် တုန်ခါသွားသည်။

"မင်းဟာ သေရမှာကို ကြောက်တယ်၊ ဒါကြောင့် ရန်သူကို အညှဉ်းခံတယ်၊ သေရမှာ ကြောက်တဲ့သူကို ငါက ထပ်မကြောက်အောင် သတ်ပေးလိုက်တာပဲ၊ ဩဇာအာဏာဂိုဏ်းက သေရမှာ ကြောက်တဲ့သူကို မလိုလားဘူး"

ချန်မြောင်သည် မြေပြင်ပေါ်တွင် တုန်ခါ အကြောဆွဲလျက် အသက် ထွက်သွားသည်။

မီးတောက်များလည်း ငြိမ်းသေသွား၏။

သူ့အင်္ကျီစကိုပင် မစွဲလောင်။

မီးဘုရင်၏ ပညာက အံ့ခန်းစရာပင်။

"ဆူလှချည်လားကွ၊ ဘာတွေကြောင့် ဒီလောက်တောင် သေလု မြောပါး အော်နေရတာလဲ၊ အထဲမှာ ဘာတွေဖြစ်နေတာလဲ"

အော်ငေါက်ဆွဲဆိုသံ တစ်သံက တည်းခိုးခန်းဆိုင်တံခါးဝမှ ရုတ်တရက် ထွက်ပေါ်လာတော့သည်။

ထိုအသံကို ကြားလိုက်ရလျှင် ထန်ဖန်းမှာ စိတ်မထိန်းနိုင်အောင်ပင် ဝမ်းသာသွားမိတော့သည်။

ထက်စင်းရွှဲ ...

ထက်စင်းရွှဲ၏ အသံပင်တည်း။

ထက်စင်းရွှဲဘေးတွင် ချူးနန်ကုက ကပ်ပါလာသည်။

သူတို့နှစ်ယောက် ဆိုင်အတိုင်းသို့ရောက်လျှင် လူတစ်ယောက်

မှာ ဝင်မလာနိုင်ဘဲ တစ်ဆို့နေသည်။

မီးဘုရင်က နှုတ်ခမ်းတွန့်ကာ ပြုံးသည်။

“လက်စသတ်တော့ မင်းတို့ကိုး . . .”

ချူးနန်ကုကလည်း မီးဘုရင် ကျုံချင်းချန့်ကို တွေ့လိုက်သည်နှင့် တအံ့တဩ ဖြစ်သွားသည်။

“သြော် . . . ခွေးကတုံးပါလား၊ အခုထက်ထိ မသေနိုင်သေးဘူးလား”

ထန်ရေအိုင်နယ် ထန်ချန်းတောင် ကျောက်စေတီကလေးအနီးတွင် ရှောက်ယိလင် ခေါင်းဆောင်သော ပန်းချောင်းဓားဂိုဏ်း၏ သူရဲကောင်းများကို မီးဘုရင်ကသာ လုပ်ကြံ အလစ်ဝင်တိုက်ခိုက်ခြင်း မပြုလျှင် ပြိုကွဲလိမ့်မည် မဟုတ်သည့်အတွက် ချူးနန်ကုတို့မှာ မီးဘုရင်အား အသေအလဲ မုန်းတီးနာကြည်းနေမိသည်။

ချူးနန်ကုနောက်မှ လိုက်ပါလာသော သူမှာ တော်တော်နှင့် အခန်းတွင်းသို့ မရောက်။

ဝဖြိုးသော ခန္ဓာကိုယ်ကြီးက အပေါက်ဝတွင် တစ်ဆို့နေသောကြောင့် ဖြစ်သည်။

မီးဘုရင်မှာ ထန်ဖေကို မျက်စိထဲတွင် မထား။

ဝလွန်းသော သူသည် ကိုယ်ဖော့ပညာ မကောင်းနိုင်။ မဖျတ်လတ်နိုင်။

ထို့အတူ သိုင်းပညာလည်း မည်သည့်နည်းနှင့်မျှ ကောင်းမွန်ထက်မြက်လိမ့် မည်ဟု သူ မယုံကြည်။

ထို့ပြင် ထန်ဖန်းတို့ကို ချူးနန်ကုတို့ မှတ်မိလိမ့်မည်ဟုလည်း

သူ မထင်မိ။

သူ့ ရုပ်ပြောင်းရုပ်လွဲ ပညာကို သူ ယုံကြည်မှု အပြည့်အဝ ရှိသည်။ မှတ်မိသွားလျှင်လည်း အကြောင်းမဟုတ်။ ချူးနစ်ကုနှင့် ထက်ဝင်းရွှဲ့တို့ကို သူ ယခင်ကပင် ဖမ်းဆီးချင်ခဲ့သည်။

ထိုအချိန်မှာပင် အဝင်တံခါးဝ ရုတ်တရက် ကျိုးကြေကာ လူတစ်ယောက်က ငှက်ကြီးတစ်ကောင်လို ခုန်ပျံဝင်လာသည်။

မီးဘုရင် မျက်နှာပျက်သွား၏။

ဤမျှ ဝလွန်းသော မိန်းမ၏ သိုင်းပညာက သူထင်ထားသည် ထက် များစွာ သာလွန်နေသောကြောင့်ပင်တည်း။

ထန်ဖေသည် ဆိုင်အတွင်းသို့ ရောက်လျှင် ရောက်ချင်း လက် တစ်ဖက်မြှောက်ကာ မီးဘုရင်ထံသို့ ကြားသိလက်နက်ပုန်း သုံးခုကို ပစ်လွှတ်လိုက်သည်။

မီးဘုရင်က ကျယ်လောင်စွာ အော်ဟစ်လျက် နေရာပြောင်း လိုက်သည်။ သူ့ နောက်တွင်ရှိနေသော သြဇာအာဏာဂိုဏ်းသား ဆယ်ယောက်ကျော် လဲကျသေဆုံးကုန်သည်။

ကြာသီးလက်နက်ပုန်းမှာ ရိုးရိုးလက်နက်ပုန်း မဟုတ်။

ပစ်လွှတ်လိုက်စဉ်တွင် ဘာမျှ မထူးခြားသော်လည်း လမ်းခု လတ်တွင် ပေါက်ကွဲကာ အပ်ချောင်းများ ပလူပျံကာ လွင့်စဉ်ထွက် သွား၏။

သို့နှင့် သြဇာအာဏာ ဂိုဏ်းသားများ ကျဆုံးသွားရခြင်းဖြစ် သည်။

သြဇာအာဏာ ဂိုဏ်းသားများ လဲကျသွားသော်လည်း ထန်ဖန်း

Scanned with ACE Scanner

က ဘာမျှမဖြစ်။

ထန်ဖေသည် ထန်ဖန်းအား ကယ်တင်လိုက်ခြင်း ဖြစ်ကြောင်း သိသာ ထင်ရှားစေသည်။

လက်တစ်ချက် ထွက်ပြီးသည်နှင့် ထန်ဖေသည် ခုန်ပျံကာ ထန်ဖန်း၏ သွေးကြောကွက်ကို ဖြေဖွင့်ပေးလိုက်သည်။

ထန်ဖိန်က အိုယန်စန်းယိ၏ သွေးကြောကွက်ကို ဖြေဖွင့်ပေးရန်ပြင်စဉ် မီးဘုရင်မှာ သည်းမခံနိုင်တော့။

ကျယ်လောင်စွာ အော်ဟစ်လိုက်သံနှင့်အတူ မီးတောက်တစ်ခု ပစ်လွှတ်လိုက်တော့သည်။

ထန်ဖေ၏ အင်္ကျီပေါ်တွင် နေရာလေးခုလောက် မီးစွဲလောင်သွားသည်။

သို့သော် သူမကလည်း လက်နက်ပုန်း ပစ်လွှတ်လိုက်ပြီးဖြစ်သည်။

မီးဘုရင် အကြီးအကျယ် ထိတ်လန့်သွားသည်။

တံခါးဘောင်ပေါ်သို့ ဟူးခနဲ ခုန်တက်ကာ ရှောင်တိမ်းလိုက်သည်။

"မင်းဟာ ထန်မျိုးဆက် အဆင့်မြင့် သိုင်းသမားသုံးယောက်တဲက ဘယ်သူလဲ"

ထန်ဖေ၏ အင်္ကျီပေါ်မှမီးတောက် ရုတ်တရက် ငြိမ်းသေသွားသည်။

လောင်ကျွမ်းရာ အပေါက်တစ်ပေါက်က ကျန်ရစ်ပြီး ဖြူဖွေးသော အသားစိုင်းက ပေါ်ထွက်နေသည်။

Scanned with ACE Scanner

ထန်ဖေ ဂရုမစိုက်သည့် လေသံဖြင့် ...

"ထန်ဖေ ..."

ထန်မျိုးဆက် လူငယ်တစ်ခတ်တွင် အဆင့်မြင့် သိုင်းသမား သုံးယောက် ရှိသည်။

ထန်ဆုန်၊ ထန်ကျဲနှင့် ထန်ဖေတို့ ဖြစ်ကြသည်။

မီးဘုရင် အေးတိအေးစက် ရယ်မောလိုက်သည်။

သိုင်းလောကတွင် ထန်ဖေသည် ပြဿနာရှာလို့ မကောင်းဟု အဆိုရှိသော်လည်း သူ့အနေနှင့် ထန်ဖေအား အလွယ်တကူပင် အနိုင်ယူနိုင်လိမ့်မည်ဟု ယုံကြည်နေသည်။

တည်းခိုဆိုင် အတွင်းဝယ် တိုက်ပွဲများက ပြင်းထန်နေသည်။

ကျိချန်စင်းသည် တာတုနှင့် အကြိတ်အနယ် တိုက်ခိုက်နေသည်။

ကျိုချူးချောက်လန်၊ ထက်စင်းရွှဲ၊ ချူးနန်ကု၊ ထန်ဖန်းနှင့် ထန်ဖိန်တို့က စင့်ကျန်ပေ၊ ခန်းကျိစင်း၊ ဩဇာအာဏာဂိုဏ်းသား အချို့တို့နှင့် တိုက်ခိုက်နေကြပြီ။

မီးဘုရင် ကျူကျောင်းခန့်မှာ အခြေအနေ ရှုပ်ထွေးနေသော်လည်း စိတ်မလှုပ်ရှား။

သူ့အနေနှင့် ထန်ဖေကို အပြတ်ရှင်းပစ်မည်။

လိုအပ်လျှင် ဆိုင်ကို မီးတင်ရှို့ပစ်မည်။

ထိုတိုက်ပွဲအတွက် ဩဇာအာဏာဂိုဏ်းသား အချို့ အစတေး ခံရလျှင်လည်း အကြောင်းမရှိဟု တွက်ချက် ဆုံးဖြတ်ထားလိုက်သည်။

❋ ❋ ❋

Scanned with ACE Scanner

ရှောက်ချူးရွှေသည် လှိုဃိုခုံးနောက်သို့ အစွမ်းကုန် ပြေးလိုက်သည်။

လမ်းမကြီးတစ်ခုကို ကျော်ဖြတ်လိုက်ပြီးနောက် လမ်းသွယ်လမ်းမွှာတစ်ခုကို ရောက်လာသည်။

လမ်းသွယ်၏ထိပ်တွင် အုတ်နံ့ရံတစ်ခုက တားဆီးပိတ်ဆို့နေသည်။

မာကျင်ကျူး သေဆုံးခဲ့သည့် နေရာ။

ရှောက်ချူးရွှေ၏ ဆဋ္ဌမအာရုံတွင် ကြောက်ရွံ့စိတ် အနည်းငယ် ဖြစ်ပေါ်လာမိသည်။

ကြက်သီးမွေးညင်းများ အလိုလိုထောင်ထလာသည်။

ထူးခြားသော သူ့စိတ်တန်ခိုး စေ့ဆော်မှုကို သူနားလည်သည်။

အချိန်မီပင် သူ့ခေါင်းကို ငုံ့ပေးလိုက်မိသည်။

"ဟူး ..."

တုတ်ရှည်တစ်ချောင်းက သူ့ခေါင်းပေါ်မှ အရှိန်ပြင်းစွာ ကျော်ဖြတ်သွားသည်။

ရှောက်ချူးရွှေ ခုန်လွှားလျက် နံရံကို ကျောပေးရပ်သည်။

"ကျူးဝူလီ"

သူအော်ဟစ်လိုက်လျှင် အိမ်တံစက်မြိတ်ပေါ်မှ လူတစ်ဦး လိမ့်ဆင်းလာသည်။ လက်ထဲတွင် သံတုတ်ကြီးကိုင်လျက် တဟားဟား ရယ်မောနေသည်။

ရှောက်ချူးရွှေသည် သူ့အမူအရာကိုကြည့်ပြီး ဒေါသဖြစ်နေမိသည်။

Scanned with ACE Scanner

ပတ်ဝန်းကျင်ကို မျက်လုံးကစားကြည့်မိသည်။

လမ်းသွယ်ကို ပိတ်ဆို့ထားသော နံရံထက် သွေးစက်တစ်စက် ရှိနေသည်။

နံရံ၏ အရောင်အသင်းက လမ်းဘေးနှစ်ဖက်မှ နံရံများနှင့် မတူဘဲ သစ်လွင်နေသည်။

သွေးစက်က နံရံပေါ်တွင် ထင်ရှားနေ၏။

သွေးစက်ထဲတွင် ဓားပေါက်တစ်ပေါက် ရှိသည်ကမူ မထင်ရှား။

နံရံအစစ်ဖြစ်လျှင် ဓားက အဘယ်သို့လျှင် ထိပ်ချင်းပေါက် ထိုးသွင်းနိုင်မည်နည်း။

ရှောက်ချူးရွှေ ထိုအချက်များကို သတိပြုမိသည်နှင့် ကျယ်လောင်စွာ မာန်သွင်းအော်ဟစ်ကာ နံရံပေါ်သို့ အတွင်းအားအပြည့်ဖြင့် ရိုက်ချလိုက်သည်။

တဒင်္ဂအတွင်း သူ့နောက်ကျော သွေးကြွက်နှစ်ခုကို အပ်ချောင်းနှစ်ချောင်းက ထိုးစိုက်ချလာသည်။

သို့သော် အပ်စိုက်ချက်ကို နောက်ကျကာ ရှောက်ချူးရွှေ၏ လက်ဝါးရိုက်ချက်က အရင်ဆုံး ထွက်သွားပြီး ဖြစ်နေသည်။

"ဝုန်း ..."

နံရံ ပြိုကျသွားသည်။

အုတ်ခဲများက နံရံအောက်မှ လူအပေါ်သို့ ပြိုကျလာသည်။

ရှောက်ချူးရွှေ၏ အတွင်းအား လက်ဝါးရိုက်ချက်က ထိုသူ့အပေါ်သို့ ထိခတ်မိသည်။

Scanned with ACE Scanner

ထိုသူ့တစ်ကိုယ်လုံး သွေးချင်းချင်းနီရဲလျက် လဲကျအသက်ထွက်သွားတော့သည်။

လျှို့ခုံပေတည်း။

လျှို့ခုံ သေဆုံးသွားသည်နှင့် နံရံနောက်ဘက်မှ လူတစ်ဦး ထပ်၍ ထွက်ပေါ်လာသည်။

သူ့လက်နှစ်ဖက်တွင် တောင်ဝှေးနှစ်ချောင်း ကိုင်ဆောင်ကာ တရကြမ်း ဝှေ့ယမ်းလျက် ရှောက်ချူးရွှေကို တိုက်စစ်ဆင်သည်။

ရှောက်ချူးရွှေက လှျပ်ပြက်သလို လျင်မြန်စွာရှောင်တိမ်းသည်။

ထိုသူ၏ ရိုက်ချက် မထိ။

ရှောက်ချူးရွှေသည် ထိုသူ၏ တောင်ဝှေးရိုက်ချက်ကို ရှောင်တိမ်းပြီးသည်နှင့် ကျူးဝီလူထံသို့ ခုန်ဝင်သွားသည်။

သူ့စိတ်ထဲတွင် ဘီလူးသရဲစီးနေလေပြီ။

တစ်နေ့တည်းမှာပင် လူလေးယောက်ကို ဆက်တိုက် သတ်ဖြတ်ခဲ့မိရာ သူ့သွေးသားထဲတွင် သတ်ဖြတ်လိုစိတ်ကသာ လွှမ်းမိုးနေသည်။ သူဆက်တိုက် သတ်ဖြတ်ခဲ့သော လူလေးယောက်ကလည်း အဆင့်မြင့်သိုင်းသမားများချည်းသာ ဖြစ်သည်။

ကျူးဝူလီသည် ရှောက်ချူးရွှေ၏ လှျပ်တစ်ပြက် ရဲရဲတင်းတင်း ခုန်ဝင်လာသည်ကို ရုတ်တရက် အံ့အားသင့်သွားမိသည်။

သို့သော် ချက်ချင်းပင် သံတုတ်ဖြင့် ရှောက်ချူးရွှေကို လှမ်းထိုးလိုက်သည်။

ရှောက်ချူးရွှေက လက်နှစ်ဖက်ဖြင့် ဖမ်းပြီး သံတုတ်ကို ချိုးပစ်လိုက်သည်။

သံတုတ် အကျိုးတစ်ဖက်က သူ့လက်ထဲသို့ ရောက်ရှိလာပြီ။

ရှောက်ချူးရွှေမှာ လက်ထဲသို့ တုတ်ချွန် ရောက်လာသည်နှင့် ရှေ့သို့ ခြေလှမ်းတစ်လှမ်း တိုးတက်လိုက်သည်။

ကျုံးဝူလီမှာ အခြေအနေမဟန်သဖြင့် ထွက်ပြေးချင်လာသည်။

သို့သော် …

သူပြေး၍မရ။

လက်နှစ်ဖက်က သံတုတ်ကို ဆွဲကိုင်ထားရသည်။

တစ်ဖက်ထိပ်မှ သံတုတ်ကို ရှောက်ချူးရွှေက အလွတ်မပေးသေးဖြင့် ဆွဲယူ၍လည်းမရ။

အားတင်းကာ တစ်ချက်ရုန်းကြည့်သည်။

ထိုစဉ်မှာပင် ရှောက်ချူးရွှေ လက်ထဲမှ သံတုတ်ချွန်က သူ့ရင်ဝကို ထိုးစိုက်ဝင်ရောက်သွားတော့သည်။

"ဖုန်း … ဖုန်း"

တောင်ဝှေးကိုင်သူက ရှောက်ချူးရွှေ၏ ကျောပြင်ကို ရိုက်ချသည်။

တောင်ဝှေးနှစ်ချောင်းမှာ ရှောက်ချူးရွှေ၏ အတွင်းအား တုံ့ပြန်ချက်ကြောင့် သွင်သွင်ကျိုးသွားသည်။

ရှောက်ချူးရွှေ ပါးစပ်မှလည်း သွေးများ ယိုစီးကျလာသည်။ လျှပ်တစ်ပြက် နောက်သို့လှည့်ပြီး ထိုသူ၏ ပခုံးနှစ်ဖက်ကို ဖမ်းချုပ်လိုက်သည်။

ထိုသူ မရုန်းကန်နိုင်။ အရိုးထိအောင် နာကျင်စွာပင် ဝက်တစ်ကောင်အလား အော်ဟစ်ညည်းညူသည်။

"မင်းနာမည် ဘယ်သူလဲ"

ရောက်ချူးရွှေက အေးစက်စက်လေသံဖြင့် မေးသည်။

ထိုသူမှာ တိုက်ကွက် နှစ်ကွက်ထုတ်ရုံနှင့်ပင် လျှိုခုံနှင့် ကျုံးဂူလိတို့လို ထိပ်ထိပ်ကျဲ သိုင်းသမားနှစ်ယောက်ကို သတ်ဖြတ်နိုင်စွမ်းသည် ရောက်ချူးရွှေအား အလွန်ပင် ထိတ်လန့်ကြောက်ရွံ့နေမိတော့သည်။

နာကျင်မှု ဝေဒနာကို ကြိတ်မှိတ်အောင့်အည်းခံရင်းမှ ...

"ဂူမိန်လို့ ခေါ်တယ်"

ရောက်ချူးရွှေက ဂူမိန်ကို အသေအချာ စိုက်ကြည့်သည်။

"မင်းက ဖိန်ကျိုနဲ့ ဘယ်လိုပတ်သ်သလဲ"

"ဖိန်ကျိုရဲ့ တပည့်ပါ"

ရောက်ချူးရွှေ ဖမ်းချုပ်ထားသော လက်ကို ဖြည်းညင်းစွာ ဖြည်လျှော့ပေးလိုက်သည်။

"ဖိန်ကျိုဟာ ငါ့အပေါ်ကျေးဇူးရှိခဲ့ဖူးတယ်၊ ငါ မင်းကို မသတ်တော့ဘူး"

ဂူမိန်သည် ရောက်ချူးရွှေနှင့် ဖိန်ကျို မည်သို့ပတ်သက်ခဲ့သည်ကိုမသိ။

သို့သော် ရောက်ချူးရွှေ၏ တည်ကြည်ရဲရင့်သည့် အမူအရာကို ကြည့်ပြီး သူ့ကို အမှန်တကယ်ပင် သတ်မည်မဟုတ်ဟု သိရှိကာ အသက်ရှူချောင်သွားရသည်။

"ကျေးဇူးတင်ပါတယ်"

ဂူမိန် လက်သီးဆုပ် ဂါရဝပြုသည်။

Scanned with ACE Scanner

ရောက်ချူးရွှေက ခေါင်းခါယမ်းပြလိုက်လျှင် နံရံကို ကျော်လွှားကာ ပြေးထွက်သွားတော့သည်။

※ ※ ※

ဝူမိန် ထွက်သွားသည်နှင့် ရောက်ချူးရွှေလည်း စိတ်ကို လျှော့ချလိုက်သည်။

အားအင်ကုန်ခမ်း နွမ်းနယ်နေပြီမို့ သူ့ခန္ဓာကိုယ်က နံရံကို မှီပြီး လျှောခနဲ ဖင်ထိုင်ကျသွားသည်။

သူ့တစ်ကိုယ်လုံးတွင်ရရှိထားသည့်ဒဏ်ရာဒဏ်ချက်ကမနည်း။

အတွင်းအား နက်ရှိုင်းထူထပ်သဖြင့် သည်းခံအောင့်အည်းနေနိုင်သော်လည်း ဒဏ်ရာက မပေါ့။

ကျောပြင်တွင် မြင်းကုန်းနှီး ရိုက်ချက်နှင့် တောင်ဝှေးရိုက်ချက် နှစ်ချက်၊ ပေါင်တွင် သံချိန်းကြိုးရိုက်ချက်၊ ပခုံးတွင် အပ်ချက်နှစ်ချက်၊ ထိုဒဏ်ရာများက ယခင်ကာလက ရောက်ချူးရွှေဆိုလျှင် ဘုန်းဘုန်းလဲကျသွားလောက်ပေသည်။

သူသည် နံရံတွင်မှီကာ အမောဖြေနေသည်။

အသက်မှ ဝလင်အောင် မရှူရသေး၊ လူရိပ်တစ်ရိပ်က ဖျတ်ခနဲ လှုပ်ရှားလာပြန်သည်။

ရောက်ချူးရွှေသည် ခတ်ခနဲ မတ်တတ်ပြန်ရပ်လိုက်သည်။

သူ့ရှေ့တွင် ရောက်ရှိလာသူကို တွေ့လိုက်ရလျှင် အနည်းငယ် အံ့အားသင့်သွားတော့သည်။

ရောက်ရှိလာသူမှာ ဝူမိန် ဖြစ်နေပေသတည်း။

Scanned with ACE Scanner

ဂူမိန်သည် ရှောက်ချူးရွှေကို နက်နဲစွာကြည့်ရင်း ...

"ခင်ဗျား ကျုပ်ကို လွှတ်ပေးလိုက်တာ မဟုတ်လား"

ရှောက်ချူးရွှေပင် ကြောင်စီစီကလေး ဖြစ်သွားမိသည်။

"ဟုတ်တယ်လေ ... မင်းကို ငါ လွှတ်ပေးပြီးပြီပဲ၊ မင်း ဘာကြောင့် ထွက်မသွားရသေးတာလဲ"

"ကျွန်တော် သွားမှာပါ၊ ဒါပေမယ့် ခင်ဗျားကို စကားတစ်ခွန်း ပြောချင်လို့ ပြန်လာခဲ့တာ"

ရှောက်ချူးရွှေ နားထဲ အထူးအဆန်း ဖြစ်သွားမိသည်။

"ဘာပြောမလို့လဲ၊ ပြောစမ်းပါဦး"

"တည်းခိုဆောင်ထဲက လူတချို့ဟာ မီးဘုရင် ဖမ်းဆီးခေါ်ဆောင်လာတဲ့ လူတွေပဲ၊ အဲဒီအထဲက တစ်ယောက် နှစ်ယောက်ဟာ ခင်ဗျား သူငယ်ချင်းတွေလို့ ကျွန်တော်ထင်တယ်၊ ခင်ဗျား သူတို့ကို လာရှာတာလား၊ ကျွန်တော် ပြောချင်တာကတော့ ဒါပါပဲ"

ဂူမိန် ပြောပြောဆိုဆိုပင် ထွက်သွားတော့သည်။

ရှောက်ချူးရွှေ ငေးကြောင် ကျန်ရစ်ခဲ့သည်။

သူငယ်ချင်း ... ဘယ်သူငယ်ချင်းလဲ၊ ဘယ်သူတွေ ဖမ်းဆီးခံနေရတာလဲ"

သူ့ခေါင်းထဲတွင် တွေးတောစဉ်းစားနေမိသည်။

ရုတ်တရက် ဘာကိုမှ ဆက်စပ်တွေးတောမရ။

သို့သော် ...

သူ့အသံအာရုံတွင် တစ်စုံတစ်ခုကို ပြန်မြင်ယောင်လာလေသည်။

Scanned with ACE Scanner

တည်းခိုဆောင်ထဲတွင် တွေ့ရှိခဲ့ရသည့် ကုန်သည်အသွင် ဝတ်ဆင်ထားသူ၏ မျက်လုံးအလင်းအရောင်။

ထိုမျက်လုံးအလင်းရောင်က သူနှင့် ရင်းနှီးကျွမ်းဝင်နေသည်။

သူက ရယ်ပြုံးနှုတ်ဆက်နေသလို။

စိတ်ဓာတ်တည်ကြည်ကြံ့ခိုင်ကာ စကားပြောဆို နှုတ်ဆက်ချင်သည့် မျက်လုံးအလင်းရောင်။

ရောက်ချူးရွှေ၏ အသိအာရုံတွင် ဖျတ်ခနဲ နိုးကြားပွင့်လင်းလာသည်။

ထန်ဖန်း၏ မျက်လုံးအလင်းရောင်။

သူ့ရင်တွင် အမြဲတစေ လှုပ်ခတ်ခဲ့သည့် ထန်ဖန်း၏ မျက်လုံး။

ထိုအတွေးဝင်မိသည်နှင့် သူ့ခန္ဓာကိုယ် ဆတ်ခနဲ တုန်သွားတော့သည်။

ချက်ချင်းပင် ဆေးရောင်းသမား၏ အသွင်ကို မြင်ယောင်လာပြန်သည်။

ပိန်သေးသော ကိုယ်လုံး၊ အနည်းငယ် ပူဖောင်းနေသော ဝမ်းဗိုက်တို့က သူ့ သတိချွတ်ယွင်းမှုကို ပြန်လည်တည့်မတ်လာစေသည်။

ဆေးရာင်းသမားသည် ယောကျ်ားတစ်ယောက်၏ ကိုယ်ခန္ဓာအချိုးအဆက်မရှိ။

ဝမ်းဗိုက်ကလည်း ဖောင်းကြွနေပြန်လျှင် မည်သူဖြစ်မည်နည်း။

ဆို့ရန်စန်းယိ ...။

အို့ရန်စန်းယိမှတစ်ပါး မည်သူမျှမဖြစ်နိုင်။

သို့ဆိုလျှင် တည်းခိုဆိုင်တွင် ထန်ဖန်းတို့ ရှိနေရမည်။

ရှောက်ချူးရှေ့ စိတ်ဓာတ်များ ရုတ်ခြည်းပင်တက်ကြွလာသည်။

ဝမ်းသာပျော်ရွှင်မှုက မည်သို့မျှ တားဆီးထိန်းချုပ်၍ မရတော့။

ကိုယ်ပေါ်တွင် ရရှိထားသည့် ဒဏ်ရာ၏ နာကျင်မှုကို သတိမရနိုင်။

သူ့စိတ်အာရုံက ထန်ဖန်းရှိရာ တည်းခိုဆောင်သို့သာ ရောက်ရှိနေသည်။

မည်သည့် အဆီးအတားကိုမျှ ဂရုမစိုက်တော့။

မည်သည့် အန္တရာယ်ကြုံကြုံ သူမဖြုံတော့။

တည်းခိုဆောင်သို့သာ အပြေးထွက်လာခဲ့တော့သည်။

✲ ✲ ✲

မီးဘုရင် ကျူကျင်းချန့်သည် မီးကွင်းတစ်ကွင်း ပစ်လွှတ်ရန် လက်ဟန်ပြင်လိုက်သည်။

သူဟန်ပြင်နေစဉ်မှာပင် ထန်ဖေက လှုပ်ရှားပြီး ဖြစ်နေသည်။

မီးဘုရင် ...

သို့မဟုတ်

သူ့နောက်ဘက်ရှိ သြဇာအာဏာဂိုဏ်းသားများထံသို့ ...။

သြဇာအာဏာဂိုဏ်းသား ငါးယောက် တုန်းခ်နဲ့ လဲကျကုန်ကြသည်။

Scanned with ACE Scanner

မည်သည့် လက်နက်ပုန်း ထိမှန်ခံရသည်မသိ။

အားကောင်းမောင်းသန် ယောကျ်ားကြီးများမှာ အသံပင် တစ်ချက်မထွက်နိုင်ဘဲ သေဆုံးကုန်ကြသည်။

လက်နက်ပုန်းက အရိပ်မည်းသကဲ့သို့။

ကျူးကျော်ချန့် မျက်လုံးသူငယ်အိမ် ကျုံ့သွားသည်။

ထန်ဖေသည် သူထင်ထားသလောက် ရင်ဆိုင်၍ မလွယ်ကူ ကြောင်း ကောင်းကောင်း နားလည်သဘောပေါက်တော့သည်။

ထန်ဖေသည် ထန်မားမား၏ မျိုးရိုးစဉ်ဆက်တွင် အထူးချွန် ဆုံး ဖြစ်သည်မှာ ယုံမှားသံသယဖြစ်ဖွယ် မရှိတော့။

မီးဘုရင်မ၏ ကျောဘက်တွင် ယဉ်ကျေးသိမ်မွေ့သော ဝတ်စုံ ဖြူဝတ် လူတစ်ယောက် ရှိနေသည်။

ထိုသူ၏ ဓားချက် လျှပ်ပြက်သလို မြန်ဆန်သည်ကို ထန်ဖေ တွေ့ဖူးထားပြီး ဖြစ်သဖြင့် မီးဘုရင်အတွက် ပြေးပေါက်မရှိဟု သူ ယုံကြည်သည်။

သူနောက်ထပ် လက်တစ်ဖက် လှုပ်ဟန်ပြင်စဉ် မီးဘုရင်က မီးကွင်းတစ်ကွင်းအဖြစ် ပြောင်းလဲလာပြီး မီးညွန့်တစ်ညွန့်က သူ့ ထံသို့ ဟူးခနဲ တိုးဝင်လာသည်။

ထန်ဖေ ခုန်ပျံလိုက်သည်။

သူ့ကိုယ်ဖော့ပညာက ထန်ဖန်းလောက် မမြင့်မား။

မီးကွင်းက သူ့ပေါင်အစုံကို ဟပ်မိသည်။

သံမဏိလွှ ဆယ်စင်းဖြင့် ပြိုင်တူဆွဲဖြတ်ခြင်း ခံရသလို သူမ ပေါင်တွင် နာကျင်စွာ ခံစားလိုက်ရသည်။

Scanned with ACE Scanner

အလျှင်အမြန်ပင် လက်နက်ပုန်း ခုနစ်မျိုးခန့် ပစ်လွှတ်သည်။

မီးဘုရင်က သူ့တစ်ကိုယ်လုံး မီးကွင်းများအဖြစ် ပြောင်းလဲ ကာရံသည်။

လက်နက်ပုန်းများက မီးတောက်ထဲတွင် လောင်ကျွမ်းပြတ် ကျကုန်သည်။

ကြာလျှင် ထန်ဖေ၏ ပေါင်မှာ မီးလောင်ပျက်စီးတော့မည်။

ရုတ်ခြင်းပင် လျှို့ဝှက်လက်နက်ပုန်းတစ်ခုကို ပစ်လွှတ်လိုက်သည်။

ထိုလက်နက်ပုန်းက ပစ်မလွဲ လက်နက်ပုန်း။

ထန်မျိုးဆက်၏ ပန်းလက်နက်ပုန်း။

ထိုပန်းလက်နက်ပုန်းသည် ပွင့်ပြီးသည်နှင့် ညှိုးနွမ်းသည်။

ပွင့်စဥ်တွင် ပန်းဖြစ်သော်လည်း ညှိုးနွမ်းသောအခါ သံဖြစ်သွားသည်။

တစ်ကြိမ်ပွင့်လျှင် လူတစ်ယောက်ကိုသာ သတ်နိုင်သည်။

"ဝိုး ..."

"ဒုတ် ..."

ပန်းလက်နက်ပုန်းက နံရံကိုစိုက်ဝင်သွားသည်။

မီးဘုရင်ကို မထိ။

သို့သော် ...

အခြေအနေက ချက်ချင်း ပြောင်းလဲသွားသည်။

မီးဘုရင်သည် မီးညွန့်ကို ထန်ဖေ၏ ပေါင်တွင် ရစ်ပတ်မထားတော့။

Scanned with ACE Scanner

မီးတောက်ရှည်ကြီးအဖြစ်သို့ ပြောင်းလဲကာ အပြင်ကို လီပ်ထွက်သည်။

မီးတောက်က အမှတ်မထင် ငြိမ်းသေသွားသည်။

ထန်မျိုးဆက်၏ ပန်းလက်နက်ပုန်း ရိုက်ခတ်သွားသဖြင့် မီးငြိမ်းသေသွားသည်။

မီးဘုရင် ကြက်သီးမွေးညင်း ထလာသည်။

ကျူချန်းစင်းနှင့် စင့်ကျန်းပေတို့သည် တာတု၊ ထက်ဝင်းရွှဲ၊ ချူးနန်ကု၊ ကျိုချူ ချောက်လန်၊ ထန်ဖုန်၊ ထန်ဖိန်နှင့် အို့ရန်စန်းယိကို မယှဉ်နိုင်ကြောင်း တွေ့လာသည်။

သူချက်ချင်းပင် နောက်သို့ဆုတ်သည်။

မီးလျှာတစ်ခုလွှတ်ကာ တားဆီးသူကို တိုက်ခိုက်သည်။

ထန်ဖိန်၊ ထန်ဖန်းနှင့် ကျိုးချူးချောက်လန်တို့ ပြိုင်တူပင် လှုပ်ရှားသည်။

မီးဘုရင်ကို အသေအလဲ မုန်းတီးနေသဖြင့် လွှတ်မြောက်ခွင့်မပေး။

သို့သော်...ထန်ဖိန်နှင့် ထန်ဖန်းတို့၏ လက်နက်ပုန်းများက မီးလုံးများထဲတွင် ပျောက်ကွယ်ကုန်သည်။

ကျိုချူးချောက်လန်ကမူ မီးဘုရင်ကို လက်ထုတ်ဖမ်းချုပ်မိလိုက်၏။

သူ့ လက်ဖဝါးတစ်ခုလုံး မီးကျီခဲကို ဆုပ်ကိုင်ထားရသလို နာကျင်ပူလောင်လာသဖြင့် ကမန်းကတန်း ပြန်လွှတ်ပေးလိုက်ရ၏။

မီးဘုရင် တံခါးအပေါက်သို့ တိုးထွက်သည်။

Scanned with ACE Scanner

ထိုအချိန်မှာပင် အလင်းရောင်တစ်ချက် လက်သည်။

ကိုယ်တော်လေး လင်က ပိတ်ဆို့ တားဆီးလိုက်ခြင်းပင်တည်း။

သူ့ဓားချက်က မီးဘုရင်ကို အတိအကျပင် ထိခိုက်ဒဏ်ရာရစေသည်။

သူ့ဒဏ်ရာကလည်း မပေါ့။

ကျိုချန်စင်းတို့လည်း မီးဘုရင် ထွက်ပြေးသွားသည်နှင့် တည်းခိုဆိုင်ရှင်နှင့်အတူ အသေအလဲ တိုက်ခိုက်ကာ ဝန်းရံထားခြင်းမှ ထိုးဖောက်ထွက်သွားသည်။

ကိုယ်တော်လေးလင်က မတားဆီးတော့။

သူ့အတွင်းအားမှာ မီးတောက်၏ ပြင်းထန်မှုအရှိန်ကြောင့် ပြိုကွဲပျံ့နှံ့သွားရာ ချက်ချင်း ပြန်လည်စုစည်းရန် လိုအပ်သည်။

သူ့ဓားချက်တစ်ချက်သည် မီးဘုရင်ကို မိမိထက် ပိုမိုပြင်းထန်သော ဒဏ်ရာရသွားကြောင်း သူ အသေအချာသိသည်။

သို့သော် သူဂုဏ်မယူနိုင်။

မီးဘုရင်ကို သူတစ်ယောက်တည်း တိုက်ခိုက်ခြင်းမဟုတ်ဘဲ ထန်ဖေနှင့် ပူးပေါင်းတိုက်ခိုက်ခဲ့သဖြင့်သာ မီးဘုရင် ဒဏ်ရာရခြင်းဖြစ်သည်ဟု ဆိုနိုင်သည်။

ဩဇာအာဏာဂိုဏ်း၏ မီးဘုရင်ပင် ဤမျှ အစွမ်းအစရှိလျှင် လျှို့ရွှေဖုန်း၊ ကျောက်စုယုံနှင့် လီချိန်ကြီးတို့ဆိုလျှင် သူစဉ်းစား၍ပင် မရဲ။

"တို့ ဒီမှာရှိနေမှန်း မင်းတို့ဘယ်လိုလုပ်သိသလဲ"

ဩဇာအာဏာဂိုဏ်းသားများ ထွက်သွားကြပြီး အခြေအနေပြန်လည် တည်ငြိမ်လာလျှင် ကိုုချူးချောက်လန်က မေးသည်။

သူသည် လက်ဝါးနှစ်ဖက် မီးသင့်ခံရသလို ပူလောင်နာကျင်နေသော်လည်း ထိုမေးခွန်းမေးရန် သတိမမေ့။

သူတို့သည် သွေးကြောပိတ်ခံနေရသလို ရုပ်ဖျက်ပြုပြင်ခြင်းလည်း ခံထားရသဖြင့် ချူးနန်ကုတို့ မှတ်မိသိရှိနိုင်စရာ အကြောင်းမရှိ။

ထို့အတွက်ကြောင့် အံ့ဩစိတ်ဝင်စားကာ မေးမြန်းလိုက်ခြင်းဖြစ်သည်။

ထန်ဖေက သူ၏ ဝဖြိုးလွန်းသော ခန္ဓာကိုယ်ကြီး လှုပ်အောင်ရယ်မောလိုက်ပြီး ...

"ထန်မျိုးဆက်မှာ လျှို့ဝှက်ဆက်သွယ်နည်းရှိတယ်၊ စကားမပြောနိုင်၊ မလှုပ်ရှားနိုင်ပေမယ့် အချင်းချင်းသိအောင် အချက်ပေးလို့ရတယ်"

ကိုုချူးချောက်လန် စိတ်ဝင်စားသွားသည်။

ထန်ဖေ ဂုဏ်ယူဝံ့ကြွားသည့်အသွင်ဖြင့် ဆက်လက်၍ ...

"ကျွန်မ ဆိုင်ထဲကို စဝင်လာလာချင်း မမဖန်းက မျက်စိတစ်ဖက် မှိတ်ပြလိုက်တာကို တွေ့ရတယ်၊ နောက်တစ်ကြိမ် ထပ်မှိတ်ပြတဲ့ မျက်လုံးအစိပ္ပာယ်က သူ့ဘေးဘက်က လူဟာ တိုက်ခိုက်ရ ခက်ခဲတယ်လို့ အဓိပ္ပာယ်ရတယ်၊ ဒါကြောင့် ကျွန်မတို့ စတိုက်တာနဲ့ ဘေးလူမထိခိုက်အောင် တိုက်ခိုက်တာပဲ"

ထန်ဖန်းသည် ထန်မိသားစုတွင် အသက်ငယ်သော်လည်း

ထန်စွန့်လောင်၏ မျိုးရိုးမှ တိုက်ရိုက်ဆင်းသက်လာသောကြောင့် ဝါအလွန်ကြီးပေသည်။

ထန်ဖေကပင် မမဟု ခေါ်ပြောဆက်ဆံရသည်။

ထို့ပြင် ထန်ဖေသည် ထန်ဖန်းအား အလွန်ပင် ချစ်ခင်နှစ်သက်ပေရာ ထန်ဖန်း၏ အမူအရာ အပြောအဆို အပြုအမူတို့ကို ရင်းနှီးကျွမ်းဝင်နေသည်။

ထန်ဖန်း၏ မျက်လုံးကိုလည်း အမြဲတစေ မှတ်မိသိရှိနေခဲ့ပေသည်။

သို့အတွက် ထန်ဖန်း ရုပ်ဖျက်ထားခြင်း ခနေရသော်လည်း မျက်လုံးကမြင်သည်နှင့် ထန်ဖန်းမှန်းသိကာ အရင်ဦးဆုံး ကယ်တင်ပေးလိုက်ခြင်း ဖြစ်ပေသည်။

"ရှောက်ချူးရွှေ ... အစ်ကို ရှောက်ချူးရွှေ မသေသေးဘူး၊ ခုနက သူဒီအခန်းထဲကို ရောက်လာခဲ့သေးတယ်၊ ကျွန်မတို့ကို မမှတ်မိဘဲ ပြန်ထွက်သွားတယ်"

ထန်ဖန်းက ဝမ်းသာအားရပင် ချူးနန်ကုတို့ကို ပြောပြသည်။

ချူးနန်ကုနှင့် ထက်ဝင်းရွှဲ့မှာ တာတုပြောပြချက်အရ ရှောက်ချူးရွှေ မသေသေးကြောင်း သိထားသော်လည်း ထန်ဖန်းက ယခုပင် ရှောက်ချူးရွှေ လာခဲ့သေးသည်ဟု ပြောသောအခါ ဝမ်းသာ အံ့ဩမိကြသည်။

"ဟုတ်လား ... သူမသေသေးဘူးလား၊ အခု ဘယ်မှာလဲ"

ထက်ဝင်းရွှဲ့က အငမ်းမရ မေးသည်။

ချူးနန်ကုကလည်း ...

"အစ်ကိုကြီးရောက် အခုဘယ်မှာလဲ၊ ပြောစမ်းပါဦး၊ တို့ သွားတွေ့ကြရအောင်"

ထန်ဖန်းက ရုတ်တရက် မျက်နှာကလေး ညှိုးသွားသည်။

"သူ ထွက်သွားပြီ"

ရုတ်ခြည်းပင် မျက်လုံးအလင်းရောင်က ဝင်းလက်တောက်ပ လာပြန်သည်။

"ဒါပေမယ့် ကျွန်မတို့ သူ့ကိုသွားရှာကြမယ်"

"ဟုတ်တယ် ... တို့ သူ့ကို သွားရှာကြမယ်"

ချူးနန်ကုက အားတက်သရော ဝင်ပြောသည်။

ထန်ဖေက ဇဝေဇဝါ ဖြစ်ကာ ...

"ဘယ်ကိုသွားကြမှာလဲ"

သူ့စိတ်ထဲတွင် ရှောက်ချူးရွှေသည် လူအားလုံးကို အူမြူး ပျော်ရွှင်စေလောက်အောင် လွှမ်းမိုးထားနိုင်သည်ကို နားမလည်နိုင် အောင် ဖြစ်နေသည်။

ရှောက်ချူးရွှေကိုလည်း စိတ်ဝင်စားလာသည်။

"သွားရှာကြမယ်၊ ငါလည်း သူ့ကို သိပ်တွေ့ချင်နေတယ်"

ကိုယ်တော်လေးလင်က တည်ငြိမ်အေးဆေးစွာပင် ပြော၏။

သို့သော် သူ့မျက်လုံးအလင်းရောင်များက တက်ကြွလန်းဆန်း နေသည်။

"သူ ဘယ်ကိုသွားမယ်ထင်သလဲ"

ကိုယ်တော်လေး လင်က မေးသည်။

ကျိုချူးချောက်လန်က မဆိုင်းမတွပင် ...

Scanned with ACE Scanner

သူ အိမ်ကိုပြန်လိမ့်မယ်"

"ဟုတ်တယ် ... သူ အိမ်ကို မလွဲမသွေပြန်မှာပဲ၊ ငါတို့ စဲချွမ်းနယ် ပန်းချောင်းဓားဂိုဏ်း ရောက်ဂေဟာကို လိုက်သွားကြမယ်"

ထက်ဝင်းရွှနှင့် ချူးနန်ကုတို့ နှစ်ယောက် ပြိုင်တူပင် ဆုံးဖြတ်သည်။

သူတို့ တစ်ခဏမျှ အောင့်အည်းတုံ့ဆိုင်းမနေတော့။

တည်းခိုဆိုင်အတွင်းမှ ပြေးထွက်သွားကြတော့သည်။

ရောက်ချူးရွှေသည် တက်ကြွရွှင်လန်းစွာဖြင့် တည်းခိုဆိုင်ကလေးဆီသို့ လျှောက်လာခဲ့သည်။

တည်းခိုဆိုင်အတွင်းသို့ ဝင်မိသောအခါ သူ၏ တက်ကြွရွှင်လန်းစိတ်များ ကြက်ပျောက် ငှက်ပျောက် ပျောက်ကွယ်သွားသည်။

တည်းခိုဆိုင် တစ်ဆိုင်လုံးတွင် လူတစ်ယောက်မျှ မရှိတော့။

စားပွဲကုလားထိုင်များ ဖရိုဖရဲဖြစ်ကာ ပြန့်ကျဲနေသည်။

ထိုစားပွဲ ကုလားထိုင်များအကြားမှ လူတစ်ယောက်ကို တွေ့လိုက်ရသောအခါ သူနှလုံးသားတချို့သည် ပါးစပ်မှ ခုန်ထွက်ကျလုမတတ် ထိတ်လန့် အံ့သြသွားရတော့သည်။

သူတွေ့ရှိရသည့်လူက အသက်ရှိနေသော လူတစ်ယောက်မဟုတ်။ အသက်ပျောက်နေသော လူတစ်ယောက။

သူ ဓားစာခံ ခေါ်လာခဲ့သော ဩဇာအာဏာ ဂိုဏ်းသားချုန်မြောင်။

ချုန်မြောင်၏ တစ်ကိုယ်လုံး မီးလောင်ကျွမ်းကာ သေဆုံးခဲ့

ရသော်လည်း စားပွဲကုလားထိုင်များက မီးဒဏ် တစ်ချက် အသင့် မခံရ။

ထိုမျှ စွမ်းရည်မြင့်မားသော မီးအသုံးချမှုပညာကို မီးဘုရင်မှ တစ်ပါး တခြားသူ မစွမ်းဆောင်နိုင်ကြောင်း ရောက်ချူးရွှေ နားလည် သည်။

ဤနေရာတွင် မည်ကဲ့သို့သော အမှုအခင်း ကိစ္စများ ဖြစ်ပွား ခဲ့ရလေသနည်း။

မီးဘုရင် ကျူကျင်းချန့် ဘယ်ရောက်နေသလဲ။

ထန်ဖန်း ... ထန်ဖန်း မင်း ဘယ်ရောက်နေသလဲ။

မင်း ဘာတွေဖြစ်နေပြီလဲကွယ်။

ရောက်ချူးရွှေ ရင်ထဲတွင် စိုးရိမ်လှိုင်း ခတ်သွားသည်။

ထန်ဖန်းရယ် ... မင်း ဘယ်ရောက်နေ ရောက်နေ ကမ္ဘာအပြင် ဘက်ကိုပဲ ရောက်သွား ရောက်သွား ငါ မင်းကို လိုက်ရှာမယ်၊ ငါ့ အသက်ခန္ဓာ တည်နေသမျှ ကာလပတ်လုံး မင်းကို မတွေ့တွေ့အောင် လိုက်ရှာမယ်"

ရောက်ချူးရွှေ စိတ်ထဲက အဓိဋ္ဌာန်၍ ရေရွတ်နေမိသည်။

တည်းခိုဆောင်သည် သူ့အတွက် အထီးကျန်ကမ္ဘာတစ်ခုလို ဖြစ်လာသည်။ ထန်ဖန်း၏ အငွေ့အသက်ရှိနေခဲ့သော နေရာကလေး က သူ့ရင်ကို နွေးထွေးမှုမပေးဘဲ ပူလောင်နာကျင်သလို ခံစားလာ သည်။

ဆိုင်ကလေးထဲမှ လှည့်ထွက်သွားရန် ဟန်ပြင်မိသည်။

ထိုစဉ်မှာပင် သူ့မျက်လုံးက စားပွဲ ကုလားထိုင်များပေါ်သို့

အကြည့်ရောက်သည်။ နှားမွေးကဲ့သို့ သေးငယ်ချွန်မြသည့် အပ်ဆူး လက်နက်ပုန်းများကို သူမြင်မိသည်။ ဆိုင်နံရံများပေါ်မှ အပ် လက်နက်ပုန်းတို့ကို သူ ဂရုပြုမိသည်။

အပ်၏ အရောင်က ငွေရောင်လဲ့နေသော်လည်း စိမ်းပြာရောင်သမ်းနေသည်။

အဆိပ်ပါသော လက်နက်ပုန်း။

ထိုလက်နက်ပုန်း၏ ပြင်းထန်ထက်မြက်ပုံကို ရှောက်ချူးရွှေ သိသည်။

ထန်မျိုးနွယ် မိသားစုမှလွဲ၍ အခြားသူများ အသုံးမပြုကြောင်းကိုလည်း ရှောက်ချူးရွှေ နားလည်သည်။

ဤနေရာကို ထန်မျိုးနွယ် မိသားစုမှ နောက်ထပ် တစ်စုံတစ်ယောက် ရောက်လာခဲ့လေသလားဟု သူတွေးမိသည်။

သို့သော် ထိုအတွေးက သူသိရှိထားသည့် အချက်တစ်ချက်ကြောင့် အခိုင်အမာ ဖြစ်ပေါ်မလာ။

ထန်ဖန်း၏ လက်နက်ပုန်းသည် အမြဲတမ်း အဆိပ်မရှိသည်ကို သူ အသိဆုံး ဖြစ်သည်။

ထန်ဖန်းဆက်မိသားစု၏ လက်နက်ပုန်းမှ ဟုတ်ရဲ့လားဟု သူ သံသယတွေး တွေးမိပြန်သည်။

ထိုအတွေးနှင့်အတူ နံရံတစ်ခုပေါ်မှ လက်နက်ပုန်းတစ်ခုကို သူတွေ့လိုက်ရပြန်သည်။

ပန်းလက်နက်ပုန်း။

လက်နက်ပုန်းက ပန်းပွင့်တစ်ပွင့် ဖြစ်နေသည်။

သံနှင့် ပြုလုပ်ထားသော လက်နက်ပုန်း။

ပန်းပွင့်ကလေးက အလွန်ပင် လက်ရာကြွရှလှသည်။ ပွင့်ဖတ်ငါးခုပြန့်ကာ အလယ်တွင် ပန်းဝတ်ဆံအိမ်တစ်ခု ရှိသည်။ နောက်ထပ် ပွင့်ဖတ်ငါးခုက မပွင့်နိုင်ဘဲ ငုံအာနေသည်။

မြင်ရုံနှင့် စွဲမက်စရာကောင်းအောင် လှပနေသည့် ပန်းပွင့်လက်နက်ပုန်း။

သို့သော် ထိုပန်းပွင့် လက်နက်ပုန်း၏ ကြောက်စရာကောင်းပုံကို ရှောက်ချူးရွှေ ချက်ချင်းသိရှိလာသည်။

လက်နက်ပုန်း စိုက်ဝင်နေသည့် နံရံက ဟောင်းနွမ်းကာ အက် ကြောင်းများ ထနေသည်။

လက်နက်ပုန်းစိုက်ဝင်ရာ နေရာ၏ ဆယ်ပေပတ်လည်တွင် ထရံအက်ကြောင်းများရှိ ကင်းခြေများ နှစ်ကောင်၊ ပုရွက်ဆိတ်တစ်အုံ၊ ကြွက်တစ်ကောင် အားလုံး အသက်ပျောက်ကင်းနေသည်။

အထူးသဖြင့် ကြွက်၏ ခန္ဓာကိုယ်မှာ အသက်ပျောက်ရုံသာမက အမွေးအမှျင်များပင် ကျွတ်ထွက်နေသည်။ ကြွက်၏ ကိုယ်ပေါ်တွင် ဒဏ်ရာဒဏ်ချက် မရှိ။

လက်နက်ပုန်း ထိမှန်ခံရခြင်း မဟုတ်ကြောင်း တိကျသေချာသည်။

ရှောက်ချူးရွှေ ကြက်သီးမွေးညင်းများပင် ထသွားမိသည်။

ထိုလက်နက်ပုန်းမျိုးကို ကြားသာကြားဖူးသည်။ မမြင်ဖူး။

သူသာမက မဟာဓားသိုင်း ခုနစ်ဦးတွင် ပါဝင်သော သူ့ဖခင် ရှောက်စီးလိုသည်ပင် ကြားသာကြားဖူးသည်၊ မမြင်ဖူး။

မြင်ဖူးသူအားလုံး သေဆုံးသွားခဲ့ရပြီ ဖြစ်သည်။

ထိုလက်နက်ပုန်းအမည်ကို ရှောက်ချူးရွှေ သိသည်။

ထန်မျိုးနွယ် ပန်းလက်နက်ပုန်း။

သို့ဆိုလျှင် ဤတည်းခိုဆိုင်လေးအတွင်းသို့ ထန်မျိုးဆက် မိသားစုမှ အဆင့်မြင့်သိုင်းသမား လာရောက်ခဲ့ဖူးမည်။

တည်းခိုဆိုင်တွင် တိုက်ပွဲဖြစ်ပွားခဲ့ဖူးမည်။

ထို့ပြင် ...

အလောတကြီး နောက်ဆုတ်သွားခဲ့ရသဖြင့် လက်နက်ပုန်းကို ပင် ပြန်လည်သိမ်းယူမသွားနိုင်ခဲ့။

သားအမိဝိညာဉ်ဓွာမြားသည် ထူးခြားထက်မြက်သော လက် နက်ပုန်း ပညာတစ်မျိုးဖြစ်သော်လည်း လျှို့ဝှက်သိုသပ်သော လက် နက်ပုန်းဟု မခေါ်ဆိုနိုင်။

တွေ့ဖူး မြင်ဖူးသူများ ရှိကြသည်။

ဤပန်းလက်နက်ပုန်းကား ထန်မျိုးဆက်နွယ် မိသားစု၏ လျှို့ဝှက်သိုသိပ်သော လက်နက်ပုန်း။

အသက်ရှင်လျက်ရှိသော မြင်ခွင့်မရှိသော ပစ်မလွဲ လက်နက် ပုန်း။

ထိုလက်နက်ပုန်းကိုပင် အခြားသူများ မမြင်အောင် ပြန်လည် သိမ်းဆည်းသွားခြင်း မပြုနိုင်လျှင် မည်မျှ အရေးတကြီး ဖြစ်နေရ လေသနည်း။

ရှောက်ချူးရွှေ ခေါင်းထဲ စိကာစဉ်ကာ တွေးတောရင်း စိုးရိမ် စိတ်က ထောင်သောင်းမက တိုးပွားလာပြန်သည်။

ထန်ဖန်း ... ထန်ဖန်း ... ဘာဖြစ်နေပြီလဲ။
ရောက်ချူးရွှေ နလုံးသွေးများ ဆူပွက်လာသည်။
တည်းခိုဆိုင်ကို နောက်ဆုံးအဖြစ် သူကြည့်လိုက်သည်။
ထို့နောက် ...
ချာခန် လှည့်ထွက်လာခဲ့တော့သည်။

**ပန်းစကြာ ဓားသမား စာစဉ်(၇)ကို**
**ဆက်လက်ဖတ်ရှုပါရန်**

တက္ကသိုလ် ဝင်းကြွယ်

Scanned with ACE Scanner